**မြဝတီ** နေ့စဉ်

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၉၀)

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်
၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်၊ တနင်္လာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဉ့်၌ထွန်းလင်း၏။ မင်းသည်ချပ်ဝတ်တန်ဆာဆင်သော် တောက်ပ၏။ ဗြာဟ္မဏသည်ဈာန်ဝင်စားသော်တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဉ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၂၈ / ၂၀၂၆ )**
၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်
( ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက် )

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ ( ခ ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ်/ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ရန်ကုန်တိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁) | ဒေါက်တာ မေသန်းနွယ် | ၁၂/တမန(နိုင်)၀၄၁၃၉၆ | ဒဂုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

စာမျက်နှာ ၃ ကော်လံ ၁ ❐

**အပြည်ပြည်ဆိုင်ရာတရားရုံး၌ ဂမ်ဘီယာနှင့် မြန်မာတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲသို့ တက်ရောက် တုံ့ပြန်ချေပလျှောက်လဲခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ**

စာ - ၁၆ သို့

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် MSME လုပ်ငန်းရှင်များအတွက် လုပ်ငန်းစီးပွားချိတ်ဆက်မှုပြခန်းပါဝင်မည်

နေပြည်တော် ဖေဖော်ဝါရီ ၁

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်)တွင် MSME လုပ်ငန်းရှင်များအတွက် လုပ်ငန်းစီးပွားချိတ်ဆက်မှုပြခန်း (Business Matching Hall) ပါဝင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

"အဓိကကတော့ နိုင်ငံတော်က MSME လုပ်ငန်းရှင်တွေကို ပြည်တွင်းပြည်ပဈေးကွက်အခွင့်အလမ်းတွေရရှိစေဖို့ ရည်ရွယ်တာပါ။ ဒီပြပွဲနဲ့အတူ ပြည်တွင်းဈေးကွက်ချိတ်ဆက်မှု၊ ပြည်ပဈေးကွက်ချိတ်ဆက်မှု၊ ရင်းနှီးမတည်ငွေရရှိရေးအတွက် ချိတ်ဆက်မှုအပြင် သက်ဆိုင်ရာ အစိုးရဌာနတွေကနေ သတင်းအချက်အလက်တွေကိုမျှဝေပေးမယ့် အစီအစဉ်တွေပါဝင်ပါတယ်။ ပြည်တွင်းဈေးကွက်ချိတ်ဆက်မှုအနေနဲ့ MSME လုပ်ငန်းတွေက ထုတ်လုပ်ထားတဲ့ ထုတ်ကုန်ပစ္စည်းတွေကို ပြည်တွင်းမှာရှိတဲ့ Modern စတိုးတွေ၊

စာမျက်နှာ ၅ ကော်လံ ၁ →




ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀



## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်)

# နိုင်ငံတော်အတွက်အခိုင်မာဆုံးသောအဖွဲ့အစည်း

မြန်မာ့သမိုင်းကိုလေ့လာကြည့်ပါက တပ်မတော်သည် နိုင်ငံ့လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် စတင်ပေါ်ထွန်းလာခဲ့ပြီး နိုင်ငံတော်တွင်အခက်အခဲနှင့်ကြုံလေတိုင်း တပ်မတော်က မားမားမတ်မတ်ရပ်တည်ကာ နိုင်ငံတော်၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကိုဦးဆောင်ခဲ့ရသည်။ နိုင်ငံတော်၏ ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းနောက်ခံအကြောင်းအရာများကို မှန်မှန်ကန်ကန် သိမြင်ရှုမြင်သုံးသပ်နိုင်ရေးအတွက် စာပေများဖတ်ရှုကြရမည်ဖြစ်သည်။ တပ်မတော်၏ အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍတွင်ပါဝင်နေရမှု၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ခေတ်အဆက်ဆက်ဆောင်ရွက်ချက် သမိုင်းကြောင်းများ လေ့လာကြရမည်ဖြစ်သည်။ နိုင်ငံတော်ကိုဦးဆောင်ခဲ့ကြသည့် နိုင်ငံ့ခေါင်းဆောင်ကြီးများ၏ သမိုင်းကြောင်းများကိုလည်း လေ့လာကြရန်လိုသည်။ ထိုသို့မိမိတို့နိုင်ငံ၏သမိုင်းကြောင်းများကို ဖတ်ရှုလေ့လာခြင်းဖြင့် မိမိတို့တပ်မတော်၏တာဝန်ထမ်းဆောင်ရမှုများကိုလည်း မှန်မှန်ကန်ကန်ဖြင့် သိရှိနားလည်လာမည်ဖြစ်သည်။

နိုင်ငံတော်ကိုပြည်ပရန်မှကာကွယ်ရေးအတွက် တပ်မတော်ကိုစဉ်ဆက်မပြတ်စွမ်းရည်၊ စွမ်းပကားများ မြှင့်တင်နေရမည်ဖြစ်သည်။ တပ်မတော်သားများအနေဖြင့် မိမိတို့အားပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများ ကျန်းမာကြံ့ခိုင်နေရမည်ဖြစ်သည်။ အရည်အချင်းပြည့်ဝသည့်တပ်မတော်၊ တိုက်စွမ်းရည်၊ တိုက်စွမ်းအားရှိသည့်တပ်မတော်ဖြစ်ရမည်ဖြစ်သည်။ ထိုသို့အရည်အချင်းပြည့်ဝရန်အတွက် လေ့ကျင့်သားပြည့်ဝနေရန်လိုပြီး တပ်မတော်သားတစ်ဦးချင်းအနေဖြင့် ကျန်းမာကြံ့ခိုင်ရမည်၊ တိုက်ရည်ခိုက်ရည်ရှိရမည်၊ ရဲစွမ်းသတ္တိရှိရမည်၊ စစ်နည်းဗျူဟာနှင့် စစ်လက်နက် ပစ္စည်းများအပေါ် ကျွမ်းကျင်မှုရှိရမည်ဖြစ်သည်။ တပ်မတော်သားတစ်ဦးချင်းစီအလိုက်၊ တပ်၊ ဌာနချုပ်များ အလိုက် တိုက်ပွဲဝင်အသင့်ဖြစ်စေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်သည်။

တပ်မတော်သည် နိုင်ငံတော်တွင် အခိုင်အမာဆုံးသောအဖွဲ့အစည်းဖြစ်ပြီး လွတ်လပ်ရေးရရှိချိန်မှ ယနေ့အချိန်အထိ တည်ရှိနေသည့်အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ နိုင်ငံတော်တွင် နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများမည်သို့ပင်ပြောင်းလဲခဲ့သည်ဖြစ်သော်လည်း တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဒွိတာဝန်အရေးသုံးပါးဦးထိပ်ထားလျက် ယနေ့ထက်တိုင် မမှိတ်မသုန်ထမ်းဆောင်နေခြင်းဖြစ်သည်။ တပ်မတော်၏အဓိကတာဝန်သည် နိုင်ငံတော်၏ ပြည်ပရန်ကာကွယ်ရေးနှင့် ပြည်တွင်းလုံခြုံရေးကို ဆောင်ရွက်ရခြင်းဖြစ်သည်။ သို့သော်လည်း လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ ဖြစ်ပေါ်လာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများကြောင့် သောင်းကျန်းမှုနှိမ်နင်းရေးစစ်ဆင်ရေးများကို ခေတ်အဆက်ဆက်ဆောင်ရွက်ခဲ့ရသည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇန်နဝါရီလ ၂၅ ရက်က အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ၌ မန္တလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ် **"မိမိအနေဖြင့် နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်တွင် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ကြေးများနှင့် သက်စွန့်ဆံဖျားစရိတ်များ တိုးမြှင့်ဆောင်ရွက်ပေးခဲ့ကြောင်း၊ တပ်မတော်သားမိသားစုဝင်များ၏ နေရေး၊ စားရေးနှင့်ဝတ်ရေးကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက်လည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိနေကြောင်း၊ တပ်မတော်အကြီးအကဲတစ်ဦးအနေဖြင့် မိမိဦးဆောင်ကွပ်ကဲအုပ်ချုပ်နေရသည့်အဖွဲ့အစည်းနှင့် မိမိတပ်ဖွဲ့ဝင်များကို မည်ကဲ့သို့မြှင့်တင်ဆောင်ရွက်ပေးရမည်ကို အမြဲမပြတ်စဉ်းစား၍ လိုအပ်သည်များ စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်တွင်ကျရောက်လာနိုင်သည့် မည်သည့်အန္တရာယ်ရန်စွယ်ကိုမဆို ကာကွယ်ရန်တာဝန်ရှိသည်ဖြစ်သဖြင့် စွမ်းရည်စွမ်းအားရှိသည့်တပ်မတော်ဖြစ်စေရေး ဆက်လက်ကြိုးပမ်းတည်ဆောက်သွားကြရမည်ဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

တပ်မတော်သားများအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုထမ်းဆောင်ရာတွင် ကံ၊ ဉာဏ်၊ ဝီရိယများပေါင်းစပ်၍ မိမိအားပေးအပ်ထားသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ကြရမည်ဖြစ်သည်။ မိမိတို့ကိုသင်ကြားပေးထားသည့် စစ်အတတ်ပညာများကို ဉာဏ်ဖြင့်သုံးသပ်ဆင်ခြင်၍ ကျွမ်းကျွမ်းကျင်ကျင်အသုံးချနိုင်ရမည်ဖြစ်သည်။ **"လေ့ကျင့်မှုကျွမ်းကျင်၊ ကျွမ်းကျင်မှယုံကြည်၊ ယုံကြည်မှရဲရင့်၊ ရဲရင့်မှအောင်ပွဲဆင်"** ဆိုသည့်အတိုင်း ကျင့်ကြံနေထိုင်ကြရမည်ဖြစ်သည်။ ထို့ပြင် စစ်သည်တစ်ဦးချင်းစီအလိုက် စစ်သားကောင်းတစ်ယောက်ပီသစွာ တာဝန်ထမ်းဆောင်ပြီး တပ်မတော်ဂုဏ်ကိုမြှင့်တင်ကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်မှသာလျှင် တစ်ဦးချင်းစီ၏အရည်အသွေးများတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များကိုလည်း ကျေပွန်စွာထမ်းဆောင်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။
၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။
၃။ နိုင်ငံတော်အတွင်းတရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။
၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။
၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီး မျက်နှာတော်သစ်ပူဇော်ခြင်းနှင့် ရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ

**လားရှိုး ဖေဖော်ဝါရီ ၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီး ပရိဝုဏ်အတွင်း၌ ဖေဖော်ဝါရီလ ၁ ရက် (တပို့တွဲလပြည့်နေ့) နံနက်ပိုင်းတွင် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီး မျက်နှာတော်သစ်ပူဇော်ခြင်းနှင့် ရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတက်ရောက်လာကြသည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးအား မျက်နှာတော်သစ်ပူဇော်ခြင်းနှင့် ရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းတို့ဆောင်ရွက်ပြီး ဆီမီး၊ ပန်း၊ ရေချမ်း၊ ဆွမ်းနှင့်သစ်သီးများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသည့် ဒသ္ဒပရိသတ်များက မြတ်စွာဘုရားနှင့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား "ဩကာသ" ကန်တော့ချိုးဖြင့်ရှိခိုးကန်တော့ပြီး ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက်ဆရာတော်၊သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

လူမော်(ပြန်/ဆက်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၂-၂၀၂၆(တနင်္လာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် | ၈။ | ၁၄:၀၀ | Movie & Movies |
| ၂။ | ၀၇:၂၀ | မြန်မာသံစဉ်ချိုနားဝင် | ၉။ | ၁၅:၀၀ | ပန်းပေါင်းစုံစွာအနုပညာ |
| ၃။ | ၀၈:၀၀ | မောင်မယ်လေးများသိစေချင် | ၁၀။ | ၁၆:၀၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၄။ | ၁၀:၀၀ | တစ်ပတ်အတွင်း နိုင်ငံတကာသတင်း | ၁၁။ | ၁၉:၀၀ | **CGTN Nature အပိုင်း(၃၂)** |
| ၅။ | ၁၁:၀၀ | တစ်ချိန်ကသူတို့အကြောင်း | ၁၂။ | ၂၀:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု | ၁၃။ | ည ၈ နာရီ သတင်း အပြီး | နိုင်ငံတကာသတင်း |
| | | | ၁၄။ | | မျှဝေဆွေးနွေးအနာဂတ်အရေး |
| ၇။ | ၁၃:၀၀ | လူတိုင်းကျန်းမာသိမှတ်စရာ | ၁၅။ | | တရားတော် |


မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၂၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

❐ ရှေ့ဖုံးမှအဆက်

| | | | |
|---|---|---|---|
| (၂) ဦးညီညီသွယ် | ၁၂/လမတ(နိုင်)၀၀၀၃၀၇ | လမ်းမတော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃) ဒေါ်အေးအေးမြင့် | ၁၂/ဆကခ(နိုင်)၀၁၅၉၈၂ | ဆိပ်ကြီး/ခနောင်တို မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄) ဒေါ်ဆွေဆွေဝင်း | ၁၂/ဒလန(နိုင်)၀၀၉၁၅၇ | ဒလမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅) ဦးဖွဲ့ရန်နိုင်(ခ) ဦးကိုကိုဇော် | ၁၂/ဒဂမ(နိုင်)၀၀၉၂၈၆ | ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆) ဦးသိန်းကျော် | ၁၂/ကတတ(နိုင်)၀၂၁၉၈၀ | ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇) ဦးတင်ရှိန် | ၁၂/မဂတ(နိုင်)၀၀၄၈၈၃ | မင်္ဂလာတောင်ညွန့် မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈) ဦးငွေအောင် | ၅/ကသန(နိုင်)၀၂၄၆၂၈ | သာကေတမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၉) ဒေါ်ဝင်းဝင်းအောင် | ၁၂/ဥကမ(နိုင်)၀၁၆၃၁၃ | မြောက်ဥက္ကလာပ မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၀) ဒေါက်တာထူးမောင် | ၅/ရဥန(နိုင်)၀၁၇၇၃၉ | တာမွေမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၁) ဦးချစ်ကိုကို | ၁၂/ဒဂန(နိုင်)၀၀၂၂၂၅ | ရန်ကင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၂) ဒေါ်အေးမင်းမိုး | ၁၂/ကတန(နိုင်)၀၀၀၃၁၁ | ကျောက်တန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၃) ဦးအေးသိန်း | ၁၂/ခရန(နိုင်)၀၀၇၁၆၉ | ခရမ်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၄) ဒေါ်ခင်မြတ်စု | ၁၂/သခန(နိုင်)၀၃၈၂၅၁ | သုံးခွမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၅) ဦးမျိုးမြင့် | ၁၂/စခန(နိုင်)၀၀၄၇၇၅ | စမ်းချောင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၆) ဦးမင်းမင်း | ၁၂/ခရန(နိုင်)၀၇၃၁၄၁ | လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၇) ဦးကြည်စိုး | ၁၂/သခန(နိုင်)၀၂၆၆၆၄ | လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

**ရန်ကုန်တိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၁ )**

| | | | |
|---|---|---|---|
| (၁၈) ဦးကျော်ကျော်စိုး | ၈/ငဖန(နိုင်)၀၁၁၇၉၉ | မြောက်ဥက္ကလာပ မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၉) ဦးထင်ကျော်သူ | ၁၂/လကန(နိုင်)၀၂၂၂၀၂ | မရမ်းကုန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၀) ဦးစံကျော် | ၁၂/ဆကန(နိုင်)၀၀၀၈၄၃ | လှိုင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၁) ဒေါ်သင်းသင်းမိုး | ၁၂/မဘန(နိုင်)၀၂၁၉၀၄ | ကြည့်မြင်တိုင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၂) ဦးထင်လင်းကျော် | ၁၂/သဃက(နိုင်)၁၆၁၀၀၁ | စမ်းချောင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၃) ဒေါ်ခိုင်ဆုရည်ဇော် | ၁၂/စခန(နိုင်)၀၆၅၄၁၂ | ဗဟန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၄) ဦးကျော်လင်း | ၁၂/လမတ(နိုင်)၀၁၆၆၅၂ | ကမာရွတ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်သူ့ပါတီ |
| (၂၅) ဦးအောင်ခိုင်ဦး | ၅/ကဘလ(နိုင်)၀၀၆၅၆၃ | အလုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်သူ့ပါတီ |
| (၂၆) ဒေါ်စောစောဦး | ၁၂/လသန(နိုင်)၀၀၃၉၄၁ | လမ်းမတော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၂၇) ဦးသန်းထွေး | ၁၂/ပဘတ(နိုင်)၀၀၈၆၂၇ | ပန်းဘဲတန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၂၈) ဦးကျော်မင်းထက် | ၈/သရန(နိုင်)၀၉၈၅၁၂ | ကျောက်တံတား မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |
| (၂၉) ဒေါက်တာ တင်အောင်ခိုင် | ၁၂/တမန(နိုင်)၀၁၇၀၂၀ | ဒဂုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |
| (၃၀) ဒေါ်အေးမြသဲဖြူ | ၁၄/ဖပန(နိုင်)၀၉၄၈၅၃ | လသာမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |

**ရန်ကုန်တိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၂ )**

| | | | |
|---|---|---|---|
| (၃၁) ဦးဇော်မိုးထက် | ၁၀/ကထန(နိုင်)၀၆၇၇၀၉ | ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၂) ဒေါ်စန်းစန်းဝင်း | ၁၂/သဃက(နိုင်)၀၁၅၅၅၉ | ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၃) ဒေါ်ဥမ္မာအောင်(ခ) ဂျာတောင် | ၁၂/ဒဂန(နိုင်)၀၂၉၁၈၄ | သဃ်န်းကျွန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၄) ဦးသော်တာ | ၁၂/သဃက(နိုင်)၀၇၅၈၅၇ | ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ကိုယ်စားလှယ် အမှတ်(၂) | ပြည်သူ့ပါတီ |
| (၃၅) ဦးဝင်းထိန် | ၁၂/တမန(နိုင်)၀၆၀၁၉၃ | ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၃၆) ဒေါ်မိုးသူဇာ | ၇/ပခန(နိုင်)၂၄၄၀၅၈ | တောင်ဥက္ကလာပ မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |
| (၃၇) ဦးဉာဏ်ထက်ခိုင် | ၁၂/ကမတ(နိုင်)၀၆၄၈၃၁ | တာမွေမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |
| (၃၈) ဦးဇော်တင် | ၁၂/ဗတထ(နိုင်)၀၀၉၆၉၁ | ရန်ကင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | မြန်မာနိုင်ငံတောင်သူ လယ်သမားဖွံ့ဖြိုး တိုးတက်ရေးပါတီ |

**ရန်ကုန်တိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၃ )**

| | | | |
|---|---|---|---|
| (၃၉) ဦးသန့်စင်ကျော် | ၁၃/လရန(နိုင်)၁၀၄၃၇၀ | လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၀) ဦးနေလင်းထွန်း | ၁၂/ကတန(နိုင်)၀၆၇၀၂၆ | လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၁) ဦးဝင်းထွန်းနိုင်(ခ) ရွှေဘော် | ၁၂/ကမန(နိုင်)၀၆၆၂၁၀ | အင်းစိန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

**စာမျက်နှာ ၄ သို့** ❐

❒ စာမျက်နှာ ၃ မှအဆက်

| | | | |
|---|---|---|---|
| (၄၂) ဒေါ်စုစုမင်း | ၁၂/ဆကခ(နိုင်)၀၀၉၅၈၅ | တွံတေးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၃) ဦးသန်းဦး | ၇/သကန(နိုင်)၀၀၀၀၇၈ | ဒလမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) | ၈၈မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီ |
| (၄၄) ဦးလေးစိုး | ၁၂/ဗတထ(နိုင်)၀၂၀၉၁၂ | ကော့မှူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) | ၈၈မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီ |
| (၄၅) ဒေါ်စန္ဒာဝင်း | ၁၂/ပဇတ(နိုင်)၀၀၂၂၀၇ | ကွမ်းခြံကုန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ပါတီ |
| (၄၆) ဦးဝင်းကျော်ဦး | ၁၀/မလမ(နိုင်)၁၄၁၃၂၉ | ဆိပ်ကြီး/ခနောင်တိုမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |

**ရန်ကုန်တိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၄ )**

| | | | |
|---|---|---|---|
| (၄၇) ဦးမျိုးသော် | ၁၂/ဗတထ(နိုင်)၀၃၂၃၇၆ | သန်လျင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၈) ဦးအောင်နိုင် | ၁၂/ကကက(နိုင်)၀၀၀၆၆၁ | ကိုကိုးကျွန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၉) ဦးလှဝင်းမောင် | ၉/မနမ(နိုင်)၀၈၉၄၂၄ | သာကေတမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၀) ဦးမျိုးမြင့် | ၁၂/ကတန(နိုင်)၀၁၇၀၇၃ | ကျောက်တန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၁) ဦးဗိုလ်ဗိုလ်ခင်မောင်တင့် | ၁၂/မဂတ(နိုင်)၀၈၆၂၀၀ | ခရမ်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၂) ဦးလှဌေး | ၁၂/မဂတ(နိုင်)၀၄၇၉၄၂ | သုံးခွမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ပါတီ |
| (၅၃) ဦးဝေယံပိုင် | ၁၂/သလန(နိုင်)၁၂၈၃၈၄ | မင်္ဂလာတောင်ညွန့်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ပါတီ |
| (၅၄) ဦးစိုးဦး | ၁၂/လကန(နိုင်)၀၃၅၄၂၈ | ဒေါပုံမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |
| (၅၅) ဦးစိုးမြင့် | ၅/ကဘလ(နိုင်)၀၉၆၈၄၀ | ပုဇွန်တောင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |
| (၅၆) ဦးစိုင်းအောင်မြင့်ခိုင် | ၁၃/လခတ(နိုင်)၀၀၄၆၈၉ | ဗိုလ်တထောင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ (အပိုင်း ၃)
# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်း အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | |
| ၁ | ဒဂုံမြို့နယ် | | | ၈၀၈၇ | ၁၂၃၅ | ၉၃၂၂ | |
| | | ဒေါက်တာမေသန်းနွယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၂၄၈ | ၁၀၆၈ | ၆၃၁၆ | ၆၇.၇၅% |
| | | ဒေါ်စိုးစိုးနှင်း | ပြည်သူ့ပါတီ | ၁၁၆၀ | ၆၅ | ၁၂၂၅ | ၁၃.၁၄% |
| | | ဦးသီဟစိုးအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၉၁၈ | ၅၈ | ၉၇၆ | ၁၀.၄၇% |
| | | ဦးအောင်ကိုဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၆၁ | ၄၄ | ၈၀၅ | ၈.၆၄% |
| ၂ | လမ်းမတော်မြို့နယ် | | | ၇၈၄၃ | ၁၃၈၄ | ၉၂၂၇ | |
| | | ဦးညီညီသွယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၅၃၇ | ၉၆၄ | ၄၅၀၁ | ၄၈.၇၈% |
| | | ဒေါက်တာဥမ္မာကြည် | ပြည်သူ့ပါတီ | ၃၁၈၅ | ၂၈၆ | ၃၄၇၁ | ၃၇.၆၂% |
| | | ဦးတင်ဌေး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၁၂၁ | ၁၃၄ | ၁၂၅၅ | ၁၃.၆၀% |
| ၃ | ဆိပ်ကြီး/ခနောင်တိုမြို့နယ် | | | ၁၄၂၆၂ | ၁၄၉၀ | ၁၅၇၅၂ | |
| | | ဒေါ်အေးအေးမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၉၅၈ | ၁၀၀၃ | ၆၉၆၁ | ၄၄.၁၉% |
| | | ဦးနေဦး | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၆၀၇ | ၁၉၉ | ၂၈၀၆ | ၁၇.၈၁% |
| | | ဒေါ်ဥမ္မာလွင် | ၈၈မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | ၂၀၄၄ | ၁၀၄ | ၂၁၄၈ | ၁၃.၆၄% |
| | | ဒေါ်မြင့်မြင့်မူ | ပြည်သူ့ပါတီ | ၁၄၀၃ | ၇၈ | ၁၄၈၁ | ၉.၄၀% |
| | | ဒေါ်ပြုံးပြုံးလွင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၅၀ | ၄၁ | ၈၉၁ | ၅.၆၆% |
| | | ဒေါ်နော်လင်းသိင်္ဂီထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၃၉ | ၄၀ | ၈၇၉ | ၅.၅၈% |
| | | ဦးသူရအေး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၆၁ | ၂၅ | ၅၈၆ | ၃.၇၂% |
| ၄ | ဒလမြို့နယ် | | | ၄၆၉၂၅ | ၈၈၃၇ | ၅၅၇၆၂ | |
| | | ဒေါ်ဆွေဆွေဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၂၂၉၉ | ၇၇၄၄ | ၃၀၀၄၃ | ၅၃.၈၈% |
| | | ဦးစည်သူထွန်း | ၈၈မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | ၉၉၂၃ | ၄၅၀ | ၁၀၃၇၃ | ၁၈.၆၀% |
| | | ဦးမင်းကိုမောင် | ပြည်သူ့ပါတီ | ၄၂၁၂ | ၁၅၂ | ၄၃၆၄ | ၇.၈၃% |
| | | ဦးဗိုလ်ဇင်ဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၈၀၃ | ၂၃၆ | ၄၀၃၉ | ၇.၂၄% |
| | | ဦးနေမျိုးဇော် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၇၈၈ | ၁၀၆ | ၂၈၉၄ | ၅.၁၉% |
| | | ဦးသက်ဖြိုးဝေ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၄၈၀ | ၉၈ | ၂၅၇၈ | ၄.၆၂% |
| | | ဦးဖြိုးငယ် | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၄၂၀ | ၅၁ | ၁၄၇၁ | ၂.၆၄% |
| ၅ | ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် | | | ၅၃၀၂၄ | ၂၄၄၅ | ၅၅၅၆၉ | |
| | | ဦးဇွဲရန်နိုင်(ခ) ဦးကိုကိုဇော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၁၆၂၇ | ၁၆၉၀ | ၂၃၃၁၇ | ၄၁.၉၆% |

စာမျက်နှာ ၇ သို့ ●

# ရွှေတိဂုံစေတီတော်နှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့၌ တပို့တွဲလပြည့်နေ့ ဩဝါဒပါတိမောက်အခါတော်နေ့အခမ်းအနားများကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၁

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၇ ခုနှစ် တပို့တွဲလပြည့်နေ့ ဩဝါဒပါတိမောက် အခါတော်နေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင်စေတီတော်ရင်ပြင်ရှိသတ်မှတ် နေရာများ၌ ကျင်းပသည်။

ဦးစွာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့ဝင်များနှင့် ဂေါပကရုံး ဝန်ထမ်းများက ညှိခံတန်ဆောင်း၌ ရွှေတိဂုံ စေတီတော်မြတ်ကြီးအား ထမနဲဆွမ်းတော် ကြီးနှင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြပြီး စိန်ရောင်ခြည် ဘုရားပင့်ဂါထာဖြင့်ဘုရားရှင်ကိုပင့်လျှောက် ခြင်း၊ နတ်ဖြဟ္မာများကို ဖိတ်ကြားခြင်း၊ ရွှေတိဂုံဘုရားရှိခိုးဂါထာတော်ဖြင့် ရှိခိုး ပူဇော်ခြင်း၊ မဟာသမယသုတ်ပါဠိတော်ကို စုပေါင်းရွတ်ဖတ်ပူဇော်ခြင်း၊ ဆုတောင်း၊ အမျှဝေ၊ သာဓုခေါ်ဆိုခြင်း၊ နတ်ဖြဟ္မာများကို ပြန်လည်ပို့ဆောင်ခြင်းတို့ဆောင်ရွက်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဩဝါဒ စရိယဆရာတော်ကြီးများနှင့် ပင့်သံဃာ တော်များအား စေတီတော်ရှိရောင်တော်ပွင့် တန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များက အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ထမနဲဆွမ်းတော်ကြီး လောင်းလှူပွဲကိုကျင်းပရာ ဩဝါဒစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော် ၄၆ ပါးတို့အား ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင် များက ထမနဲဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြပြီး ဆရာတော်ဘဒ္ဒန္တနာဂိတ ထံမှ သီလခံယူဆောက်တည်ကြကာ ဆရာ တော်ကြီးများနှင့် ပင့်သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် လှုရတနာဆရာတော်ထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေ ကြသည်။

ထို့အတူ သီရိမင်္ဂလာကမ္ဘာအေးစေတီ တော်ဂေါပကအဖွဲ့ကလည်း တပို့တွဲလပြည့် နေ့ ဩဝါဒပါတိမောက်အခါတော်နေ့အခမ်း အနားကိုယနေ့နံနက်ပိုင်းတွင်ထုံးတမ်းအစဉ် အလာများနှင့်အညီ ဂေါပကအဖွဲ့ရုံး အာရုံခံ တန်ဆောင်း၌ ကျင်းပခဲ့ကြောင်း သတင်း ရရှိသည်။

ကိုကိုဇော်-MNA

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အား စည်ကားသိုက်မြိုက်စွာ အောင်မြင်စွာကျင်းပနိုင်ရန်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှထုတ်လုပ်သည့် MSME ထုတ်ကုန်ပစ္စည်းများ စုံလင်စွာပြသရောင်းချနိုင်ရေးပြင်ဆင်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ပြည်ထောင်စု အဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်း ပွဲတော်(နေပြည်တော်)ကျင်းပနိုင်ရေးအတွက် နေပြည်တော်တွင် ရောက်ရှိနေသည့် တိုင်း ဒေသကြီး/ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးဌာနမှူးများနှင့် တွေ့ဆုံခြင်းအခမ်းအနားကို ယနေ့ညနေ ပိုင်းတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပမည့် နေပြည်တော်ရင်ပြင်ရှိ ယာယီကွပ်ကဲရေးရုံး၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြား ရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်သည်။





အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန် ပြပွဲနှင့် ဈေးရောင်းပွဲတော်အား စည်ကား သိုက်မြိုက်စွာ အောင်မြင်စွာကျင်းပ နိုင်ရန်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှထုတ်လုပ်သည့် MSME ထုတ်ကုန်ပစ္စည်းများ စုံလင်စွာပြသရောင်းချ နိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီး ဌာန ဦးစီးဌာနမှူးများနှင့် တွေ့ဆုံညှိနှိုင်းခြင်း ဖြစ်ကြောင်း၊ ယခုကျင်းပသည့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်သည် သာမန်ထုတ်ကုန်ပစ္စည်းပြသခြင်း၊ ရောင်းချ ခြင်းမဟုတ်ဘဲ နိုင်ငံတော်အကြီးအကဲ၏ ချမှတ်ထားသည့် မူဝါဒကို အကောင်အထည် ဖော် လက်တွေ့ပြသသည့် အမျိုးသား အဆင့်ပြပွဲတစ်ခုဖြစ်သဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးများအနေဖြင့် လုပ်ငန်း တာဝန်များကို အလေးထားဆောင်ရွက်ရ မည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော် ပြီးစီးသွားသည်နှင့် ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်များ ပြီးစီးခြင်းမဟုတ်ဘဲ ထုတ်ကုန်များအား ဝယ်ယူသူများနှင့် ချိတ်ဆက်ရောင်းချနိုင်ရေးတို့ကို ဆက်လက် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ နှင့် ဈေးရောင်းပွဲတော်ကို ကျင်းပမည်ဖြစ်၍ ပြည်ထောင်စုအဆင့်နှင့်လျော်ညီအောင် ချိတ်ဆက်ပူးပေါင်း၍ ကြိုးစားဆောင် ရွက်သွားရမည်ဖြစ်ကြောင်း မှာကြား သည်။

ဆက်လက်၍ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ နှင့် ဈေးရောင်းပွဲတော်ကျင်းပနိုင်ရေး စီစဉ် ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးဌာနမှူးများက တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ခင်းကျင်းပြသရောင်းချ သွားမည့်အခြေအနေတို့ကို အသီးသီး ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီး က နိဂုံးချုပ်အမှာစကားပြောကြား၍ အခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

မြဝတီ

→ ရှေ့ဖုံးမှအဆက်

လက်လီ/လက်ကားဆိုင်တွေဖြစ်တဲ့ City Mart၊ AERON၊ Makro၊ G and G စတဲ့ ဆိုင် တွေမှာ ရောင်းချနိုင်ရေးအတွက် လုပ်ငန်း စီးပွားချိတ်ဆက်မှုပြခန်းကနေတစ်ဆင့် မျက်နှာချင်းဆိုင် တွေ့ဆုံပေးသွားမှာဖြစ် ပါတယ်”ဟုစီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင် ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဒေါက်တာ သက်လွင်ဦးက ပြောကြားသည်။

MSME လုပ်ငန်းရှင်များအနေဖြင့် ပြပွဲမှ တစ်ဆင့် ပို့ကုန်/ သွင်းကုန် လုပ်ငန်းရှင် တစ်ဦးဖြစ်စေမည့် လုပ်ငန်းစဉ်များ၊ သီလဝါ SEZ ၏ Promotion Zone အတွင်း ထုတ်လုပ် ရေးလုပ်ငန်းများ၊ ပို့ကုန်/သွင်းကုန်လုပ်ငန်း ရှင်များ၊ လက်လီ/လက်ကားရောင်းချသူများ နှင့် အချင်းချင်းချိတ်ဆက်နိုင်မည့် လုပ်ငန်း စဉ်များ၊ ဘဏ်များနှင့်ချိတ်ဆက်ဆောင် ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အချိတ်အဆက်များရရှိစေရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့အတူ ဝန်ကြီးဌာနများနှင့် ချိတ်ဆက် ရေးလုပ်ငန်းအဖွဲ့တွင် ဝန်ကြီးဌာန ၉ ခုက MSME လုပ်ငန်းရှင်များအတွက် ပို့ကုန်/ သွင်းကုန်ဆိုင်ရာ လုပ်ငန်းရှင်များ ပြည်ပ ဈေးကွက်ဝင်ရောက်နိုင်ရေး လိုအပ်သည့် Certificate ရရှိရေးနှင့် မှတ်ပုံတင်ခြင်း ဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတကာကုန်စည် ပြပွဲများတွင် MSME ထုတ်ကုန်များစွာ ပါဝင် ပြသနိုင်ရေးနှင့် Online E-Commerce Platform မှတစ်ဆင့် MSME ထုတ်ကုန်များကို နိုင်ငံတကာဝယ်လက်များသို့ တိုက်ရိုက် ချိတ်ဆက်ဝယ်ယူနိုင်ရေးကိုလည်း ဆောင် ရွက်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် ပြပွဲအတွင်း ပြည်ပဈေးကွက် ချိတ်ဆက်မှုအနေဖြင့် MSME လုပ်ငန်းရှင် များက ပြည်ပသို့ တင်ပို့မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီး မတည်ငွေရရှိရေး၊ စီးပွားရေးသံမှူးများနှင့် ချိတ်ဆက်၍ အသိပညာမျှဝေပေးနိုင်ရန် အတွက်လည်းကောင်း၊ ရင်းနှီးမတည်ငွေ ရရှိရေး ချိတ်ဆက်မှုအနေဖြင့် ပုဂ္ဂလိက ဘဏ်များမှ ဘဏ်ချေးငွေရရှိရေး၊ ဘဏ် များ၏ ဝန်ဆောင်မှုနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ရရှိနိုင်ရန် အတွက်လည်းကောင်း ချိတ်ဆက်ဆောင် ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင် ဖြစ်လိုသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် များမှအသေးစား၊အငယ်စားနှင့်အလတ်စား MSME စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ စီးပွားရေးလုပ်ငန်းများ ချဲ့ထွင် ဆောင်ရွက်နိုင်ရေးအတွက် ပြပွဲကာလ အတွင်း လုပ်ငန်း/စီးပွားချိတ်ဆက်မှုပြခန်း တွင်သက်ဆိုင်ရာကဏ္ဍအလိုက်လာရောက် လေ့လာခြင်း၊ ဆွေးနွေးခြင်းဆောင်ရွက်နိုင် ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနက အသိပေးကြေညာ ထားသည်။

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စု အဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်း ပွဲတော်ကို နေပြည်တော် ပြည်သူ့ရင်ပြင်၌ ဖေဖော်ဝါရီလ ၈ ရက်မှ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

မြဝတီ

# မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများထုတ်ချေးပေး

မင်းလှ ဖေဖော်ဝါရီ ၁

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ရွာတော်ကျေးရွာ ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေ များကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူ များက အဆိုပါကျေးရွာအရောက် ဆင္ဍမအကြိမ် သွားရောက်ထုတ်ချေးပေး ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီး မှူး ဒေါ်သင်းသင်းအေးနှင့်ဝန်ထမ်းများ က ရွာတော်ကျေးရွာရှိ မြစိမ်းရောင်ကျေး ရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်း သား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်း ရောင်ကျေးရွာစီမံကိန်း အကောင်အထည် ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ် ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလ၊ အတိုးနှုန်းသတ်မှတ်ချက်များနှင့် ချေးငွေ ထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြား ပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေ ငွေကျပ် ၃၆ သိန်း ၈၅ သိန်းကို ရွာတော် ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ် သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံ ကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရွာတော် ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင် သူ ၁၅ ဦးအတွက် ငွေကျပ် ၄ ဒသမ ၈ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးအတွက် ငွေကျပ် ၅ ဒသမ ၁၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၉၂ ဦးအတွက် ငွေကျပ် ၂၆ ဒသမ ၉ သိန်း ကို အတိုးနှုန်းသက်သာစွာ တစ်ဦးချင်း လက်ဝယ်အရောက် ထုတ်ချေးပေးကြ ကြောင်း သိရသည်။

ချိုလေး

# မန္တလေးတိုင်းဒေသကြီး၌ ယခုဘဏ္ဍာနှစ်အတွင်း ရာသီအလိုက် သီးနှံကေပေါင်း သိန်း ၅၀ ကျော် စိုက်ပျိုးပြီးစီး

မန္တလေး ဖေဖော်ဝါရီ ၁

မန္တလေးတိုင်းဒေသကြီး၌ ယခုဘဏ္ဍာနှစ်အတွင်း ရာသီအလိုက်သီးနှံများ စိုက်ပျိုးရန် လျာထားဧက ၅၄ သိန်းကျော်အနက် ဧကပေါင်း သိန်း ၅၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စားသုံးသူပြည်သူများ စားရေရိက္ခာဖူလုံစေရန်၊ နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တောင်သူများ၏အကျိုးစီးပွားကို မြှင့်တင်ဆောင်ရွက်ပေးရန်ရည်ရွယ်၍ တိုင်းဒေသကြီးအတွင်း သီးနှံစိုက်ပျိုးထုတ်လုပ်မှုများကို စနစ်တကျကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။


"မန္တလေးတိုင်းဒေသကြီးမှာ မိုးရာသီဆိုရင် မိုးစပါးအပါအဝင် မိုးသီးနှံတွေအားလုံးစိုက်ပျိုးပြီး အခုလိုကာလမှာ ရိတ်သိမ်းပါတယ်။ လက်ရှိ ဆောင်းရာသီမှာလည်း ဆောင်းသီးနှံတွေကို စိုက်ပျိုးနေပါတယ်။ ဆောင်းသီးနှံတွေစိုက်ပျိုးတဲ့အခါမှာ မျိုး၊ မြေ၊ ရေ၊ နည်းဆိုတဲ့စနစ်တွေအပေါ်မှာအခြေခံပြီး လိုက်နာဆောင်ရွက်ရမယ့်အချက်တွေကို စီစဉ်ဆောင်ရွက်နေပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နီလာသန်းကပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း စပါး၊ ဝါ၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများနှင့် တခြားသီးနှံများကို ရာသီအလိုက် စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး သီးနှံအထွက်နှုန်းမြင့်မားကာ ပန်းတိုင်အထွက်နှုန်းပြည့်မီကျော်လွန်စေရန် လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ်များမှ စိုက်ပျိုးရေးတာဝန်ခံများက တောင်သူများ၏စိုက်ခင်းများအရောက် ကွင်းဆင်းကာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

လက်ရှိတွင် မန္တလေးတိုင်းဒေသကြီးအတွင်း မိုးနှောင်းဝါများ စိုက်ပျိုးနေဆဲဖြစ်ပြီး လျာထားဧက ၁၆၁၉၁၄ ဧကအနက် ဧကပေါင်း ၁၄၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ထို့ပြင် ဆောင်းပဲမျိုးစုံလျာထားဧက ၅၇၀၀၀၀ ကျော်အနက် လက်ရှိအချိန်ထိ ဧကပေါင်း ၅၃၀၀၀၀ ကျော်နှင့် ဆောင်းဆီထွက်သီးနှံလျာထားဧက ၃၇၀၀၀၀ ကျော်အနက် လက်ရှိအချိန်ထိ ဧကပေါင်း ၃၁၀၀၀၀ ကျော် စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။

ဆောင်းဦး

## မိုးလေဝသ သတင်း




| ထူးခြားသည့်ညအပူချိန်များ | |
|---|---|
| ဟားခါး | ၀°C |
| မိုင်းယန်း | ၄°C |
| ဟဲဟိုး | ၅.၄°C |
| လွိုင်လင် | ၅.၇°C |
| လားရှိုး | ၆°C |
| နမ့်စန်(ရှမ်းပြည်တောင်ပိုင်း) | ၆°C |
| တီးတိန် | ၇°C |
| သီပေါ | ၇.၅°C |
| ပင်လောင်း | ၈°C |
| ညောင်ရွှေ | ၈.၃°C |
| ပူတာအို | ၈.၈°C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၉ | ၂၇ |
| ရှမ်း(မြောက်) | ၉ | ၂၉ |
| ရှမ်း(အရှေ့) | ၁၀ | ၂၉ |
| ရှမ်း(တောင်) | ၈ | ၂၇ |
| ချင်း | ၅ | ၂၂ |
| စစ်ကိုင်း(အထက်) | ၁၂ | ၃၀ |
| စစ်ကိုင်း(အောက်) | ၁၅ | ၃၃ |
| နေပြည်တော် | ၁၇ | ၃၄ |
| မန္တလေး | ၁၆ | ၃၂ |
| မကွေး | ၁၅ | ၃၅ |
| ရခိုင် | ၁၄ | ၃၂ |
| ပဲခူး | ၁၅ | ၃၄ |
| ရန်ကုန် | ၂၀ | ၃၅ |
| ဧရာဝတီ | ၁၈ | ၃၅ |
| ကယား | ၁၁ | ၃၀ |
| ကရင် | ၁၈ | ၃၆ |
| မွန် | ၁၉ | ၃၄ |
| တနင်္သာရီ | ၂၁ | ၃၅ |

# မြို့နယ်လုံးဆိုင်ရာ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁




ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ပညာရေးမှူးရုံး၏ ၂၀၂၅ -၂၀၂၆ ပညာသင်နှစ် မြို့နယ်လုံးဆိုင်ရာ ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၃၁ ရက်က စုပေါင်းရုံး မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့်ဇနီး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျော့သက်ထားဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးကြည်ထွန်းနှင့်ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းသီဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးကြည်ထွန်းက မြို့နယ်လုံးဆိုင်ရာ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်နှင့် ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ကျောင်းများမှ ဘက်စုံထူးချွန်ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများအသီးသီးချီးမြှင့်ပေးအပ်ကြပြီး ကျောင်းသား၊ ကျောင်းသူများက ကျောင်းအလိုက် ကပြသီဆိုဖျော်ဖြေကြကြောင်း သိရသည်။

ချမ်းမြေ့

# သစ်တောထိန်းသိမ်းရေး တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၁

သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီလ ၃၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အတွင်းရေကျော်ကျေးရွာအုပ်စု ကျောက်စရစ်ကုန်းကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းထွန်းက သစ်တောသစ်ပင်များအကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များအကြောင်း၊ သစ်တောများမှ ပေးစွမ်းနိုင်သည့်ဂေဟစနစ်ဆိုင်ရာ အကျိုးကျေးဇူးများ၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးတွင် သစ်တောများ၏အရေးပါမှု၊ အကျိုးကျေးဇူးများနှင့် မီးခိုးမြူငွေ့လျှော့ချရေးအတွက် Fire Hotspots လျှော့နည်းကျဆင်းအောင် တောမီးရှို့ခြင်း၊ လယ်ယာမီးရှို့ခြင်းများမပြုလုပ်ရန်၊ မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆောင်ရွက်နေမှုအခြေအနေများ၊ သစ်တောများ ထိန်းသိမ်းရေးအကြောင်းနှင့် သစ်တောမှ ပေးစွမ်းနိုင်သော အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာနေပြည်သူများက သိရှိလိုသည်များကိုမေးမြန်းကြရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ယင်းနောက် ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ကျေးရွာနေပြည်သူများကို မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

# တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်း ၆၀၀ ခန့်တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၂၆၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်စတော့အိတ်ချိန်း၌ ဇန်နဝါရီလနောက်ဆုံးပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်း ၆၀၀ ခန့် တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၂၆၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် ဘဏ်ပိတ်ရက်များမှအပ နေ့စဉ်စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ ဇန်နဝါရီလ ၂၆ ရက်မှ ၃၀ ရက်အထိ စုစုပေါင်းငွေကျပ် ၅၉၈၁၄၂၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၆၆၂၄ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့အရောင်းအဝယ်ပြုလုပ်ရာတွင် FMI ကုမ္ပဏီမှ ငွေကျပ် ၁၃၅၁၈၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၆၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၅၇၀၉၇၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၅၁၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၁၀၆၃၂၀၀ တန်ဖိုးရှိစတော့ရှယ်ယာ ၁၃၂ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၇၉၁၈၆၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၈၈၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၂၂၀၁၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၆၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၂၅၆၁၆၃၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၆၀၀၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ရေ ၃၀၀၀ ခန့် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၂၄၃၂၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၅၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၁၇၆၉၁၂၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၅၇၉၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ယခုတစ်ပတ်အတွင်း ကုမ္ပဏီတစ်ခုမှအပ ကျန်ကုမ္ပဏီခုနစ်ခုမှာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအရောင်းအဝယ် လျော့နည်းခဲ့ကြောင်း သိရသည်။

ခန့်ခန့်

● စာမျက်နှာ ၄ မှအဆက်

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | ဦးကျော်စွာထွန်း | ပြည်သူ့ပါတီ | ၈၀၂၆ | ၁၆၁ | ၈၁၈၇ | ၁၄.၇၃% |
| | | ဒေါ်ယမင်းသက်ဝေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၃၂၄ | ၁၆၀ | ၆၄၈၄ | ၁၁.၆၇% |
| | | ဦးသက်ဇော်(ခ) တိုနီသက်ဇော် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၈၁၂ | ၁၃၆ | ၅၉၄၈ | ၁၀.၇၀% |
| | | ဦးရဲမင်းဇော်ဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၀၅၀ | ၈၈ | ၄၁၃၈ | ၇.၄၅% |
| | | ဒေါက်တာဖြူဖြူခိုင် | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | ၃၆၈၉ | ၁၄၉ | ၃၈၃၈ | ၆.၉၁% |
| | | ဒေါ်သိမ့်အိခိုင်(ခ) မြင့်မိုရ်သွန်းခ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၅၉၆ | ၆၁ | ၃၆၅၇ | ၆.၅၈% |
| ၆ | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် | | | ၅၁၄၄၃ | ၃၆၂၈ | ၅၅၀၇၁ | |
| | | ဦးသိန်းကျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၁၁၆၉ | ၂၆၅၃ | ၂၃၈၂၂ | ၄၃.၂၇% |
| | | ဦးကျော်အုံး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၄၀၃ | ၃၀၂ | ၇၇၀၅ | ၁၃.၉၉% |
| | | ဦးသူရဟန် | ပြည်သူ့ပါတီ | ၇၃၀၂ | ၁၇၉ | ၇၄၈၁ | ၁၃.၅၈% |
| | | ဒေါ်ဝေနှင်းသူ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၁၉၃ | ၁၆၉ | ၆၃၆၂ | ၁၁.၅၅% |
| | | ဒေါ်မေချောစုမွန် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၉၄၇ | ၁၄၇ | ၄၀၉၄ | ၇.၄၃% |
| | | ဒေါ်မို့မို့ဇင်ကို | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၂၁၉ | ၁၁၂ | ၃၃၃၁ | ၆.၀၅% |
| | | ဦးစိုးညီဝင်း | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | ၂၂၁၀ | ၆၆ | ၂၂၇၆ | ၄.၁၃% |
| ၇ | မင်္ဂလာတောင်ညွန့်မြို့နယ် | | | ၃၀၀၉၃ | ၁၈၉၂ | ၃၁၉၈၅ | |
| | | ဦးတင်ရှိန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၅၁၀ | ၁၂၆၇ | ၁၄၇၇၇ | ၄၆.၂၀% |
| | | ဦးငွေးမြင့် | ပြည်သူ့ပါတီ | ၈၈၈၀ | ၃၁၁ | ၉၁၉၁ | ၂၈.၇၄% |
| | | ဒေါ်အေးအေးမိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၆၄၂ | ၁၇၇ | ၄၈၁၉ | ၁၅.၀၆% |
| | | ဦးအောင်ခိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၀၆၁ | ၁၃၇ | ၃၁၉၈ | ၁၀.၀၀% |
| ၈ | သာကေတမြို့နယ် | | | ၅၇၉၄၈ | ၄၄၈၅ | ၆၂၄၃၃ | |
| | | ဦးငွေးအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၂၂၅၃ | ၃၀၉၂ | ၂၅၄၄၅ | ၄၀.၇၇% |
| | | ဦးလှဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၄၄၁ | ၃၇၁ | ၈၈၁၂ | ၁၄.၁၂% |
| | | ဦးတင်ထွန်းဝင်း | တစ်သီးပုဂ္ဂလ | ၇၉၈၈ | ၃၄၉ | ၈၃၃၇ | ၁၃.၃၆% |
| | | ဦးသောင်းထိုက် | ပြည်သူ့ပါတီ | ၇၅၉၈ | ၂၀၂ | ၇၈၀၀ | ၁၂.၅၁% |
| | | ဦးကျော်မျိုးလွင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၄၈၀ | ၁၅၆ | ၆၆၃၆ | ၁၀.၆၃% |
| | | ဒေါ်သဲစုအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၁၈၈ | ၁၈၅ | ၅၃၇၃ | ၈.၆၁% |
| ၉ | မြောက်ဥက္ကလာပမြို့နယ် | | | ၇၅၉၈၆ | ၆၀၀၁ | ၈၁၉၈၇ | |
| | | ဒေါ်ဝင်းဝင်းအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၃၂၁၄ | ၃၁၇၇ | ၂၆၃၉၁ | ၃၂.၁၈% |
| | | ဦးသန်းထွဋ် | တစ်သီးပုဂ္ဂလ | ၁၁၁၇၀ | ၁၁၀၁ | ၁၂၂၇၁ | ၁၄.၉၇% |
| | | ဦးဝေဖြိုးအောင် | ပြည်သူ့ပါတီ | ၁၀၅၀၀ | ၃၆၁ | ၁၀၈၆၁ | ၁၃.၂၅% |
| | | ဒေါ်ရင်ရင်နု | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၆၇၃ | ၅၀၅ | ၉၁၇၈ | ၁၁.၁၉% |
| | | ဒေါ်ဝင်းဂျူလိုင်နွေး | တစ်သီးပုဂ္ဂလ | ၇၇၁၁ | ၃၂၀ | ၈၀၃၁ | ၉.၈၀% |
| | | ဦးထွန်းထွန်းအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၂၄၃ | ၂၅၅ | ၇၄၉၈ | ၉.၁၅% |
| | | ဦးသန်းထိုက်ဦး | တစ်သီးပုဂ္ဂလ | ၄၂၄၈ | ၁၈၈ | ၄၄၃၆ | ၅.၄၁% |
| | | ဦးသန့်ဇင်ဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၂၂၇ | ၉၄ | ၃၃၂၁ | ၄.၀၅% |
| ၁၀ | တာမွေမြို့နယ် | | | ၂၈၉၉၅ | ၂၄၈၄ | ၃၁၄၇၉ | |
| | | ဒေါက်တာထူးမောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၁၄၀ | ၁၇၁၈ | ၁၃၈၅၈ | ၄၄.၀၂% |
| | | ဦးထွန်းထွန်းဦး | ပြည်သူ့ပါတီ | ၄၂၃၅ | ၂၀၃ | ၄၄၃၈ | ၁၄.၁၀% |
| | | ဒေါ်ဖြူဖြူညွန့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၁၉၀ | ၂၃၉ | ၄၄၂၉ | ၁၄.၀၇% |
| | | ဦးကျော်မိုးဟန် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၉၅၉ | ၉၈ | ၃၀၅၇ | ၉.၇၁% |
| | | ဒေါ်အေးအေးမြင့် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၁၆၈ | ၉၃ | ၂၂၆၁ | ၇.၁၈% |
| | | ဒေါ်အေးငွေကျော်စွာ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၇၉၆ | ၇၄ | ၁၈၇၀ | ၅.၉၄% |
| | | ဦးမောင်မောင်သန့်ဇော် | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | ၁၅၀၇ | ၅၉ | ၁၅၆၆ | ၄.၉၈% |
| ၁၁ | ရန်ကင်းမြို့နယ် | | | ၂၀၄၀၄ | ၁၅၀၃ | ၂၁၉၀၇ | |
| | | ဦးချစ်ကိုကို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၉၄၈ | ၇၄၆ | ၇၆၉၄ | ၃၅.၁၂% |
| | | ဦးမောင်မောင်လွင် | တစ်သီးပုဂ္ဂလ | ၆၃၂၀ | ၄၇၉ | ၆၇၉၉ | ၃၁.၀၄% |
| | | ဒေါ်နွယ်နွယ်ဝင်း | ပြည်သူ့ပါတီ | ၂၃၈၀ | ၇၅ | ၂၄၅၅ | ၁၁.၂၀% |
| | | ဦးမင်းသူ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၀၅၃ | ၁၁၂ | ၂၁၆၅ | ၉.၈၈% |
| | | ဦးမျိုးအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၄၉၀ | ၃၈ | ၁၅၂၈ | ၆.၉၇% |
| | | ဒေါ်နေရီသန့် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၂၁၃ | ၅၃ | ၁၂၆၆ | ၅.၇၈% |
| ၁၂ | ကျောက်တန်းမြို့နယ် | | | ၈၇၃၀၂ | ၁၀၅၀၅ | ၉၇၈၀၇ | |
| | | ဒေါ်အေးမင်းမိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၆၉၃၁ | ၇၇၂၈ | ၄၄၆၅၉ | ၄၅.၆၆% |
| | | ဦးဆန်းလွင် | ပြည်သူ့ပါတီ | ၁၂၁၃၃ | ၇၁၄ | ၁၂၈၄၇ | ၁၃.၁၄% |
| | | ဦးကျော်စွာဝင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၂၂၀၄ | ၄၈၉ | ၁၂၆၉၃ | ၁၂.၉၈% |
| | | ဒေါ်သက်သက်ခိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၁၁၂၁ | ၇၆၅ | ၁၁၈၈၆ | ၁၂.၁၅% |
| | | ဦးခင်မောင်လင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၀၅၉၂ | ၅၆၈ | ၁၁၁၆၀ | ၁၁.၄၁% |
| | | ဦးပိုင်သူဟိန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၃၂၁ | ၂၄၁ | ၄၅၆၂ | ၄.၆၆% |

စာမျက်နှာ ၈ သို့ ●

● စာမျက်နှာ ၇ မှအဆက်

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၃ | ခရမ်းမြို့နယ် | | | ၈၅၀၁၉ | ၈၄၇၂ | ၉၃၄၉၁ | |
| | | ဦးအေးသိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၉၃၇၆ | ၆၅၄၀ | ၄၅၉၁၆ | ၄၉.၁၂% |
| | | ဦးတင်ဇော်ဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၈၇၈၈ | ၁၀၃၃ | ၁၉၈၂၁ | ၂၁.၂၀% |
| | | ဦးနိုင်ဝင်းကျော် | ပြည်သူ့ပါတီ | ၁၂၆၄၁ | ၄၃၉ | ၁၃၀၈၀ | ၁၃.၉၉% |
| | | ဦးနိုင်ထွန်းလင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၄၄၇ | ၂၂၃ | ၇၆၇၀ | ၈.၂၀% |
| | | ဦးနေလင်းထွန်း | တစ်သီးပုဂ္ဂလ | ၆၇၆၇ | ၂၃၇ | ၇၀၀၄ | ၇.၄၉% |
| ၁၄ | သုံးခွမြို့နယ် | | | ၈၇၈၈၄ | ၅၉၅၃ | ၉၃၈၃၇ | |
| | | ဒေါ်ခင်မြတ်စု | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၅၁၇၁ | ၄၂၆၆ | ၃၉၄၃၇ | ၄၂.၀၃% |
| | | ဦးကျော်သူရ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၂၀၄၆ | ၈၉၅ | ၂၂၉၄၁ | ၂၄.၄၅% |
| | | ဦးဇင်မိုး | ပြည်သူ့ပါတီ | ၁၁၉၃၈ | ၃၀၂ | ၁၂၂၄၀ | ၁၃.၀၄% |
| | | ဦးထက်အာကာဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၁၅၃ | ၂၀၇ | ၇၃၆၀ | ၇.၈၄% |
| | | ဦးသန့်ဇင်ထွန်း | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၉၄၅ | ၁၆၂ | ၆၁၀၇ | ၆.၅၁% |
| | | ဦးမောင်နိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၆၃၁ | ၁၂၁ | ၅၇၅၂ | ၆.၁၃% |
| ၁၅ | စမ်းချောင်းမြို့နယ် | | | ၁၆၉၄၂ | ၂၆၃၇ | ၁၉၅၇၉ | |
| | | ဦးမျိုးမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၃၅၂ | ၁၇၂၅ | ၈၀၇၇ | ၄၁.၂၆% |
| | | ဒေါ်မေခိုင်ဦး | ပြည်သူ့ပါတီ | ၃၈၂၉ | ၂၉၁ | ၄၁၂၀ | ၂၁.၀၄% |
| | | ဦးတင်စိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၆၀၃ | ၂၅၅ | ၂၈၅၈ | ၁၄.၆၀% |
| | | ဦးမောင်မောင်ဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၂၃၇ | ၂၀၉ | ၂၃၄၆ | ၁၁.၉၈% |
| | | ဦးသန်းထွဋ်ဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၀၂၁ | ၁၅၇ | ၂၁၇၈ | ၁၁.၁၂% |
| ၁၆ | လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် | | | ၄၉၇၂၂ | ၄၆၉၂ | ၅၄၄၁၄ | |
| | | ဦးမင်းမင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၄၈၀ | ၃၃၀၈ | ၁၉၇၈၈ | ၃၆.၃၇% |
| | | ဦးထက်ဝေယံ | စစ၊မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ )ပါတီ | ၁၀၀၁၉ | ၄၇၆ | ၁၀၄၉၅ | ၁၉.၂၉% |
| | | ဦးမြင့်ဇော် | ပြည်သူ့ပါတီ | ၄၆၆၈ | ၁၆၇ | ၄၈၃၅ | ၈.၈၉% |
| | | ဒေါ်နွယ်နွယ်လှိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၉၃၆ | ၁၆၃ | ၄၀၉၉ | ၇.၅၃% |
| | | ဦးနေလင်းဦး | တစ်သီးပုဂ္ဂလ | ၃၆၈၄ | ၁၃၂ | ၃၈၁၆ | ၇.၀၁% |
| | | ဦးမျိုးမျိုး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၅၉၅ | ၁၅၈ | ၃၇၅၃ | ၆.၉၀% |
| | | ဦးကြည်ရွှင် | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၃၆၃ | ၁၅၈ | ၃၅၂၁ | ၆.၄၇% |
| | | ဦးမင်းထက်နိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၅၁၉ | ၇၁ | ၂၅၉၀ | ၄.၇၆% |
| | | ဦးဇော်ဇော် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၄၅၈ | ၅၉ | ၁၅၁၇ | ၂.၇၈% |
| ၁၇ | လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် | | | ၄၁၇၂၅ | ၂၅၆၅ | ၄၄၂၉၀ | |
| | | ဦးကြည်စိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၇၁၀၇ | ၁၈၁၃ | ၁၈၉၂၀ | ၄၂.၇၂% |
| | | ဦးစိုးထိုက် | စစ၊မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ )ပါတီ | ၇၁၄၀ | ၂၀၂ | ၇၃၄၂ | ၁၆.၅၈% |
| | | ဒေါ်သီဂီ | ပြည်သူ့ပါတီ | ၃၈၃၃ | ၉၃ | ၃၉၂၆ | ၈.၈၆% |
| | | ဦးထက်ဝေယံ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၆၇၈ | ၁၈၀ | ၃၈၅၈ | ၈.၇၁% |
| | | ဒေါ်တင်မာဝင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၈၈၁ | ၇၉ | ၂၉၆၀ | ၆.၆၈% |
| | | ဒေါ်ငွေငွေမြင့် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၇၉၈ | ၇၉ | ၂၈၇၇ | ၆.၅၀% |
| | | ဦးသက်ထွေးဇော် | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆၃၆ | ၇၄ | ၂၇၁၀ | ၆.၁၂% |
| | | ဦးတင်ထွန်းလှိုင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၆၅၂ | ၄၅ | ၁၆၉၇ | ၃.၈၃% |

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း (၃)
## တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ် )၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၁)
## နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၂၆၀၉၄၆ / ၁၃ = ၂၀၀၇၂

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၂၆၀၉၄၆ | ၉ | | ၄ | ၁၃ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၂၆၅ | ၅ | ၁၁၉၀၅ | ၁ | ၆ | |
| | | ၂။ | ပြည်သူ့ပါတီ | ၅၁၂၄၆ | ၂ | ၁၁၁၀၂ | - | ၂ | |
| | | ၃။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၇၉၃၉ | ၁ | ၁၇၈၆၇ | ၁ | ၂ | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၂၉၇၈ | ၁ | ၁၂၉၀၆ | ၁ | ၂ | |
| | | ၅။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၉၂၄၄ | - | ၁၉၂၄၄ | ၁ | ၁ | |
| | | ၆။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၇၂၇၄ | - | ၇၂၇၄ | - | - | |

ရှင်းလင်းချက် ။ ( ၁ ) ၈-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မဲအများဆုံးရသူအနိုင်ယူစနစ် ကမာရွတ်၊ကျောက်တံတား၊ မရမ်းကုန်း၊ အလုံ၊ ဗဟန်း၊ ပန်းဘဲတန်း၊ လသာ၊ လှိုင်၊ ကြည့်မြင်တိုင် မြို့နယ်မဲဆန္ဒနယ်များနှင့် ၁-၂-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၈/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ဒဂုံ၊ လမ်းမတော်၊ မြောက်ဥက္ကလာပ၊ စမ်းချောင်းမြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ် )၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၂)

နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၃၄၈၂၈၅ / ၈ = ၄၃၅၃၅

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | |
| ၂ | PR မဲဆန္ဒနယ်အမှတ်(၂) | | | ၃၄၈၂၈၅ | ၅ | | ၃ | ၈ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၄၆၄၅၅ | ၃ | ၁၅၈၅၀ | - | ၃ | |
| | | ၂။ | ပြည်သူ့ပါတီ | ၅၅၇၁၀ | ၁ | ၁၂၀၇၅ | - | ၁ | |
| | | ၃။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၇၄၇၀ | ၁ | ၃၉၃၅ | - | ၁ | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၉၇၀၂ | - | ၃၉၇၀၂ | ၁ | ၁ | |
| | | ၅။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၇၀၁၀ | - | ၂၇၀၁၀ | ၁ | ၁ | |
| | | ၆။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၄၂၄၈ | - | ၂၄၂၄၈ | ၁ | ၁ | |
| | | ၇။ | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | ၇၆၈၀ | - | ၇၆၈၀ | - | - | |

ရှင်းလင်းချက် ။ ( ၁ ) ၈-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် ဒဂုံမြို့သစ်(တောင်ပိုင်း)၊ သဃ်္ဃန်းကျွန်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ တောင်ဥက္ကလာပ မြို့နယ်မဲဆန္ဒနယ်များနှင့် ၁-၂-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၈/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ တာမွေ၊ ရန်ကင်း မြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

---

တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ် )၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၃)

နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၄၇၄၉၂၈ / ၈ = ၅၉၃၆၆

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | |
| ၃ | PR မဲဆန္ဒနယ်အမှတ်(၃) | | | ၄၇၄၉၂၈ | ၄ | | ၄ | ၈ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၀၇၄၈၇ | ၃ | ၂၉၃၈၉ | ၁ | ၄ | |
| | | ၂။ | စစ်မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | ၉၂၂၂၇ | ၁ | ၃၂၈၆၁ | ၁ | ၂ | |
| | | ၃။ | ပြည်သူ့ပါတီ | ၄၂၀၃၅ | - | ၄၂၀၃၅ | ၁ | ၁ | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၆၅၃၉ | - | ၃၆၅၃၉ | ၁ | ၁ | |
| | | ၅။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၇၃၅၀ | - | ၂၇၃၅၀ | - | - | |
| | | ၆။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၆၈၉၀ | - | ၂၆၈၉၀ | - | - | |
| | | ၇။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၁၂၂၆ | - | ၂၁၂၂၆ | - | - | |
| | | ၈။ | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၈၃၃ | - | ၁၁၈၃၃ | - | - | |
| | | ၉။ | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၉၂၄၁ | - | ၉၂၄၁ | - | - | |

ရှင်းလင်းချက် ။ ( ၁ ) ၈-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ အင်းစိန် မြို့နယ်မဲဆန္ဒနယ်များနှင့် ၁-၂-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၈/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ဆိပ်ကြီး/ခနောင်တို၊ ဒလ၊ လှိုင်သာယာ(အနောက်ပိုင်း)၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

---

တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ် )၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၄)

နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၅၂၄၉၇၇ / ၁၀ = ၅၂၄၉၇

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | |
| ၄ | PR မဲဆန္ဒနယ်အမှတ်(၄) | | | ၅၂၄၉၇၇ | ၇ | | ၃ | ၁၀ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၄၇၄၄၀ | ၄ | ၃၇၄၅၂ | ၁ | ၅ | |
| | | ၂။ | ပြည်သူ့ပါတီ | ၈၂၂၇၂ | ၁ | ၂၉၇၇၅ | ၁ | ၂ | |
| | | ၃။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၆၆၆၀ | ၁ | ၁၄၁၆၃ | - | ၁ | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၀၀၆၈ | ၁ | ၇၅၇၁ | - | ၁ | |
| | | ၅။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၃၆၅၂ | - | ၄၃၆၅၂ | ၁ | ၁ | |
| | | ၆။ | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၀၃၂၃ | - | ၂၀၃၂၃ | - | - | |
| | | ၇။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၅၆၂ | - | ၄၅၆၂ | - | - | |

ရှင်းလင်းချက် ။ ( ၁ ) ၈-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် ဗိုလ်တထောင်၊ သန်လျင် ဒေါပုံ၊ ပုဇွန်တောင်၊ ကိုကိုးကျွန်း မြို့နယ်မဲဆန္ဒနယ်များနှင့် ၁-၂-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၈/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မင်္ဂလာတောင်ညွန့်၊ သာကေတ၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ မြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

# ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး (၁၀၂)ကြိမ်မြောက် ညံရိုးမီးပူဇော်ပွဲ၌ ဘုရားဖူးလာရောက်သူများစည်ကားများပြား



ပြည် ဖေဖော်ဝါရီ ၁

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး၌ (၁၀၂)ကြိမ်မြောက် ညံရိုးမီးပူဇော်ပွဲကို စေတီတော်တောင်ဘက်စောင်းတန်း ဝလေးလုံး စေတီတော်အနီး၌ ဖေဖော်ဝါရီလ ၁ ရက် နံနက်ပိုင်းတွင် စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ညံရိုးမီးပူဇော်ပွဲတွင် ဘုရားဖူးလာရောက်သူများသည် စေတီတော်မြောက်ဘက်စောင်းတန်းရှေ့၌ ကျေးလက်တောင်သူများကိုယ်တိုင် လာရောက်ရောင်းချပေးလျက်ရှိသော ပြည်မြို့နှင့်အနီးပတ်ဝန်းကျင်ကျေးရွာများတွင် အလေ့ကျပေါက်ရောက်သည့် ဒေသထွက်ညံရိုးပင်များဖြင့် ပူဇော်ပွဲကျင်းပရာ နေရာရှိ ယာယီအုတ်စီကန်အတွင်း ညံရိုးပင်များထည့်၍ ဗုဒ္ဓမြတ်စွာဘုရားရှင်အား ညံရိုးမီးများပူဇော်လှူဒါန်းကြပြီး ကောင်းကျိုးလိုရာဆန္ဒများပြည့်ဝစေရန် ဆုတောင်းကြသည်။

အဆိုပါဘုရားဖူးလာပြည်သူများကို ရွှေဆံတော်ဝေယျာဝစ္စအသင်းအဖွဲ့များက စေတီတော်ဓမ္မာရုံ ရင်ပြင်တော်၌ ထမနဲများဖြင့် ကျွေးမွေးဧည့်ခံကြသည်။

ညံရိုးမီးပူဇော်ပွဲသည် ချမ်းအေးလွန်းလှသည့် ဆောင်းရာသီတွင် ဗုဒ္ဓမြတ်စွာဘုရားရှင်အား အလင်းဓာတ်နှင့် အနွေးဓာတ်လှူဒါန်းသည့်အနေဖြင့် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ညံရိုးမီးပူဇော်ခြင်းဖြင့်ဉာဏ်အမြော်အမြင်ကြီးမားခြင်း၊ ထိုးထွင်းဉာဏ်ကောင်းမွန်ခြင်းနှင့် ဆုတောင်းပြည့်ဝခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း ဒေသခံများက လက်ခံယုံကြည်ကြသည်။

ပြည်မြို့၌ နှစ်စဉ်ကျင်းပလာခဲ့သည်မှာ (၁၀၂)ကြိမ်မြောက်ရောက်ရှိလာခဲ့ပြီဖြစ်ပြီး ညံရိုးမီးပူဇော်ပွဲသည်ပြည်မြို့၏ထူးခြားလှသည့် ယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်ကြောင်းသိရသည်။ **ကိုဆက်(ပြန်/ဆက်)**

# သထုံမြို့၌ မြသပိတ်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းကြီးလောင်းလှူပွဲကျင်းပ

သထုံ ဖေဖော်ဝါရီ ၁

မွန်ပြည်နယ် သထုံမြို့ သိင်္ဂနိတ်တောင်ထိပ်ရှိ ဆံတော်ရှင်မြသပိတ်စေတီတော်မြတ်ကြီး၏ (၆၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဆွမ်းကြီးလောင်းလှူပွဲကို ဖေဖော်ဝါရီလ ၁ ရက်တွင် မြသပိတ်တောင်ခြေရှိ သုဝဏ္ဏဘူမိဆုတောင်းပြည့်နီးဘုရားကြီးအနီး၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ရှေးဦးစွာ သထုံမြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးတို့မှကြွရောက်တော်မူလာကြသည့် သံဃာတော်နှင့် သီလရှင်များအား စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏စီမံမှုဖြင့် အလှူရှင်အဖွဲ့အသီးသီးတို့က ဆွမ်းဆက်ကပ်ကြသည်။

ဆွမ်းကြီးလောင်းပွဲတွင် သထုံမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးစိုး၊ စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်လွင်ဦးနှင့် တာဝန်ရှိသူတို့က ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ပင့်ဆောင်ကြကာ စေတီတော်မြတ်၏ နာယကဆရာတော်ကြီးသုံးပါး ဦးဆောင်သည့် သထုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း စုစုပေါင်း ၈၉ ကျောင်းတို့မှ သံဃာတော်နှင့်သီလရှင် စုစုပေါင်း ၃၂၀ ပါးတို့အား သထုံမြို့နယ်အတွင်းရှိ ပြည်သူအပေါင်းတို့က ဆွမ်းဆန်စိမ်းနှင့် အခြားလှူဖွယ်များကို စီတန်းလောင်းလှူခြင်း၊ စာရေးတံမဲများ ဆက်ကပ်လှူဒါန်းခြင်းတို့ကို ကျင်းပကြသည်။



မြသပိတ်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်ကျင်းပမြဲဖြစ်ပြီး ယခုနှစ်တွင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ စေတီတော်အား ကြာသကင်္န်းတော်များဆက်ကပ်လှူဒါန်းခြင်း၊ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပခြင်း၊ မဟာနိဗ္ဗာန်ဈေးစတုဒိသာအလှူတော်များပြုလုပ်ခြင်း၊ ဆွမ်းကြီးလောင်းပွဲကျင်းပခြင်းတို့ဖြင့် ဇန်နဝါရီလ ၂၉ ရက်မှ ဖေဖော်ဝါရီလ ၁ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပကြကြောင်း သိရသည်။

**သထုံခရိုင်(ပြန်/ဆက်)**

# (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟောပြောပွဲနှင့်ပြိုင်ပွဲများကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ (၇၉)နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အကြိုဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းတို့ကို ဇန်နဝါရီလ ၃၀ ရက် နံနက်ပိုင်းတွင် အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာနစုပေါင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ချိုက ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်လူရွယ်များအနေဖြင့် မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်ထက်မြက်လာစေရန်၊ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိပြီး ဗဟုသုတ အစဉ်အမြဲရှာဖွေလိုစိတ်ရှိစေရန် ရည်ရွယ်၍ ယခုကဲ့သို့ အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် နေပြည်တော်စာပေဝိုင်းမှ စာရေးဆရာ သဘာဝက ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်း၊ ပင်လုံစာချုပ်၏အနှစ်သာရနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ စည်းလုံးညီညွတ်မှုကြောင့်ရရှိလာသည့် လွတ်လပ်ရေးအသီးအပွင့်များကိုကျောင်းသား၊ ကျောင်းသူများ နားလည်စေရန် ကဏ္ဍစုံလင်စွာဟောပြောပြီး ဉာဏ်စမ်းပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုလက်ဆောင်များပေးအပ်ကြောင်း သိရသည်။

(၄၁၃)

## ညီညွတ်ခြင်းသည် ပြည့်အင်အား

✦ ပျော်ရွှင်စရာ တွေးကာရှု
ပြည်ထောင်စု တို့မြန်မာ။
တိုင်းရင်းသား စည်းလုံးညီညွတ်ရေး
သွေးစည်းညီညာ။
တိုးတက်ရေးအတွက် အဖြေရှာ
ချစ်ကြည်စွာ လက်ချင်းတွဲ။
အရေးကြီးလျှင် သွေးစည်းထား
ထင်ရှားအောင်ပွဲ။

✦ ဘိုးဘွားတွေ အစဉ်အဆက်
နေထိုင်လျက် ချစ်ကြည်စွာ။
ကိုလိုနီ တစ်ခေတ်ဆိုးမှာ
ဆိုးကျိုးကြုံလာ။
သွေးခွဲလို့အုပ်ချုပ်ကာ
ကြုံရရှာ လူမှုဘဝ။
နှစ်တစ်ရာကျော် လူ့သက်တမ်း
ညှိုးနွမ်းလေစွ။

✦ တိုင်းရင်းသားတွေ ညီညွတ်ရေး
ရည်မြော်တွေး ပြည်မြန်မာ။
ကချင် ကယား ကရင် ချင်း
သွေးရင်းပီစွာ။
ရခိုင် ရှမ်း မွန်နှင့် ဗမာ
ချစ်မေတ္တာစဉ်အမြဲ။
မြန်မာ့မြေရေလေ တည်တံ့ရေး
လေးထားဖို့ပဲ။

✦ ညီညွတ်ခြင်းသည် ပြည့်အင်အား
ထင်ရှားတဲ့ စကားပင်။
အေးအတူ ပူအမျှ
နေကြထာဝစဉ်။
အနာဂတ်အတွက် ကြိုပြင်ဆင်
ချစ်ခင်စွာ ညီညွတ်ရေး။
ပြည်နိုင်ငံ တိုးတက်ဖြိုးအောင်
ကြိုးစားမယ်လေး။ ။

**အာကာမောင်မောင်**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂-၂-၂၀၂၆(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Sport News |
| ၂။ | ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် |
| ၃။ | ၁၅:၀၀ | Jumping For You |
| ၄။ | ၁၆:၄၀ | I Music |
| ၅။ | ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၆။ | ၂၂:၂၀ | Goodnight Listeners |

# အပြည်ပြည်ဆိုင်ရာတရားရုံး၌ ဂမ်ဘီယာနှင့်မြန်မာတို့၏အမှုနှင့်ပတ်သက်၍ ကြားနာပွဲသို့တက်ရောက်တုံ့ပြန်ချေပလျှောက်လဲခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား သောင်းသောင်းဖြဖြလာရောက်ကြိုဆိုကြသည့် ပြည်သူများ၏ရင်တွင်းစကားသံများ

**ဂမ်ဘီယာနှင့်မြန်မာတို့၏အမှုနှင့်ပတ်သက်၍ ကြားနာပွဲကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ဂုဏ်သိက္ခာနှင့် တရားမျှတသောအမှန်တရားအတွက် ဇန်နဝါရီလ ၁၂ ရက်မှ ၂၉ ရက်အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ၌ သွားရောက်ဖြေရှင်းခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီလ ၁ ရက်နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ လေဆိပ်၌ ပြည်သူများ သောင်းသောင်းဖြဖြကြိုဆိုကြသည်။ အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့အား လာရောက်ကြိုဆိုကြသူများ၏ ရင်တွင်းစကားသံများကို ဖော်ပြလိုက်ပါသည်။**

**ဦးခင်မောင်ကျော်ဒင်**
**(မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၂))**



ဂမ်ဘီယာနိုင်ငံမှာသွားရောက်ပြီးတော့ မြန်မာကိုယ်စားလှယ်အဖွဲ့က ချေပခဲ့တယ် ပေါ့နော်၊ ဒီနေ့မနက်ပြန်ရောက်တာပေါ့၊ ပြန်ရောက်တဲ့အခါမှာ ဆရာတို့ကလည်း မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အနေနဲ့ ဒီမှာသတင်းမီဒီယာများကိုယ်စား လာရောက်ပြီးတော့ ကြိုဆိုထောက်ခံ အားပေးဖို့ လာခဲ့ခြင်းဖြစ်ပါတယ်။ အခု ဂမ်ဘီယာကပြန်လာခဲ့တဲ့ မြန်မာကိုယ်စား လှယ်အဖွဲ့ဟာ အခုလိုမြင်တွေ့ရတာ၊ သတင်းတွေကိုကြည့်ရတာ ဆရာ့ အနေနဲ့ အောင်မြင်မှုအပြည့်အဝနီးပါး ရခဲ့တယ်လို့ မြင်ပါတယ်၊ ဘာလို့လဲ ဆိုတော့ အမှုအကြောင်းတစ်ခုကိုကြည့် တဲ့နေရာမှာ အမှုသွားအမှုလာကိုကြည့် လိုက်တဲ့အခါမှာ အချေနဲ့အစွဲကိုကြည့်တဲ့ အခါမှာ အချေဘက်က ခိုင်ခိုင်မာမာချေနိုင် လို့ရှိရင် အစွဲဘက်ကရှုံးတာပဲလေ၊ မြန်မာ နိုင်ငံဘက်က ချေပမှုတွေအားလုံးဟာ အရှိတရားပေါ်မှာအခြေခံပြီးတော့ တိတိ ကျကျ မှန်မှန်ကန်ကန် ပိုင်ပိုင်နိုင်နိုင် ဖြေ သွားတာကိုတွေ့ရပါတယ်၊ အဲ့အတွက် လည်း ဆရာတို့အားလုံးအနေနဲ့လည်း ဝမ်းသာရပါတယ်၊ မြန်မာနိုင်ငံရဲ့ဂုဏ်သိက္ခာ ပေါ့။ မြန်မာနိုင်ငံလူမျိုး၊ မြန်မာနိုင်ငံရဲ့ အကျိုးစီးပွားတွေအတွက် သွားရောက် ချေပခြင်းပဲဖြစ်ပါတယ်၊ အခုလိုပိုင်ပိုင်နိုင်နိုင် နဲ့ ချေပနိုင်ခဲ့တဲ့အတွက်ဆရာတို့ဝမ်းသာပါ တယ်။ အခုလိုသောင်းသောင်းဖြဖြနဲ့ လာရောက်ကြိုဆိုတာကို မြင်တဲ့အခါ ကျတော့ တော်တော်အားရစရာတွေ့ရပါ တယ်၊ လူငယ်လူရွယ်တွေ၊ ကျောင်းသား၊ ကျောင်းသူတွေလည်း တွေ့ရတဲ့အတွက် ကြောင့် အားရပါတယ်။ ဘာဖြစ်လို့ အားရလဲဆိုတော့ ကိုယ့်နိုင်ငံကိုမတော် မတရား မမှန်မကန်စွပ်စွဲပြောဆိုခဲ့ တယ်၊ တရားစွဲတာကို အကောင်းဆုံး ချေပနိုင်ခဲ့တဲ့အတွက် အဖွဲ့အစည်း တွေနဲ့အတူ လူငယ်ထုတစ်ရပ်လုံးက ပါဝင် ပြီးတော့ အားကြိုးမာန်တက် လာပြီး တော့ ကြိုဆိုထောက်ခံတာကိုတွေ့ရပါ တယ်။

**ဦးဇော်လွင်ဦး**
**(ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာအထောက်အကူပြုလုပ်ငန်း ကော်မတီဥက္ကဋ္ဌ)**



ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရဲ့ ဂုဏ်သိက္ခာနှင့် တရား မျှတသောအမှန်တရားအတွက် နယ်သာ လန်နိုင်ငံ သည်ဟိတ်ဂ်မြို့ အပြည်ပြည် ဆိုင်ရာတရားရုံး (ICJ) ၌ သွားရောက် ဖြေရှင်းတဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ကို သောင်းသောင်းဖြဖြ ကြိုဆိုဖို့အတွက် ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာအထောက် အကူပြုလုပ်ငန်းကော်မတီဝင်တွေ လေဆိပ် မှာလာရောက်ကြိုဆိုတာဖြစ်ပါတယ်။ သွားရောက်ဖြေရှင်းတဲ့အပေါ်မှာလည်း အားရတယ်၊ကျွန်တော်တို့နိုင်ငံက မတရား စွပ်စွဲခံရတာပါ။ ဖြစ်သင့်တဲ့အရာမဟုတ်ပါ ဘူး။ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘယ်အနှောင့်အယှက်မှ မရှိတာကောင်းပါ တယ်။ လူငယ်တွေပူးပေါင်းပါဝင် ဆောင်ရွက်နိုင်မယ်၊ သွားရောက်ဖြေရှင်း ကြတဲ့အဖွဲ့အနေနဲ့ သူတို့ရဲ့ပညာရပ်တွေ ကိုစိတ်ရောကိုယ်ပါနှစ်ပြီး နိုင်ငံတော် အတွက် ဆောင်ရွက်ခဲ့တဲ့အတွက်လည်း လှိုက်လှိုက်လှဲလှဲကြိုဆိုပါတယ်၊ ပြည်ပ ရောက်နေတဲ့ပြည်သူတွေကလည်း နိုင်ငံ တော်အတွက် ပူးပေါင်းပါဝင်ဆောင်ရွက် ပေးကြပါ။

**ဦးသန်းဝင်း (မရမ်းကုန်းခရိုင် YMBA အသင်းအဖွဲ့ဝင်)**

ဒီကနေ့ ကျွန်တော်တို့နိုင်ငံနဲ့လူမျိုး အတွက် သွားရောက်ပြီးတော့ကာကွယ် စောင့်ရှောက်တဲ့အဖွဲ့ကို ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်မှာလာရောက်ကြိုဆိုတာ ပါ။ လေဆိပ်ကိုရောက်တဲ့အခါမှာ လာရောက်ကြိုဆိုကြတဲ့ ပြည်သူတွေ အများကြီးကိုတွေ့ရတဲ့အတွက် ရင်ထဲမှာ လည်းဂုဏ်ယူမိပါတယ်။ ကျွန်တော် တို့ရဲ့ အမျိုးဘာသာ၊ သာသနာအတွက် စိတ်ရောကိုယ်ပါနှစ်ပြီးကာကွယ်ပေးကြ ပြီး နိုင်ငံတော်အတွက်တန်ဖိုးရှိတဲ့သူတွေ



ကိုကြိုဆိုဖို့အတွက်ကျွန်တော်တို့ YMBA မှာရှိတဲ့လူငယ်လူရွယ်တွေစုပြီး လာရောက် ကြိုဆိုတာပါ။ မတရားသဖြင့်စွပ်စွဲခံရတာ ကို မြန်မာနိုင်ငံအတွက် သွားရောက်ဖြေရှင်း ပေးကြတဲ့ ပညာရှိတွေဖြစ်တာကြောင့် လည်း ပိုပြီးတော့တန်ဖိုးထားလေးစားမိ ပါတယ်။

**ဦးဝင်းကိုကိုလတ်**



ကျွန်တော်ကတော့ ဦးဝင်းကိုကိုလတ် ပါ။ အမျိုးသားရေးတက်ကြွလှုပ်ရှားသူ တစ်ယောက်ပါ။ ဒီကနေ့ပြည်ထောင်စု ဝန်ကြီး ဦးကိုကိုလှိုင်နဲ့အဖွဲ့ကို ကျွန်တော်တို့ မျိုးချစ်မြန်မာရဟန်းတော်များသမဂ္ဂ (ရန်ကုန်)နဲ့ အမျိုးသားရေးညီအစ်ကို မောင်နှမ(ရန်ကုန်)တို့စုပေါင်းပြီးလာရောက် ကြိုဆိုခြင်းဖြစ်ပါတယ်။ ဒီကနေ့လာရောက် ကြိုဖြစ်ပုံကတော့ မြန်မာနိုင်ငံကနေပြီး တော့ICJ မှာဖြေရှင်းနေတဲ့ ကျွန်တော်တို့ မြန်မာကိုယ်စားလှယ်အဖွဲ့နဲ့တစ်သားတည်း ရပ်တည်နေကြောင်း၊ ကိုယ်စားလှယ်အဖွဲ့ ရဲ့လျှောက်လဲချက်တွေကိုကြိုဆိုကြောင်း၊ နောက်ပြီးဂမ်ဘီယာနိုင်ငံရဲ့စွပ်စွဲချက်တွေ မဟုတ်မမှန်ကြောင်း သက်သေပြတဲ့ အနေနဲ့၊ပြည်သူတစ်ယောက်အနေနဲ့ တရား မျှတမှုကိုချစ်တဲ့ ပြည်သူတစ်ယောက် အနေနဲ့ ဒီကနေ့လာရောက်ကြိုဆိုဖြစ်တာ ပါ။ ကျွန်တော်တို့အဖွဲ့နည်းတူ YMBA အသင်း အဖွဲ့၊ အခြားဘာသာပေါင်းစုံအဖွဲ့တွေ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ လက်လှမ်းမီသလောက် ရန်ကုန်မြို့ကရှိတဲ့ သူတွေအများကြီးတွေ့ရလို့ဝမ်းသာပီတိ ဖြစ်ရပါတယ်၊ ကျွန်တော်တို့နိုင်ငံဟာ ဗုဒ္ဓဘာသာနိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့လူမျိုးသည် လူမျိုးသုဉ်း သတ်ဖြတ်ခြင်းမရှိတဲ့အတွက် တရားမျှမျှ တတဆုံးဖြတ်ပေးဖို့ တောင်းဆိုပါ တယ်။

**မောင်ဝင်းငွေအောင်**
**(ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်))**



ကျွန်တော်ကတော့ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုး ရေးဒီဂရီကောလိပ်(ရန်ကုန်)မှာတက်ရောက် နေတာပါ၊ ဒီကနေ့အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) ၌ သွားရောက်ဖြေရှင်းတဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ကို လေဆိပ်မှာ လာရောက်ကြိုဆိုခွင့်ရတဲ့အတွက်လည်း ပျော်ပါတယ်။ နိုင်ငံတကာအလယ်မှာ ကျွန်တော်တို့မြန်မာနိုင်ငံကိုမတရားသဖြင့် တရားစွဲထားတာကို ဖြေရှင်းပေးကြတဲ့ အတွက် ဂုဏ်ယူမိပါတယ်။ ယနေ့လူငယ် နောင်ဝယ် လူကြီးဆိုတဲ့စကားအတိုင်း နိုင်ငံတာဝန်တွေကို တတ်နိုင်တဲ့ဘက်က ပါဝင်ဆောင်ရွက်သွားမှာပါ၊ နိုင်ငံသား ကောင်းတစ်ယောက်ဖြစ်အောင်လည်း ကြိုးစားသင်ယူသွားမှာပါ။

**မပုတု**

ကျွန်မနာမည်မပုတုပါ၊ ကျွန်မတို့နိုင်ငံ တော်ရဲ့ဂုဏ်သိက္ခာအတွက် တရားမျှတတဲ့ အမှန်တရားအတွက် တစ်ခဲနက်ထောက်ခံ အားပေးတယ်ဆိုတဲ့အထိမ်းအမှတ်အနေ နဲ့ လာရောက်ကြိုဆိုခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ မြန်မာနိုင်ငံသားတွေသည် ယဉ်ကျေးမှု အင်မတန်မြင့်မားသောလူမျိုးတွေဖြစ် တယ်။ ဘာသာတရားရဲ့အဆီအနှစ်တွေ ထုံမွမ်းထားတယ်၊ မြန်မာလူမျိုးများသည် စာနာထောက်ထားသောလူမျိုးများဖြစ် တယ်။ ဒါကြောင့်မြန်မာလူမျိုးများသည် ဘယ်တော့မှလူမျိုးသုဉ်းသတ်ဖြတ်မှာ မဟုတ်ဘူးဆိုတာ ကျွန်မအပြည့်အဝ ယုံကြည်ပါတယ်။ မြန်မာနိုင်ငံသား တစ်ယောက်အနေနဲ့ ကျွန်မတို့အခု လိုမျိုးမဟုတ်မမှန်ခိုင်လုံသောသက်သေ အထောက်အထားမရှိဘဲနဲ့ လူမျိုးသုဉ်း သတ်ဖြတ်ပါတယ်ဆိုတဲ့ စွပ်စွဲချက်ကို




ကန့်ကွက်ရှုတ်ချခြင်းအနေနဲ့လာရောက် ခြင်းဖြစ်ပါတယ်၊ သူရဲကောင်းတို့အိမ်ပြန် ခရီးမှာ ကျွန်မတို့ပြည်သူတွေကဆိုင်း တွေဗုံတွေတီးပြီး ခမ်းနားစွာကြိုဆိုကြ ပါတယ်။

**မဖြိုးသီရိကျော်**



သဃ်န်းကျွန်းပညာရေးဒီဂရီကောလိပ် ကပါ၊ ပထမနှစ်ကျောင်းသူပါ၊ နိုင်ငံတော် အတွက် အခုလို လျှောက်လဲချက်တွေ အောင်မြင်တယ်ဆိုတော့ အဓိကကတော့ ဝမ်းသာပါတယ်။ ပျော်လည်းပျော်ပါတယ် ရှင့်၊ ဒီကိုလာရတဲ့အတွက်လည်း အများ ကြီးဝမ်းသာပါတယ်။ ဒါပေမဲ့လည်း ကြိုဆိုနိုင်အောင် ဆောင်ရွက်ပေးတဲ့သူ တွေကိုလည်း ကျေးဇူးတင်ပါတယ်၊ အခုလို လာရောက်ကြိုဆိုရလို့လည်း ကိုယ့်ကိုယ် ကိုယ်ဂုဏ်လည်းယူပါတယ်၊ ဝမ်းလည်း ဝမ်းသာပါတယ်။ ။

**ရန်ကုန် သတင်းအဖွဲ့**

ကမ္ဘာ့ရေဝပ်ဒေသများနေ့ (World Wetlands Day 2026) ဂုဏ်ပြုဆောင်းပါး

# ယဉ်ကျေးမှုအမွေအနှစ်များဖြင့် ဂုဏ်ယူဝင့်ကြွားဖို့ ရေဝပ်ဒေသများနှင့်ရိုးရာအသိပညာများထိန်းသိမ်းစို့

သစ်တောမောင်

**ကမ္ဘာ့ရေဝပ်ဒေသများနေ့ (World Wetlands Day)**

နှစ်စဉ်ဖေဖော်ဝါရီလ ၂ ရက်နေ့သည် ကမ္ဘာ့ရေဝပ်ဒေသများနေ့(**World Wetlands Day**)ဖြစ်ပြီး ၁၉၇၁ ခုနှစ်တွင် ချမှတ်ခဲ့သော အစိုးရအချင်းချင်း သဘောတူစာချုပ်ဖြစ်သည့် ရေဝပ်ဒေသများ ကွန်ဗင်းရှင်း (Convention on Wetlands) ၏ နှစ်ပတ်လည်နေ့လည်းဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၇၁ နိုင်ငံရှိပြီး ရေဝပ်ဒေသထိန်းသိမ်းရေးအရှိန်အဟုန်မြှင့်တင်နိုင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံတိုင်းက ကမ္ဘာ့ရေဝပ်ဒေသများနေ့အခမ်းအနားများကို ကျင်းပကြသည်။



မြန်မာ့ဒေသရင်းငှက်မျိုးစိတ်ဖြစ်သည့် ဧရာဝတီဗွတ်စာမွဲများကိုတွေ့ရစဉ်။ (မျိုးသုဉ်းရန် ခြိမ်းခြောက်မှုအဆင့်သို့ နီးကပ်နေသောမျိုးစိတ်)

၂၀၂၆ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့ ဆောင်ပုဒ်မှာ **"ယဉ်ကျေးမှုအမွေအနှစ်များဖြင့် ဂုဏ်ယူဝင့်ကြွားဖို့ ရေဝပ်ဒေသများနှင့် ရိုးရာအသိပညာများထိန်းသိမ်းစို့" (Wetlands and Traditional Knowledge: Celebrating Cultural Heritage)** ဟူ၍ သတ်မှတ်ထားသည်။ ရေဝပ်ဒေသထိန်းသိမ်းရေးတွင် ခေတ်မီနည်းပညာများအပြင် ဒေသခံပြည်သူများ၏ အစဉ်အဆက်လက်ဆင့်ကမ်းလာသည့် ရိုးရာအသိပညာ၊ ယဉ်ကျေးမှုဆိုင်ရာ အလေ့အကျင့်ကောင်းများကိုလည်း အသိအမှတ်ပြုလေးစားပြီး ရေဝပ်ဒေသထိန်းသိမ်းစီမံအုပ်ချုပ်မှု၌ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် ရေဝပ်ဒေသများကို ပိုမိုထိရောက်စွာထိန်းသိမ်းဆောင်ရွက်နိုင်သည်သာမက ရိုးရာယဉ်ကျေးမှုများကိုပါ မြှင့်တင်ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း အလေးပေးဖော်ညွှန်းထားခြင်းဖြစ်သည်။

**မြန်မာနိုင်ငံ၏ နိုင်ငံတကာအသိအမှတ်ပြု ရမ်ဆာရေဝပ်ဒေသများ**

အမြဲတမ်း သို့မဟုတ် ရာသီအလိုက် ရေလွှမ်းမိုးနေသော မြေဧရိယာများကို ရေဝပ်ဒေသများဟုခေါ်ဆိုနိုင်ပြီး ၎င်းရေဝပ်ဒေသများသည် သဘာဝဂေဟစနစ်တစ်ခုအဖြစ်တည်ရှိနေရုံသာမက လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှု၊ ရိုးရာအသိပညာနှင့် ပေါင်းစပ်နေသည့် နယ်မြေများဖြစ်သည်။

ရေဝပ်ဒေသများသည် နိုင်ငံတစ်နိုင်ငံချင်းစီအတွက်သာမက ဒေသတွင်းနှင့် ကမ္ဘာ့ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ဂေဟစနစ်တည်ငြိမ်ရေး အတွက်လည်း အထူးအရေးပါသည့်အလျောက် တစ်ကမ္ဘာလုံးအဆင့်အနေဖြင့် ရေဝပ်ဒေသများကို ဝိုင်းဝန်းထိန်းသိမ်းကြရန် အတွက် "ရေဝပ်ဒေသများ ကွန်ဗင်းရှင်း (Convention on Wetlands)" ကို ၁၉၇၁ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်တွင် အီရန်နိုင်ငံ ရမ်ဆာမြို့ (Ramsar) ၌ ဖွဲ့စည်းခဲ့သည်။

ဇီဝဘူမိထူးခြားသည့် ဒေသအတွင်း၌ သဘာဝအတိုင်းတွေ့ရသည့် သို့မဟုတ် သဘာဝနီးပါးရှိနေသည့် ထူးခြားရှားပါးသည့် ရေဝပ်ဒေသ၊ ထူးခြားသော ဇီဝဘူမိဒေသ၏ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းရန်အတွက် အပင်နှင့်တိရစ္ဆာန်မျိုးစိတ်များကိုထောက်ပံ့ပေးသည့် ရေဝပ်ဒေသ၊ အပင်နှင့်တိရစ္ဆာန်မျိုးစိတ်များ၏ အသက်ရှင်နေထိုင်မှု၌ အကောင်းဆုံးအခြေအနေကိုပေးနိုင်သော သို့မဟုတ် မတူညီသော အသက်ရှင်နေထိုင်မှု၌ ခိုလှုံခွင့်ပေးနိုင်သော ရေဝပ်ဒေသ၊ ရေပျော်ငှက်ပေါင်း ၂၀၀၀၀ နှင့်အထက် ပုံမှန်ကျက်စားနိုင်သော ရေဝပ်ဒေသ အစရှိသည့် စံသတ်မှတ်ချက်များနှင့်ကိုက်ညီသည့် ရေဝပ်ဒေသများကို နိုင်ငံတကာမှအသိအမှတ်ပြုပြီး **ရမ်ဆာရေဝပ်ဒေသများ**အဖြစ် အမည်ခေါ်တွင်သည်။

**မြန်မာနိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် ရမ်ဆာကွန်ဗင်းရှင်းအဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့ပြီး ယနေ့အထိ နိုင်ငံတကာအဆင့်အရေးပါသော ရေဝပ်ဒေသခုနစ်ခု မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (၂၀၀၄)၊ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (၂၀၁၆)၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (၂၀၁၇)၊ မုတ္တမပင်လယ်ကွေ့ဒေသ (မွန်ပြည်နယ်အပိုင်း) (၂၀၁၇) နှင့် တိုးချဲ့အပိုင်း(၂၀၂၀)၊ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (၂၀၁၈)၊ နံ့သာကျွန်းနှင့် မေယုမြစ်ဝဒေသ (၂၀၂၀)၊ ပြူကန် (၂၀၂၄) ကို ရမ်ဆာရေဝပ်ဒေသများအဖြစ် သတ်မှတ်ထားပြီးဖြစ်သည်။**




သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် မြန်မာနိုင်ငံ၏ ရေဝပ်ဒေသများ စီမံအုပ်ချုပ်သည့်အဖွဲ့အစည်း (Administrative Authority) အဖြစ် ရေဝပ်ဒေသ ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။



အင်းတော်ကြီးကန်၊ ရေပျော်ငှက်များနှင့် ဘာသာရေးဆိုင်ရာယဉ်ကျေးမှုတို့ကိုတွေ့ရစဉ်။

**ရေဝပ်ဒေသများနှင့် ရိုးရာအသိပညာများ**

ရေဝပ်ဒေသများနှင့် ဒေသခံများ၊ တိုင်းရင်းသားလူမျိုးများ၏ရိုးရာအသိပညာ၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများသည် ရာစုနှစ်ပေါင်းများစွာကတည်းက ဒွန်တွဲတည်ရှိခဲ့ကြသည်။ မြန်မာနိုင်ငံရှိ ရမ်ဆာရေဝပ်ဒေသများနှင့် ဒေသခံရိုးရာအသိပညာဆက်စပ်မှုများကို ကြည့်မည်ဆိုပါက ရှမ်းပြည်နယ်ရှိ အင်းလေးကန်ရေဝပ်ဒေသ၌ တွေ့ရှိရသော ရိုးရာစိုက်ပျိုးနည်းစနစ်ဖြစ်သည့် ကျွန်းမျောစိုက်ပျိုးရေးသည် ရေဝပ်ဒေသ၏ မြေဆီလွှာနှင့် ရေအရင်းအမြစ်ကို ထိရောက်စွာအသုံးပြုလျက်ရှိသည့် သာဓကတစ်ခုဖြစ်သည်။ အင်းသူ၊ အင်းသားတို့၏ ခြေတစ်ချောင်းထောက်၍ လှေလှော်ခြင်းသည် ထူးခြားသည့် ရိုးရာအစဉ်အလာတစ်ခုဖြစ်သည်။ အင်းသူ၊ အင်းသားတို့၏ ရိုးရာငါးဖမ်းကိရိယာများသည် အရွယ်ရောက်ပြီးသော ငါးများကိုသာ ရွေးချယ်ဖမ်းဆီးနိုင်သည့် ရိုးရာပိုက်များ၊ မျှောပိုက်များနှင့် မြှုံးများကို အသုံးပြုခြင်းဖြင့် ငါးမျိုးသုဉ်းမှုကို လျော့ပါးစေခြင်း၊ ကန်အတွင်းမှ ရေညှိ ရေမှော်များဆယ်ယူကာ တိရစ္ဆာန်အစာအဖြစ်အသုံးပြုမှုသည် ကန်အတွင်းသန့်စင်စေခြင်း၊ ငှက်များဥဥချိန် သို့မဟုတ် ငါးများသားပေါက်ချိန်တွင် ရေဝပ်ဒေသအတွင်းဝင်ရောက်ခြင်းကို ကန့်သတ်သည့် ရိုးရာထုံးတမ်းများ၊ ရေဝပ်ဒေသများတွင် ပေါက်ရောက်သော ဆေးဖက်ဝင်အပင်များ အသုံးပြုမှုကို မျိုးဆက်တစ်ခုမှတစ်ခုသို့ လက်ဆင့်ကမ်းပေးခဲ့ကြသည်။

မိုးယွန်းကြီးအင်းသည်လည်း ရေပျော်ငှက်များနှင့် ဆောင်းခိုငှက်များအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများအတွက်နေထိုင်ကျက်စားရာဒေသအဖြစ် ထောက်ပံ့ပေးလျက်ရှိသည့်အပြင် ဒေသခံတို့၏ လူမှုစီးပွားကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိသည်။ ဒေသခံများမှ မိုးယွန်းကြီးအင်းက ထောက်ပံ့ပေးလျက်ရှိသော ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ထွက်ကုန်ပစ္စည်းများအား ရေးယခင်ကပင် အကျိုးရှိစွာအသုံးပြုခြင်းများအား ဆောင်ရွက်လျက်ရှိသည်။ မိုးယွန်းကြီးအင်း ရေဝပ်ဒေသဝန်းကျင်ရှိ ဒေသခံများအနေဖြင့် ကြာပန်းများကို ဘုရားပန်းအဖြစ်ရောင်းချခြင်း၊ ကြာခွက်၊ ကြာစွယ်ခူးယူရောင်းချခြင်းတို့သာ လုပ်ကိုင်ကြရာမှ ကြာချည်ထုတ်လုပ်သည့် လုပ်ငန်းများကိုလည်း လုပ်ကိုင်ခဲ့ကြသည်။

**ဧရာဝတီတိုင်းဒေသကြီးရှိမိန်းမလှကျွန်း ရမ်ဆာရေဝပ်ဒေသဝန်းကျင်ရှိဒေသခံများသည် ဒီရေတောများ၏ အရေးပါမှုကို သိရှိနားလည်ကာ "ဒီရေတောများက မုန်တိုင်းဒဏ်ကို ကာကွယ်ပေးသည်" ဆိုသည့်အသိသည် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းပြီးသည့်နောက် ဒေသခံများအကြားတွင် ရိုးရာအသိတစ်ခုကဲ့သို့ ပိုမိုစွဲမြဲလာခဲ့ပြီး ဒီရေတောများစိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်းတို့တွင် ပူးပေါင်းပါဝင်လျက်ရှိသည်။**

ထိုနည်းတူစွာ မြန်မာနိုင်ငံမြောက်ဖျားပိုင်း ကချင်ပြည်နယ်ရှိ အင်းတော်ကြီးကန်သည်လည်း နိုင်ငံတကာအသိအမှတ်ပြုမှုများစွာရှိသည့် မြန်မာနိုင်ငံ၏ အကြီးဆုံး သဘာဝရေချိုကန်ကြီးတစ်ခုဖြစ်သည်။ အင်းတော်ကြီးဒေသတွင် နေထိုင်ကြသော တိုင်းရင်းသားတို့၏ ရိုးရာဓလေ့များသည် အင်းတော်ကြီးရေဝပ်ဒေသ ဂေဟစနစ်ကို ထိန်းသိမ်းရာတွင်အထောက်အကူပြုလျက်ရှိသကဲ့သို့ **"တောတောင်ရှိမှ ရေရှိမည်"** ဆိုသည့် ရိုးရာအသိအမြင်နှင့် သစ်တောများကိုလည်း ထိန်းသိမ်းကာကွယ်ကြသည်။ ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းခြင်းဖြင့် ပတ်ဝန်းကျင်ဂေဟစနစ်များကို ပိုမိုကောင်းမွန်သည့် နည်းလမ်းများဖြင့် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအထောက်အကူပြုလျက်ရှိသည်။

**ဆောင်းခိုငှက်များ**

ဆောင်းခိုငှက်များဆိုသည်မှာ ရာသီဥတုအခြေအနေ၊ အစာရေစာရှားပါးမှုနှင့် မျိုးပွားရန် ပတ်ဝန်းကျင်ကောင်းများ ရှာဖွေရန်အတွက် နေရာတစ်ခုမှတစ်ခုသို့

**စာမျက်နှာ ၁၃ သို့** *

*** စာမျက်နှာ ၁၂ မှအဆက်**

ရာသီအလိုက် အုပ်စုလိုက် ရွှေ့ပြောင်းသွားလာတတ်သောငှက်များကို ခေါ်ခြင်းဖြစ်သည်။ ငှက်များဆောင်းခိုရခြင်း၏ အဓိကအကြောင်းရင်းမှာ ရှင်သန်ရပ်တည်ရေးအတွက်ဖြစ်သည်။ ဥပမာ-ရာသီဥတုဆိုးဝါးပြင်းထန်သည့် ဆောင်းရာသီတွင် အလွန်အေးသောဒေသများမှ နွေးထွေးသောဒေသများသို့ ရွှေ့ပြောင်းကြသည်။ ရေခဲပြီး အပင်များခြောက်သွေ့သွားသည့်အခါ အစာရှာရခက်ခဲလာသဖြင့် အစာပေါများသော နေရာသို့သွားကြသည်။ မျိုးပွားခြင်းလုပ်ငန်းစဉ်အတွက် ဥဥရန်နှင့် သားပေါက်ရန်ဘေးကင်းပြီး သင့်လျော်သောပတ်ဝန်းကျင်ကို ရှာဖွေခြင်းဖြစ်သည်။

ငှက်များသည် မိုင်ပေါင်းထောင်ချီသောခရီးကို အံ့သြဖွယ်ကောင်းသော နည်းလမ်းများဖြင့် ဖြတ်သန်းကြသည်။ နေ၊ လ၊ ကြယ်များ၏ အနေအထားနှင့် ကမ္ဘာ့သံလိုက်စက်ကွင်း(Magnetic Field) ကိုအသုံးပြု၍ လမ်းကြောင်းရှာဖွေကြသည်။ မြစ်များ၊ တောင်တန်းများနှင့်ကမ်းရိုးတန်းများကို လမ်းညွှန်အမှတ်အသားများ၊ မှတ်တိုင်များအဖြစ် မှတ်သားထားတတ်ကြသည်။ အများအားဖြင့် "V" ပုံစံအုပ်စုလိုက် ပျံသန်းကြသည်။ ထိုသို့ပျံသန်းခြင်းဖြင့် လေတိုးအားကိုလျှော့ချနိုင်ပြီး ခွန်အားချွေတာနိုင်ကာ ခရီးဝေးကိုပျံသန်းနိုင်ကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ဆောင်းခိုငှက်ပျံသန်းရာ လမ်းကြောင်းကြီးကိုးခုအနက် အာရှအလယ်ပိုင်းလမ်းကြောင်း (Central Asian Flyway) နှင့် အရှေ့အာရှ-ဩစတြေးလျလမ်းကြောင်း (East Asian-Australasian Flyway) ပေါ်တွင် တည်ရှိသည်။ ဆောင်းခိုငှက်များသည် ဂေဟစနစ်မျှခြေကို ထိန်းညှိပေးရုံသာမက သဘာဝပတ်ဝန်းကျင်အခြေအနေကို ပြသသောပြဒါးတိုင်များလည်းဖြစ်ကြသည်။ ထို့ကြောင့် ဆောင်းခိုငှက်များ နားခိုရာစိမ့်မြေများနှင့် အင်းအိုင်များ တစ်နည်းအားဖြင့် ရေဝပ်ဒေသများကို ထိန်းသိမ်းစောင့်ရှောက်ရန် အလွန်အရေးကြီးသည်။

ဆောင်းခိုငှက်မျိုးစိတ်များသည် မြန်မာနိုင်ငံရှိ ရေဝပ်ဒေသများသို့ နှစ်စဉ်အောက်တိုဘာလမှဧပြီလအထိ ကျရောက်ကျက်စားကြသည်။ အဆိုပါ ငှက်မျိုးစိတ်များအနက် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေအရလုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန် စာရင်းဝင်နှင့် အပြည်ပြည်ဆိုင်ရာသဘာဝထိန်းသိမ်းရေးအဖွဲ့ (International Union for Conservation of Nature: IUCN) ၏ အနီရောင်အဆင့် (Red List) စာရင်းဝင်ဖြစ်သော မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိနေသော မျိုးစိတ် (Critically Endangered: CR) ဖြစ်သည့် ရေညှောင့်နှုတ်ဝိုင်းငှက် (Spoon-billed Sandpiper)၊ မျိုးသုဉ်းရန်အန္တရာယ်ရှိသောမျိုးစိတ် (Endangered: EN)ဖြစ်သည့်နော်မန်ခြေစိမ်း (Nordmann's Greenshank)၊ နော့ (Great Knot)၊ မျိုးသုဉ်းရန် ခြိမ်းခြောက်မှုအဆင့်သို့ နီးကပ်နေသော မျိုးစိတ်ဖြစ်သည့် အမြီးနက်ဂေါ့ဒွစ် (Black-tailed Godwit) များသည် မုတ္တမပင်လယ်ကွေ့ဒေသ၊ နံ့သာကျွန်းနှင့် မေယုမြစ်ဝ၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများတွင် တွေ့ရှိရသည်။

မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိနေသော မျိုးစိတ် (CR) ဖြစ်သည့် ပို့ချပ်ခေါင်းစိမ်း (Baer's Pochard)၊ မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သော မျိုးစိတ် (Vulnerable:VU) ဖြစ်သည့် ပို့ချပ်ဘဲ (Common Pochard)၊ မျိုးသုဉ်းရန် ခြိမ်းခြောက်မှုအဆင့်သို့ နီးကပ်နေသော မျိုးစိတ် (Near Threatened:NT) ဖြစ်သည့် ဘဲနီစပ် (Ferruginous Pochard)၊ ခရုစုတ်ခေါင်းမည်း(Black-headed Ibis)၊ နှုတ်သီးကောက်ကြီး (Eurasian Curlew)၊ ဘဲတောင်ရှည် (Falcated Duck) နှင့် ဌာနေရေပျော်ငှက်များတွင် မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သော မျိုးစိတ် (VU) ဖြစ်သည့် ကြိုးကြာခေါင်းနီ (Sarus Crane)၊ မျိုးသုဉ်းရန်ခြိမ်းခြောက်မှုအဆင့်သို့ နီးကပ်နေသောမျိုးစိတ် (NT) ဖြစ်သည့် ငှက်ကြီးဝန်ပို (Spot-billed Pelican)၊ ဥပန်း (Oriental Darter) မျိုးစိတ်တို့အား အင်းတော်ကြီး၊ မိုးယွန်းကြီးအင်းနှင့် အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများတွင် တွေ့ရှိရသည်။



မြစ်တွေးအား ငှက်နားနေတန်းတွင် တွေ့ရစဉ်။(မိုးယွန်းကြီးအင်း)

၂၀၂၅ ခုနှစ်အတွင်း ငှက်စာရင်းကောက်ယူမှုများအရ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောတွင် ငှက်မျိုးစိတ် ၁၅၁ မျိုး၊ ကောင်ရေ ၉၅၄၁၇ ကောင်၊ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ငှက်မျိုးစိတ် ၁၄၁ မျိုး၊ ကောင်ရေ ၇၈၃၄၆ ကောင်၊ မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ငှက်မျိုးစိတ် ၁၅၃ မျိုး၊ ကောင်ရေ ၁၂၃၅၁၆ ကောင်၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ငှက်မျိုးစိတ် ၁၀၇ မျိုး၊ ကောင်ရေ ၁၀၆၀၆ ကောင် မှတ်တမ်းတင်နိုင်ခဲ့သည်။

**မြန်မာ့ဒေသမျိုးရင်း ငှက်မျိုးစိတ်များနှင့် ရေပျော်ငှက်မျိုးစိတ်များ**

ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံတွင်မှ မတွေ့ရှိရဘဲ မြန်မာတစ်နိုင်ငံတည်းတွင်သာတွေ့ရှိနိုင်သော ဒေသရင်းငှက်မျိုးစိတ် ၁၃ မျိုးရှိပြီး ၎င်းဒေသရင်းငှက်မျိုးစိတ်များအပါအဝင် ငှက်မျိုးစိတ် ၁၁၄၆ မျိုးခန့်ကို မှတ်တမ်းတင်ထားသည်။ မြန်မာနိုင်ငံ၌ တွေ့ရှိမှတ်တမ်းတင်ထားသည့် ရေပျော်ငှက်အမျိုးအစား ၂၀၆ မျိုးခန့်ရှိသည်။

ဒေသမျိုးရင်းငှက်များမှာ မြန်မာဘီလုံးငှက် (Burmese Bushlark)၊ ချိုးလင်းပြာ (Burmese Collared Dove)၊ ငှက်လက်မမြီးရှည်ညို (Burmese Prinia cooki)၊ မြန်မာတစ် (Burmese Tit)၊ ဧရာဝတီဖွတ်စာမွဲ (Streak eared Bulbul/ Ayeyarwaddy Bulbul)၊ ဖွတ်လည်ဖြူ (Grey-crowned Bulbul)၊ ဖွတ်မျက်ကွင်းဖြူ (Pale-eyed Bulbul)၊ နဖားကြုံး (Hooded Treepie)၊ ဧရာဝတီငှက်ဆတ်နီ (Irrawaddy Broadbill)၊ ငှက်မင်းသားဗိုက်ဖြူ (White-bellied Minivet/ Jerdon's Minivet)၊ နောင်မွန်းငှက်ညို နှုတ်သီးကောက် (Naung Mung Wren-babbler)၊ မျက်ခုံးဖြူငှက်ပြာခြောက် (White-browed Nuthatch)နှင့်စွေ့ (White- throated Babbler) တို့ဖြစ်သည်။

**ရေဝပ်ဒေသများနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှု**

ယဉ်ကျေးမှု အမွေအနှစ်များနှင့် ဆက်စပ်လျက်ရှိသည့် ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝသည့် ရေဝပ်ဒေသဂေဟစနစ်များသည် သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် အပန်းဖြေလုပ်ငန်း စသည့် အလုပ်အကိုင်များကို ဖန်တီးပေးလျက်ရှိသည်။ ငှက်အခြေပြုခရီးသွားလုပ်ငန်း (Bird Watching Tourism) သည် အများအားဖြင့် ရေဝပ်ဒေသများကို အခြေခံသည့် သဘာဝအခြေခံခရီးသွားလုပ်ငန်းတစ်ခုဖြစ်သည်။

ရေဝပ်ဒေသများသည် ၎င်းတို့အပေါ်တွင် မှီတင်းနေထိုင်သည့် ငှက်မျိုးစိတ်များ၊ ဆောင်းခိုငှက်များအား စိတ်ဝင်စားစွာလေ့လာလျက်ရှိသည့် ငှက်ဝါသနာရှင်များ၊ သိပ္ပံပညာရှင်များအတွက် မဖြစ်မနေသွားရောက်လေ့လာရသည့် နေရာဒေသများဖြစ်သည်။ ငှက်အခြေခံခရီးသွားလုပ်ငန်းနှင့် ဒေသဆိုင်ရာယဉ်ကျေးမှုအမွေအနှစ်အချက်အလက်များကို ဆက်စပ်ပေးခြင်းအားဖြင့် ရေဝပ်ဒေသများ၏ တန်ဖိုးကို အများပြည်သူပိုမိုသတိထားမိစေသည့်အပြင် ဒေသခံများ၏ မိမိတို့ဒေသအပေါ် ဂုဏ်ယူစိတ်နှင့် ချစ်မြတ်နိုးစိတ်များကို ပိုမိုဖြစ်ထွန်းစေသည်။ ရေဝပ်ဒေသအပေါ်တွင် မှီခိုနေသော ဒေသခံပြည်သူများ၏ စားဝတ်နေရေးအတွက် ငှက်အခြေခံခရီးသွားလုပ်ငန်းမှာ အရေးပါသည့်လုပ်ငန်းတစ်ခုဖြစ်သည်။

**ရေဝပ်ဒေသများ ရေရှည်တည်တံ့အသုံးပြုနိုင်ရေးနှင့် အနာဂတ်မျိုးဆက်သစ်များသို့ သဘာဝအမွေအနှစ်အဖြစ် လက်ဆင့်ကမ်းနိုင်ရေး**

ရေဝပ်ဒေသများတွင်နေထိုင်ကျက်စားသော ငှက်မျိုးစိတ်များကို ကြည့်ရှုလေ့လာခြင်းဖြင့် ငှက်များ၏နေထိုင်ကျက်စားမှုဘဝ၊ သဘာဝပတ်ဝန်းကျင်၊ အတူယှဉ်တွဲနေထိုင်သည့် အပင်နှင့်သတ္တဝါများ ချိတ်ဆက်နေသည့် အစာကွင်းဆက်များ အစရှိသည့် ဂေဟစနစ်ဆိုင်ရာ ဗဟုသုတများကို လေ့လာနိုင်ပြီး ကမ္ဘာမြေကြီး၏ သဘာဝ၊ ဇီဝသက်ရှိနှင့် လူသားတို့၏ ဘဝရှင်သန်ရပ်တည်မှု ဆက်စပ်ဖြစ်တည်မှုတို့ကို ပိုမိုသဘောပေါက်နားလည်လာမည်ဖြစ်ပြီး ထိန်းသိမ်းလိုစိတ်နိုးကြားလာစေရန်၊ ရေဝပ်ဒေသများနှင့် ဆက်စပ်တည်ရှိနေသည့် မိရိုးဖလာအသိပညာများ ထိန်းသိမ်းခြင်း၊ ခေတ်သစ်နည်းပညာများဖြင့် ပေါင်းစပ်အသုံးပြုနိုင်ရန် ရည်ရွယ်ချက်များဖြင့် ရေဝပ်ဒေသများကို အတူလက်တွဲထိန်းသိမ်းကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရင်း **“၂၀၂၆ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့”** ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## MWD Education, Knowledge & Sports Channel

၂-၂-၂၀၂၆(တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၀ | Grade - 5 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ |
| ၂။ | ၁၀:၀၀ - ၁၁:၀၀ | ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သိကောင်းစရာများ(မြန်မာစာဘာသာရပ်) | |
| ၃။ | ၁၅:၃၀ - ၁၆:၃၀ | Grade - 5 | လူမှုရေး၊ သိပ္ပံ |
| ၄။ | ၁၆:၃၀ - ၁၈:၁၀ | Grade - 9 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၅။ | ၁၈:၁၀ - ၁၈:၂၀ | Grade - 9 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၆။ | ၁၈:၂၀ - ၁၉:၃၀ | Grade - 9 | သမိုင်း၊ သိပ္ပံ |

## MWD Variety Channel

၂-၂-၂၀၂၆(တနင်္လာနေ့)

၁။ ၀၉:၅၀ စိတ်ဝင်စားဖွယ်ရာတိရစ္ဆာန်ကမ္ဘာ

၂။ ၁၂:၃၀ Knowledge Note

၃။ ၁၃:၃၅ ပေး၍မကုန်ပေ မွန်မြတ်လှတဲ့ပညာအမွေ

၄။ ၂၁:၁၀ မှတ်တမ်းအစီအစဉ်

# မာန်အောင်မြို့၊ မြို့မဘုန်းတော်ကြီးကျောင်းတိုက်ရှိ သံဃာတော်များအား ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး သံဃာတော်များအား နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုဖူးမြော်စဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီလ ၃၁ ရက် မွန်းလွဲပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရခိုင်ပြည်နယ်၊ မာန်အောင်မြို့၊ မြို့မဘုန်းတော်ကြီးကျောင်း၌ အခြေပြု၍ အဆိုပါကျောင်းတိုက်ရှိ သံဃာတော် ၃၀ ပါးတို့ကို အရိုးအကြောရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

| ၁-၂-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate) |
| --- |
| သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၆,၉၀၀,၀၀၀)ကျပ်ဖြစ်သည်။ |
| **ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ** |

| မြို့ | အနိမ့်ဆုံး | / အမြင့်ဆုံးအပူချိန် |
| --- | --- | --- |
| နေပြည်တော် | ၁၇°c / | ၃၄°c |
| ရန်ကုန် | ၂၀°c / | ၃၅°c |
| မန္တလေး | ၁၆°c / | ၃၂°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ မင်္ဂလာဒုံ(အောင်ဆန်းသူရိယလှသောင်းကျောင်း)၏ ၂၀၂၄-၂၀၂၅ ပညာရည်ချွန် ဘက်စုံထူးချွန်ဆုပေးပွဲကျင်းပပြုလုပ်



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ မင်္ဂလာဒုံ(အောင်ဆန်းသူရိယလှသောင်းကျောင်း)၏ ၂၀၂၄-၂၀၂၅ ပညာရည်ချွန်ဘက်စုံထူးချွန်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင်အဆိုပါကျောင်းရှိအောင်ဆန်းသူရိယလှသောင်းကျောင်းခန်းမ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများ၊ ပညာရေးမှူးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများအား ကျောင်းသား၊ ကျောင်းသူများ၏ တေးသီချင်းများဖြင့် သီဆို၍ ကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် တိုင်းမှူးက အမှာစကား ပြောကြားပြီး ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဘက်စုံထူးချွန် လူရည်ချွန်ဆုရရှိသူများ၊ တက္ကသိုလ်ဝင်တန်းအောင်ချက် အကောင်းဆုံး သုံးကြိမ်ဆက်တိုက်ရရှိအောင်သင်ကြားပို့ချပေးသော Grade 12 သင်ဆရာ၊ ဆရာမများကိုယ်စား ဆရာမကြီးတစ်ဦးနှင့် ထိုင်းနိုင်ငံ မဟာချက်ကရီ သီရိဒွိမင်းသမီး၏ အာဆီယံဆိုင်ရာ ဆရာထူးချွန်ဆုရရှိသူ ဆရာမတစ်ဦး၊ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ၂၀၂၅ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်အလိုက် အမှတ်အများဆုံးရရှိသော ကျောင်းသား၊ ကျောင်းသူများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး ဖျော်ဖြေတင်ဆက်မှုများအား ဆက်လက် ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ (၂၁)ကြိမ်မြောက် စုပေါင်းထမနဲထိုးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်သူရ ထမနဲထိုးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်သူရ ထမနဲထိုးပြိုင်ပွဲတွင် ဆုရရှိသည့်အသင်းအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁

မြန်မာတို့၏ (၁၂)လရာသီပွဲတော်များအနက် ကောက်ပဲသီးနှံ၊ ဆန်၊ စပါးတို့ထွက်ရှိပြီး ဖူလုံစေသည့်လဖြစ်သော တပို့တွဲလတွင်အဖွဲ့လိုက်စုပေါင်းဆောင်ရွက်ရသည့် စည်းလုံးညီညွတ်မှုစွမ်းအားကို ဖြစ်စေသော မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကို နိုင်ငံတစ်ဝန်းတွင် ဒေသအလိုက် စည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိကြသည်။

ထိုသို့ ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ (၂၁)ကြိမ်မြောက် စုပေါင်းထမနဲထိုးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်၊ ဘောလုံးကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်သူရနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များက ထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသည့်အသင်းများအား ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၆ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# အပြည်ပြည်ဆိုင်ရာတရားရုံး၌ ဂမ်ဘီယာနှင့် မြန်မာတို့၏အမှုနှင့်ပတ်သက်၍ ကြားနာပွဲသို့ တက်ရောက်တုံ့ပြန်ချေပလျှောက်လဲခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ





**ရန်ကုန် ဖေဖော်ဝါရီ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် တရားမျှတသောအမှန်တရားအတွက် နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)၌ တုံ့ပြန်ချေပလျှောက်လဲခဲ့သည့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီလ ၃၁ ရက်တွင် နယ်သာလန်နိုင်ငံမှ ပြန်လည်ထွက်ခွာလာရာ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ရဟန်းရှင်လူပြည်သူများ၊ အနုပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများက ဂုဏ်ပြုပန်းစည်းများပေးအပ်၍ ကြိုဆိုထောက်ခံကြောင်း ဗီနိုင်းပိုစတာများ ကိုင်ဆောင်ကာ နိုင်ငံတော်အလံများဝှေ့ယမ်းပြီး လှိုက်လှိုက်လှဲလှဲတစ်ခဲနက်ကြိုဆိုကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦး တို့ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝင်းအတွင်းကျင်းပရာ တက်ရောက်လာသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံတော်အား အလေးပြုကြပြီး နိုင်ငံတော်သီချင်းကို သံပြိုင်သီဆိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ပြောကြားရာ၌ ယခုကြားနာမှုမှာ နောက်ဆုံးအဆင့် နှစ်ဖက်စုံညီလျှောက်လဲကြားနာမှုဖြစ်ပြီး အမှု၏အရေးကြီးဆုံးအဆင့်ဖြစ်ကြောင်း၊ ထိုအမှု၏အရေးကြီးပုံကို အားလုံးလည်းသိရှိပြီးဖြစ်ကြောင်း၊ တရားရင်ဆိုင်မှုတွင် သရေမရှိ၊ ပူးတွဲချန်ပီယံမရှိဘဲ အနိုင်၊ အရှုံးနှစ်မျိုးသာရှိကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ထိုအမှုတွင် မည်သို့မျှအရေးနိမ့်၍မဖြစ်သည့်အတွက် မိမိတို့တစ်ဖွဲ့လုံးကျားကုတ်ကျားခဲကြိုးစား၍ရင်ဆိုင်ထုချေလျှောက်လဲခဲ့ကြပါကြောင်း၊ မိမိတို့အဖွဲ့ဆိုရာတွင် မြန်မာနိုင်ငံမှ သွားရောက်ရင်ဆိုင်ခဲ့သည့် သက်ဆိုင်ရာဝန်ကြီးဌာန ပေါင်းစုံပါဝင်သည့်လုပ်ငန်းအဖွဲ့နှင့် ဘရပ်ဆဲလ်မြို့ရှိမြန်မာသံရုံးမှ သံအမတ်ကြီးနှင့်တကွ သံရုံးဝန်ထမ်းများ၊ နိုင်ငံတကာရှေ့နေအဖွဲ့များ အတူတကွပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ အမှုရင်ဆိုင်ခဲ့သည့် ရက်ပေါင်း ၂၀ တွင် အချိန်လု၍ ဆောင်ရွက်ခဲ့ကြရကြောင်း၊ မိမိတို့အဖွဲ့သည် နေ့မအား၊ ညမအား ကြိုးပမ်းလုပ်ဆောင်ကြရကြောင်း၊ တချို့နေ့ရက်များတွင် ညလုံးပေါက် မနားတမ်းဆောင်ရွက်ခဲ့ကြရကြောင်း။

အမှန်တကယ်တွင် ထိုအမှုမှာ ရက်ပေါင်း ၂၀ သာ အပြင်းအထန်လုပ်ခဲ့ရသည်မဟုတ်ဘဲ မိမိတို့လုပ်ငန်းအဖွဲ့သည် အမှုတွင် ခိုင်ခိုင်မာမာတုံ့ပြန်ချေပနိုင်ရန် ငါးနှစ်ခန့် ကျားကုတ်ကျားခဲကြိုးပမ်းခဲ့ကြရကြောင်း၊ အခက်အခဲအမျိုးမျိုး၊ စိန်ခေါ်မှုအမျိုးမျိုးလည်း ကြုံခဲ့ရကြောင်း။

ယင်းအနေအထားမှ နောက်ဆုံးကြားနာမှုတွင် မိမိတို့ပြင်ပန်းခဲ့ရကျိုးနပ်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဥပဒေပိုင်းဆိုင်ရာတွင်သာမက အချက်အလက်ပိုင်းဆိုင်ရာမှာပါ ပြည့်ပြည့်စုံစုံခိုင်ခိုင်လုံလုံနှင့် အချိန်မီပြုစုတင်ပြလျှောက်လဲနိုင်ခဲ့ကြောင်း။

ပထမဆုံးကျေးဇူးတင်လိုသည်မှာ အမှုနှင့်ပတ်သက်၍ အစမှအဆုံးတိုင် မိမိတို့အဖွဲ့အား ယုံယုံကြည်ကြည်ဖြင့် တာဝန်ပေးအပ်ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်အကြီးအကဲနှင့်တကွ အားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း။

အလားတူ အမှုတစ်လျှောက်လုံး ငါးနှစ်တာကာလနှင့်နောက်ဆုံးတိုက်ပွဲရက် ၂၀ အထိ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အစစအရာရာ အနစ်နာခံ၊ အပင်ပန်းခံ ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် မိမိ၏ရဲဘော်ရဲဘက် ICJ လုပ်ငန်းအဖွဲ့ကိုလည်း အထူးပင်ကျေးဇူးတင်ရှိကြောင်း၊ မိမိတို့နှင့်အတူ မိမိတို့၏ အဖြစ်မှန်ကို နားလည်သိရှိ၍ မိမိတို့ဘက်မှ စေတနာအပြည့်ဖြင့် ဝတ်ကျေတန်းကျေမဟုတ်ဘဲ ခုခံကာကွယ်လျှောက်လဲပေးခဲ့သည့် နိုင်ငံတကာရှေ့နေအဖွဲ့ကိုလည်း အထူးပင်ကျေးဇူးတင်ရှိကြောင်း၊ ထို့ပြင် နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့၌ သွားရောက်တရားရင်ဆိုင်ခဲ့ရသည့် အကြိမ်တိုင်းတွင် အစစအရာရာအဆင်ပြေစေရန် ဝိုင်းဝန်းပံ့ပိုးပေးခဲ့ကြသည့် မြန်မာသံရုံး ဘရပ်ဆဲလ်မှ သံရုံးဝန်ထမ်းများ၊ တစ်ထောက်နားခဲ့သည့် လေဆိပ်များတွင် လာရောက်ကူညီခဲ့ကြသည့် သံရုံးဝန်ထမ်းများ၊ မိမိတို့ ဥပဒေစစ်မြေပြင်ရှေ့တန်းတွင် တိုက်ပွဲဝင်နိုင်စေရန် မြန်မာနိုင်ငံအတွင်းမှ အချက်အလက်များကို ပြည့်ပြည့်စုံစုံရအောင် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီပေးခဲ့ကြသည့် ဝန်ကြီးဌာနများ၊ မီဒီယာများနှင့် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် ရဲဘော်ရဲဘက်များအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း။

အထူးသဖြင့် မိမိတို့ ICJ ဆိုင်ရာ မြန်မာအဖွဲ့ကို ရင်ထဲ၊ အသည်းထဲမှ လှိုက်လှိုက်လှဲလှဲထောက်ခံအားပေးခဲ့ကြသည့် အမိမြန်မာပြည်မှ ပြည်သူလူထုကြီးတစ်ရပ်လုံးကို မိမိတို့အဖွဲ့က အစဉ်ထာဝရကျေးဇူးတင်နေမည်ဖြစ်ကြောင်း၊ ပြည်သူတစ်ရပ်လုံးက မိမိတို့နှင့်အတူ အားပေးရပ်တည်ခဲ့မှုသည် မိမိတို့အတွက် အဖိုးမဖြတ်နိုင်သည့် ခွန်အားဖြစ်ခဲ့ကြောင်း၊ ပြည်သူပါသည့်ဘက်က စစ်နိုင်သည်ဆိုသည့် ဆိုရိုးစကားအတိုင်း နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုကြီးတစ်ခုလုံး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ဆက်လက်ပြီး လက်တွဲဆောင်ရွက်ကြမည်ဆိုလျှင် မည်သည့်အခက်အခဲမဆို၊ ကြမ်းတမ်းသည့်စိန်ခေါ်မှုမျိုးကိုမဆို အောင်မြင်စွာကျော်လွှားနိုင်မည်ဟု ယုံကြည်ကြောင်း၊ မိမိတို့အားလုံး မျှော်လင့်တောင့်တနေကြသည့် နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် အားလုံးစည်းလုံးညီညွတ်မှုနှင့် ရွှေရောင်အနာဂတ်ကို အတူတကွလျှောက်လှမ်းကြပါစို့ဟု တိုက်တွန်းလိုကြောင်း။

မကြာခင်ပေါ်ပေါက်လာတော့မည့် နိုင်ငံတော်၏ အခင်းအကျင်းအသစ်နှင့်အတူ မိမိတို့ချစ်သည့် မြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် အေးချမ်းသာယာဖွံ့ဖြိုးရေးအတွက်ရည်မှန်း၍ မိမိတို့အားလုံး နိုင်ငံတော်အလံကို အလေးပြုပြီး နိုင်ငံတော်သီချင်းကို တက်တက်ကြွကြွသီဆိုကာ မိမိတို့၏နိုင်ငံချစ်စိတ်ကို ပြသပေးကြပါစို့ဟု မေတ္တာရပ်ခံလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဒေါက်တာသီတာဦးတို့ခေါင်းဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မော်တော်ယာဉ်တန်းဖြင့်ပြန်လည်ထွက်ခွာရာလမ်းတစ်လျှောက်တွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ရဟန်းရှင်လူပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများက ဗီနိုင်းပိုစတာများကိုင်ဆောင်ပြီး နိုင်ငံတော်အလံများဝှေ့ယမ်းကာ လှိုက်လှိုက်လှဲလှဲတစ်ခဲနက်ကြိုဆိုထောက်ခံကြောင်း ပြသခဲ့ကြသည်။

မြဝတီ

▲ ကျောဖုံးမှအဆက်

၁၆၀ ကီလိုဝပ် ရေတင်ပန့်သုံးလုံးတပ်ဆင်ပြီး ဒုဋ္ဌဝတီမြစ်မှရေတင်ယူ၍ ရေပေးမြောင်း ၆ ဒသမ ၇ မိုင်၊ တူးမြောင်းအဆောက်အအုံ ၈၅ ခုမှတစ်ဆင့် စိုက်ပျိုးမြေ ဧက ၅၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေကာ တစ်နှစ်ပတ်လုံး သီးနှံစိုက်ပျိုးနိုင်စေရန် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။



အဆိုပါ စဥ့်ကိုင်မြို့နယ် ဒုဋ္ဌဝတီမြစ်အနီးတွင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျွန်းဦးဆိုလာစနစ်ရေတင်စီမံကိန်းလုပ်ငန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ တစ်နှစ်လျှင် သီးနှံသုံးသီးစိုက်ပျိုးကြရန်နှင့် အခြေအနေပေးသည့်လယ်မြေ၌ စပါးနှစ်သီးနှင့် တောင်သူစိတ်ကြိုက်သီးနှံတစ်မျိုး စိုက်ပျိုးရန်တိုက်တွန်းပြောကြားသည်။

ယနေ့နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ် စွန်ရဲအင်းဒေသ STS Forward Co.,ltd. နို့စားနွားမွေးမြူရေးခြံ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး နို့စားနွားမွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာလုပ်ကိုင်နိုင်ရေးအတွက် သတ်မှတ်ထားသည့် နို့စားနွားကောင်ရေ ပြည့်မီအောင်မွေးမြူရေး၊ တိရစ္ဆာန်အစာပင်များကို စိုက်ကွက်အလိုက်အလှည့်ကျ ရိတ်သိမ်းကျွေးမွေးနိုင်ရေးနှင့် သန့်ရှင်းရေး၊ လုံခြုံရေးခြံလုပ်သားများ နေထိုင်ရေးစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ စနစ်တကျစီမံဆောင်ရွက်ရန် လိုအပ်ချက်များကိုဆွေးနွေးမှာကြားကာ နို့စားနွားမများ၊ နွားသားပေါက်များမွေးမြူထားရှိမှုကို ကြည့်ရှုသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပျော်ဘွယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲချောင်းမကြီးမျိုးသန့်ခြံရှိရေဆင်း (၁) စပ်မျိုးနေကြာ မျိုးစေ့ထုတ်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် နေကြာစိုက်ပျိုးမှုတိုးတက်လာစေရန် သီးနှံအရည်အသွေးနှင့် အထွက်နှုန်းမြင့်မားသောနေကြာမျိုးစေ့များ တောင်သူများအသုံးပြုစိုက်ပျိုးနိုင်ရေး ဆက်လက်ကြိုးပမ်းသွားကြရန် ဆွေးနွေးမှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

မြဝတီ

# ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အလှည့်ကျစနစ်ဖြင့်ပေးခြင်းကို ရပ်ဆိုင်းကာ တတ်နိုင်သမျှ အချိန်ပြည့်ဓာတ်အားဖြန့်ဖြူးခြင်းကို ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် ဖေဖော်ဝါရီ ၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)အစည်းအဝေးခန်းမ၌ ခရိုင်/မြို့နယ်လျှပ်စစ်မန်နေဂျာများ၊ လျှပ်စစ်အင်ဂျင်နီယာများ၊ ဘဏ္ဍာရေးမှူးများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ၊ ဦးစီးဌာန၊ လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ တိုးတက်သုံးစွဲလာမည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရန်အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် ဓာတ်အားထုတ်လုပ်မှုကို တိုးမြှင့်ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်ခဲ့ရာ ၅၀၀ မဂ္ဂါဝပ် LNG ဓာတ်အားပေးစက်ရုံစီမံကိန်းကို အောင်မြင်စွာတည်ဆောက်နိုင်ခဲ့သဖြင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်မှစ၍ ၎င်းစက်ရုံမှ ဓာတ်အား မဂ္ဂါဝပ် ၅၀၀ ကို စတင်ဖြည့်တင်းပေးနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ယခုအခါ တစ်ရက်လျှင် စုစုပေါင်း ၃၄၀၀ မဂ္ဂါဝပ် (၆၀၀၀၀ မဂ္ဂါဝပ်နာရီ)အထိ ထုတ်လုပ်ရရှိနေပြီဖြစ်ရာ ဝန်အားမျှဝေ၍ အလှည့်ကျစနစ်ဖြင့်ပေးခြင်းကိုရပ်ဆိုင်းကာ တတ်နိုင်သမျှ အချိန်ပြည့် ဓာတ်အားဖြန့်ဖြူးခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လျှပ်စစ်ဓာတ်အားပို့လွှတ်မှုနှင့် ဖြန့်ဖြူးမှုအပိုင်းတွင် တည်ငြိမ်ပြည့်ဝသည့်ဓာတ်အားစနစ်ရရှိရေးတို့ကို ဟန်ချက်ညီတိုးတက်ကောင်းမွန်စေရန် စီမံဆောင်ရွက်မှုများအပေါ် အားလုံးတက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဓာတ်အားခပြောင်းလဲမှုများတွင် ပြည်သူလူထုသုံးစွဲနေသော အိမ်သုံးမီတာခများအနေဖြင့် ပြောင်းလဲမှုမရှိဘဲ ယခင်နှုန်းထားအတိုင်းသာဖြစ်ပြီး ယခင်စက်မှုလုပ်ငန်းများတွင် သုံးစွဲခဲ့သည့်ဓာတ်အားများကို ပြည်သူလူထုမှ ပိုမိုသုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ဓာတ်အားခ ကောက်ခံရာတွင်လည်း ရရှိသင့်သော နိုင်ငံတော်၏ဘဏ္ဍာငွေကို အလေအလွင့်မရှိစေရေး၊ အလွဲသုံးစားမှုများ မဖြစ်ပေါ်စေရေးနှင့် ဓာတ်အားခကြွေးကျန်များကို ရာနှုန်းပြည့်ကောက်ခံရရှိရေး တွန်းအားပေးဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ရွှေပြည်သာမြို့နယ်သို့ ရောက်ရှိပြီး အမှတ်(၄)လမ်းမကို ရှစ်လမ်းသွားလမ်းမကြီးအဖြစ် အဆင့်မြှင့်တင်တိုးချဲ့ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် လမ်းနယ်နှင့် မလွတ်ကင်းသောဓာတ်အားလိုင်းများအား လမ်းမကြီးနှင့်လွတ်ကင်းရာသို့ ပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှု၊ ကမ်းသာယာလမ်းဆုံအနီး ၆၆ ကေဗွီ လှော်ကား – ရွာမ(သံမဏိ) ဓာတ်အားလိုင်းပြောင်းရွှေ့တည်ဆောက်ခြင်း အပြီးသတ်လုပ်ငန်း ဆောင်ရွက်နေမှု၊ အမှတ်(၄) လမ်းမကြီး လမ်းလယ်ကျွန်းများပေါ်တွင် လမ်းမီးများ ထွန်းညှိနိုင်ရေးအတွက် လမ်းမီးတိုင်များ စိုက်ထူပြီးစီးနေမှုနှင့် စိုက်ထူရန်ကျန်ရှိသည့် လမ်းမီးတိုင်များ စိုက်ထူနိုင်ရေး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့သို့ ရောက်ရှိပြီး မြို့ရှောင်ရထားလမ်း ဖောက်လုပ်ရာတွင်လွတ်ကင်းမှုမရှိသည့် ၂၃၀ ကေဗွီ ဘီလူးချောင်း(၂) – တောင်ငူ ဓာတ်အားလိုင်း ပြောင်းရွှေ့တည်ဆောက်နိုင်ရန် တာဝါတိုင်ဖောင်ဒေးရှင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးနေမှုအခြေအနေနှင့် တာဝါတိုင်များစိုက်ထူနိုင်ရန်တိုင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားသည်။

တောင်ငူမြို့ရှောင် ရထားလမ်းသစ်ဖြတ်ကျော်နေရာတွင် တည်ရှိနေသည့် ၂၃၀ ကေဗွီ ဘီလူးချောင်း(၂)–တောင်ငူဓာတ်အားလိုင်းအား တာဝါတိုင်ကိုးတိုင်ဖြင့် လိုင်းအူကြောင်း ပြောင်းရွှေ့တည်ဆောက်လျက်ရှိပြီး လက်ရှိအချိန်တွင် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အနေဖြင့် ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **မြဝတီ**

# ဘက်စုံထူးချွန်သောအင်ဂျင်နီယာပညာရှင်များနှင့် ဆန်းသစ်တီထွင်သောသုတေသီများဖြစ်အောင် ရည်မှန်းဆောင်ရွက်ရန်မှာကြား



နေပြည်တော် ဖေဖော်ဝါရီ ၁

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့ နံနက်ပိုင်းတွင် နည်းပညာတက္ကသိုလ် (မန္တလေး)၌ စာသင်ဆောင်များ၏ ပြုပြင်ပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လက်တွေ့ခန်းများ၊ အလုပ်ရုံ၊ စာကြည့်တိုက်၊ အားကစားခန်းမနှင့် ကျောင်းသား၊ ကျောင်းသူအဆောင်များကိုလည်းကောင်း၊ ဘောလုံးကွင်းတည်ဆောက်ရန် လျာထားမြေနေရာကိုလည်းကောင်း သွားရောက်စစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်သို့ရောက်ရှိကာ ပင်မဆောင်နှင့်စာသင်ဆောင်များ ပြုပြင်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်များ၏ ဥပမိရုပ်ကောင်းမွန်စေရေး၊ စိမ်းလန်းစိုပြည်သန့်ရှင်းသာယာလှပစေရေး၊ ဗလငါးတန်နှင့် ပြည့်စုံသည့် အရည်အချင်းပြည့်ဝသော နိုင်ငံတော်အကျိုးပြုနိုင်မည့်ပညာရှင်များမွေးထုတ်နိုင်ရေး၊ သုတေသနဆောင်ရွက်နေမှုနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို မှာကြားပြီး ဆရာ၊ဆရာမဝန်ထမ်းများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယမန်နေ့ကလည်း ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ပြင်ဦးလွင်မြို့ နည်းပညာတက္ကသိုလ်(ရတနာပုံဆိုက်ဘာစီးတီး)ရှိ ကျောင်းသူအဆောင် ဆောက်လုပ်မည့်မြေနေရာ၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများအတွက် အိမ်ရာဆောက်လုပ်မည့် မြေနေရာတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လက်တွေ့ခန်းများနှင့် အလုပ်ရုံများ၌ ကျောင်းသား၊ကျောင်းသူများ၏ သက်ဆိုင်ရာဘာသာရပ်အလိုက် ခင်းကျင်းပြသထားသော သုတေသနပရောဂျက်များကို ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက ဘက်စုံထူးချွန်သော အင်ဂျင်နီယာပညာရှင်များနှင့် ဆန်းသစ်တီထွင်သော သုတေသီများ ဖြစ်အောင် ရည်မှန်းဆောင်ရွက်သွားရေး၊ လက်တွေ့ခန်းသုံးပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများကို စနစ်တကျအသုံးချရေးတို့နှင့် စပ်လျဉ်း၍ မှာကြားကာ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

# နဝမအကြိမ် မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်း အသင်းသားစုံညီတွေ့ဆုံပွဲကျင်းပ




ရန်ကုန် ဖေဖော်ဝါရီ ၁

နဝမအကြိမ်မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်း၏ အသင်းသားစုံညီတွေ့ဆုံပွဲကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံတော်သီချင်းနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအဖွဲ့က ပွဲတိုင်းကျော်သီချင်းကို သံပြိုင်သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ကာ ကွယ်လွန်သွားကြသည့် မြန်မာ့လက်ရွေးစင်ဟောင်းများကို လွမ်းဆွတ်ခြင်းအထိမ်းအမှတ်အနေဖြင့် တစ်မိနစ်ငြိမ်သက်၍ ဂါရဝပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က မြန်မာနိုင်ငံအားကစားလောကတိုးတက်အောင်မြင်စေရေး၊ မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများ ချစ်ခင်ညီညွတ်စွာစုစည်း၍ အချင်းချင်းလူမှုရေးလိုအပ်ချက်များ၊ အခက်အခဲများကို ကူညီစောင့်ရှောက်ပေးနိုင်စေရေး၊ နိုင်ငံတော်၏ အားကစားဆိုင်ရာကိစ္စရပ်များတွင် တတ်နိုင်သည့်အခန်းကဏ္ဍမှ ပါဝင်ကူညီဆောင်ရွက်ပေးနိုင်စေရေးတို့အတွက် ရည်ရွယ်ပြီး မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်းကို ဖွဲ့စည်းရခြင်းဖြစ်ကြောင်း၊ လက်ရွေးစင်အားကစားသမားဟောင်းအင်အား ၄၄၄ ဦးခန့်သည် အသင်းနှင့်ဆက်သွယ်ပြီး အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်ကို သိရှိရသည့်အတွက် ဝမ်းသာဂုဏ်ယူမိကြောင်း၊ နှစ်စဉ်ကျင်းပခဲ့သည့်အသင်းသားများနှင့် စုံညီတွေ့ဆုံပွဲ အခမ်းအနားတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက လှူဒါန်းငွေအပြင် အားကစားဝတ်စုံ Sport Shirt နှင့် အနွေးဝတ်စုံ Track Suit များကိုလည်း ထောက်ပံ့ပေးလျက်ရှိကြောင်း၊ မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအနေဖြင့် ကူညီဆောင်ရွက်ပေးနေမှုများကို ယခုထက်ပိုမိုဆောင်ရွက်ပေးနိုင်ပါရန်နှင့် အကြံပြုချက်များ၊ ဆွေးနွေးချက်များကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနသို့ ပေးပို့ပေးသွားပါရန် ဖိတ်ခေါ်အပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးအေးမြင့်ကြူနှင့် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်းဥက္ကဋ္ဌ၊ မြန်မာ့ဘောလုံးလက်ရွေးစင်ဟောင်း ဦးအေးမောင်ကြီးတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြပြီး မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်းသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီက လှူဒါန်းသည့်ငွေကျပ်သိန်း ၃၀၀၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသည့်ငွေကျပ် သိန်း ၂၀၀၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ လှူဒါန်းသည့်ငွေကျပ် ၁၀ သိန်း၊ အားကစားဝတ်စုံ Sport Shirt အထည် ၂၅၀နှင့် အနွေးဝတ်စုံ Track Suit ၂၅ စုံ၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးအေးမြင့်ကြူက လှူဒါန်းသည့်ငွေကျပ်နှစ်သိန်းနှင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ၊ မြန်မာ့လက်ရွေးစင်ဟောင်းများ၊ လက်ရွေးစင်အားကစားသမားများ၊ MNL ဘောလုံးအသင်းများမှလှူဒါန်းသည့်အလှူငွေ စုစုပေါင်း ငွေကျပ်၉၀၉ သိန်းကိုပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်းဥက္ကဋ္ဌနှင့် မြန်မာ့အားကစား လက်ရွေးစင်ဟောင်းများအသင်းနာယကတို့က လက်ခံပြီး အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Myanmar delegation returns to Yangon following ICJ hearings on Gambia-Myanmar case

NAY PYI TAW February 1

The Myanmar delegation, which submitted a response at the International Court of Justice (ICJ) in The Hague, the Netherlands, in defence of the dignity and right to a fair trial of the Republic of the Union of Myanmar, returned to Myanmar on 31 January. They arrived back at Yangon International Airport this morning, being warmly welcomed back by Yangon Region Chief Minister U Soe Thein, regional ministers, departmental staff, civil society organizations, monks, artistes, and students, who held vinyl posters and waved miniature State flags.

A welcoming ceremony for the Myanmar delegation, led by Union Minister for Ministry 2 of the President's Office U Ko Ko Hlaing and Union Minister for Legal Affairs and Union Attorney-General Dr. Thida Oo, was held at Yangon International Airport, where attendees saluted the flag of the Republic of the Union of Myanmar and sang the national anthem in chorus.



A large number of people of all walks of life accord a rousing welcome to the Myanmar delegation that made Rebuttal Arguments at ICJ.

On the occasion, Union Minister U Ko Ko Hlaing, stating that the hearing represented the final and most important stage of the two-party proceedings and emphasizing the significance of the matter, noted that in a trial there are no draws or joint champions – only victory or defeat – and that Myanmar should not be defeated, with the multi-ministerial task force, accompanied by the Ambassador of the Myanmar Embassy in Brussels, embassy staff, and international counsels, having travelled from Myanmar to handle the proceedings, undertaking intensive work over 20 days, often day and night, following nearly five years of preparation during which the team faced numerous challenges, and ultimately fulfilling its efforts in the final hearing by presenting a complete, solid, and timely submission addressing both legal and informational requirements.

The Union minister said that, first, special gratitude was expressed to the Head of State and all those who entrusted the team with responsibility from the beginning and supported the fulfilment of all requirements related to the case.

He also expressed gratitude to the team at the ICJ, which worked tirelessly and with great dedication throughout the five years of the case and during the final 20 days of proceedings, to the international counsels who understood the situation and defended the country with full dedication and commitment, and, in addition, to the Myanmar Embassy in Brussels for providing all necessary support to ensure smooth proceedings at the International Court of Justice in The Hague, to the embassy staff who assisted at transit airports, to the ministries and media that supplied complete information from Myanmar to support the legal efforts, and to all others who participated in the process.

He also stated that, in particular, the team expressed lasting gratitude to the people of Myanmar for their wholehearted support of the country's delegation at the ICJ, noting that this support served as an invaluable source of strength, that, as the saying goes, "The party supported by the people wins the victory," that if the government and the people continue to work together in unity and solidarity any difficulties and challenges can be successfully overcome, and that continued collective effort is called for toward a golden future in building the new nation hoped for by all, with an appeal to the people to show their love for the country by saluting the national flag and actively singing the national anthem, aiming to achieve long-term, sustainable, and peaceful development in Myanmar.

As the Myanmar delegation, led by Union Ministers U Ko Ko Hlaing and Dr. Thida Oo, departed Yangon International Airport in a motorcade, departmental staff, civil society organizations, monks, the public, and students displayed vinyl posters and waved miniature national flags, demonstrating strong public support. **Myawady**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than 87,000 acres of chickpea planted in Yinmabin District



YINMABIN February 1

According to the Sagaing Region Agriculture Department, local farmers have grown 87,500 acres of chickpea as cold season crops in Yinmabin District of Sagaing Region.

For the 2025-2026 winter cropping season, Yinmabin District planned to cultivate 135,579 acres of chickpea. Planting began in October this year, and as of today, 18,385 acres have been planted in Yinmabin Township, 2,598 acres in Kani Township, 25,710 acres in Salingyi Township, and 40,807 acres in Pale Township, totalling 87,500 acres.

"This year, Yinmabin District planned to grow more than 130,000 acres of chickpea during the winter season, and over 87,000 acres have now been planted. Efforts are under way to meet the full target acreage. Chickpea cultivation has been expanding year by year. To support higher yields and better quality, we are working with farmers by providing quality and pure seed varieties, necessary inputs, and post-harvest handling techniques," said Dr Tin Mar Mar Oo, Assistant Director of the Sagaing Region Agricultural Department.

For the 2025-2026 season, chickpea cultivation targets by township in Yinmabin District are: 36,045 acres in Yinmabin Township, 3,650 acres in Salingyi Township, 38,783 acres in Kani Township, and 57,101 acres in Pale Township, totalling 135,579 acres.

Farmers in the district are cultivating chickpea varieties Yezin-8 and Yezin-11, which are suited to local conditions and offer good yields. It is learned that cultivation costs exceed Ks-300,000 per acre.

During this year's winter cropping season, agricultural officials are cooperating with farmers across the district to supply quality and pure seed varieties, necessary inputs, and post-harvest techniques to support higher yields and better product quality. Extension activities are also being conducted to encourage the use of beneficial Trichoderma fungi during pulse cultivation.

Sagaing Region is the largest pulse-producing region in the country in terms of cultivated area. With pulses grown as a major crop — and the possibility of practicing double-cropping — farmers in the region rely on them as an important source of income. **SK**

# Mawlaik District cultivates over 3,000 acres of winter soybeans

MAWLAIK February 1

More than 3,000 acres of soybeans have been planted in Mawlaik District during this year winter crops planting season, according to the statistics of the Department of Agriculture for Mawlaik District.

During the 2025-2026 winter crops planting season, 7,600 acres of soybeans have been planted in Mawlaik District. They have been planted since October this year. To date, a total of 3,143 acres: 115 acres in Mawlaik Township and 3028 acres in Phaungpyin Township, have been planted.

"We are working to ensure that the target acres are planted. We will also provide education to prevent pests. We have also encouraged farmers to obtain the necessary seeds and to be aware of them," said Daw Kywe Kywe Hlaing, head of the Department of Agriculture for Mawlaik District.

In the 2025-2026 winter crops planting season, the township-wise allocation for soybean cultivation in Mawlaik District is 388 acres in Mawlaik Township and 7,212 acres in Phaungpyin Township, totalling 7,600 acres. **SMK**

# Local merchants ship a large number of green clams to Yangon market



DEDAYE February 1

Local merchants from Dedaye Township in Ayeyawady Region sold a large number of green clams to Yangon market said Daw Moe Myint, the owner of fishery trading depot in Dedaye Township.

In Dedaye Township, green clams harvested from natural sources are being sent to the Yangon market for sale. It is reported that 70,000 viss of green clams were able to be transported and sold. These clams continue to be purchased by buyers in the Yangon market.

"We are currently purchasing the green clams harvested locally. There is steady demand in domestic markets, and sales have been good over the past month. Compared to previous months, we have been able to transport and sell larger quantities. In Dedaye, people collect fish, prawns, crabs, and green clams from natural sources. The marine products collected in the township are mainly transported to Yangon for sale. With sales becoming more active than usual, fishers and traders are gaining more job opportunities and income," said Daw Moe Myint, a seafood wholesaler in Dedaye Township.

Seafood traders in Dedaye Township purchase various kinds of fish, prawns, crabs, and green clams from fishers. These products are then properly cleaned, processed, and packaged before being transported to the Yangon market for sale. From Yangon, they are further distributed to other regions. **SK**

# Farmers plant over 3,000 acres of vegetables in Phaungpyin Township

PHAUNGPYIN February 1

Statistics of Mawlaik District Agriculture Department stated that local farmers have planted 3,740 acres of vegetables in Phaungpyin Township of Sagaing Region.

For the 2025-2026 winter cropping season, Phaungpyin Township planned to cultivate 3,906 acres of vegetables, and planting began in October this year. As of today, 3,740 acres have been planted.

"This year, Phaungpyin Township planned to grow 3,906 acres of vegetables during the winter season, and 3,740 acres have now been planted. The crops include turmeric, ginger, aromatic herbs, potatoes, coffee beans, eggplants, and taro. We are providing farmers with technical support to enable them to grow all vegetables under the GAP system. We are also sharing techniques to help farmers minimize chemical fertilizer residues and produce crops that meet health standards," said Daw Kywe Kywe Hlaing, Head of the Mawlaik District Agriculture Department.

This year, the Township Agriculture Department has been providing vegetable growers in Phaungpyin with GAP training, techniques to ensure harvested vegetables meet health and safety standards, and support to help farmers expand vegetable cultivation.

Vegetables are grown seasonally each year in Phaungpyin Township, and the crops grown have been successful, providing household income for farming families. The Township Agriculture Department is also educating farmers on proper cultivation methods, pest prevention, the use of natural fertilizers, and the preparation and application of natural pesticides and repellents. **SMK**

# West wants to disrupt the strategic alliance between Russia and China, but it will fail – Shoigu

BEIJING February 1

The West wants to sow discord in the strategic partnership between Russia and China, but it will not succeed, Russian Security Council Secretary Sergei Shoigu said on Sunday.

Earlier in the day, Shoigu arrived in China for talks with Chinese Foreign Minister Wang Yi.

"Westerners dream day and night of how to create discord in the strategic partnership of our states. I would like to emphasize once again: Moscow and Beijing will not sit idly by and tolerate biased insinuations," Shoigu was quoted as saying by the press service of Russia's Security Council.

Western countries have made it a rule to justify their actions by the threat from Russia and China, the official added.

Russian President Vladimir Putin and Chinese leader Xi Jinping maintain an active dialogue and will continue it on a regular basis this year, Shoigu said.

"The leaders of our countries maintain friendly relations and conduct the most active dialogue. Therefore, it is only natural that such communication will continue on a regular basis this year," Shoigu was quoted as saying by the press service of Russia's Security Council.



Shoigu also said that his talks with Wang were very substantive, during which they discussed the schedule of contacts, including at the highest level.

The discussions also focused on developments in various regions of the world affecting the interests of both Moscow and Beijing, the statement added.

**Sputnik**

# 8 Muslim states condemn Israel's repeated ceasefire violations in Gaza

ABU DHABI February 1

The foreign ministers of the United Arab Emirates, Türkiye, Egypt, Jordan, Indonesia, Pakistan, Saudi Arabia and Qatar on Sunday strongly condemned Israel's repeated violations of the ceasefire in Gaza.

"These actions risk escalating tensions and undermining efforts aimed at consolidating calm and restoring stability," the ministers warned in a joint statement, adding that full commitment to the second phase of the ceasefire is essential.

They urged all parties to fully uphold their responsibilities during this critical period, exercise maximum restraint to preserve the ceasefire, avoid any action that could undermine the ongoing process, and create conditions conducive to early recovery and reconstruction.

The ministers reiterated the importance of advancing a just and lasting peace grounded in the Palestinian people's right to self-determination and statehood, in accordance with international law and relevant UN Security Council resolutions.

Earlier in the day, Ali Abdel Hamid Shaath, head of the Palestinian technocratic National Committee for the Administration of Gaza (NCAG), called for full adherence to the ongoing ceasefire in the enclave.

"The NCAG is committed with partners to prevent further incidents and protect civilians. The path forward must be one of restraint, responsibility, and respect for civilian life," the NCAG chief said.

A fragile ceasefire between Israel and Hamas took effect on October 10, 2025 after two years of conflict, following mediation by Egypt, Qatar, Türkiye, and the United States.

Nearly 71,800 Palestinians have been killed and over 171,500 injured since the Israeli military campaign in Gaza began in October 2023, according to an update by Gaza's health authorities on Sunday.

They added that 26 Palestinians were killed and 68 others injured over the past 24 hours, noting that a number of victims remain trapped under the rubble and on roads as rescue and civil defence teams have been unable to reach them. **Xinhua**

# 8 killed in bus crash in southern Türkiye



ANKARA February 1

Eight people were killed and 26 others injured when a passenger bus travelling in southern Türkiye's Antalya province veered off the road and overturned into a ditch on Sunday, local broadcaster NTV reported.

The bus crashed after hitting roadside barriers, with 34 passengers on board. Emergency teams were dispatched to the scene following reports of the crash.

The injured were taken to nearby hospitals for treatment.

Antalya, a popular tourist destination on the Mediterranean, has been hit by heavy rain in recent days.

**Xinhua**

# Sri Lanka allows women to work night shifts in sanitation, food services

COLOMBO February 1

Sri Lanka has issued a gazette notification allowing women to work night shifts as sanitary workers and food service attendants, local media reported on Sunday.

Minister of Labor Anil Jayantha Fernando introduced the new regulations through an amendment to the Shop and Office Employees (Regulation of Employment and Remuneration) Act.

The amended rules permit women over 18 to work as janitorial attendants and food service attendants between 6 pm and 6 am, and require employers to provide suitable accommodation, transportation, and adequate health and safety protections.

The measure aims to improve workforce participation, as the female labor force participation rate is low in Sri Lanka at about 30 percent. **Xinhua**

# US doesn't want Libya scenario in Iran – NATO envoy

WASHINGTON February 1

The US does not want a Libya-style collapse in Iran as it weighs possible military action against the country, Washington's ambassador to NATO, Matthew Whitaker, has stated.

Libya remains divided and unstable more than a decade after a NATO-backed uprising toppled longtime leader Muammar Gaddafi in 2011, leaving rival administrations competing for power.

In recent weeks, Washington has dispatched what US President Donald Trump described as a "beautiful armada" to the Middle East, led by the aircraft carrier USS Abraham Lincoln, to pressure Tehran into accepting a new nuclear deal.

Whitaker told Fox News on Saturday that Trump "has been very clear on Iran, and that is that you can't have a nuclear weapon and you need to stop killing protesters in your streets."

The US buildup is "a show of strength, but it also is an off ramp for Iran," which can "deescalate very easily" by agreeing to Washington's terms, he added.

"President Trump has given them an ultimatum. Obviously, he does not want to see this spit out of control. We don't want to destabilize a country like Iran the way Libya was by the [Barack] Obama administration when Gaddafi was taken out and there was no plan for the day after that," the envoy explained.

Because of this, Washington will "be judicious in how we use our power" against Iran, Whitaker stressed.

Tehran maintains that its nuclear program is purely peaceful and that it has no plans to develop a bomb. The Iranian authorities also announced in mid-January that they were able to restore calm after a wave of violent protests, which they claimed had been instigated by the US and Israel with a goal of a regime change.

The head of Iran's Supreme National Security Council, Ali Larijani, who held talks with Russian President Vladimir Putin in Moscow on Friday, said that progress was being made toward negotiations with Washington. **RT**

# Heartfelt words of the people who accord a warm welcome to Myanmar delegation that contested the allegations at ICJ

The Myanmar delegation, which contested the allegations at the public hearings on the merits of the case between Gambia and Myanmar held at International Court of Justice (ICJ) in The Hague, the Netherlands, from 12 to 29 January to protect the honour of the Republic of the Union of Myanmar and for justice and truth, arrived back in Yangon International Airport on 1 February morning, and people including monks accorded a rousing welcome to the delegation. Heartfelt words of the people who welcomed the delegation are as follows:



U Khin Maung Kyaw Din



U Zaw Lwin Oo



U Than Win



U Win Ko Ko Latt



Maung Win Ngwe Aung



Ma Pu Tu



Ma Phyo Thiri Kyaw

**U Khin Maung Kyaw Din (Vice Chairman 2 of Myanmar Press Council)**

The Myanmar delegation made Rebuttal Arguments against Gambia. The delegation has arrived back, and we of the MPC, on behalf of the news media, come here to show our support for the delegation. In my view, the delegation that arrived back from the Netherlands has achieved almost cent per cent success. When we study the merits of a case, if the defendant can provide a solid rebuttal, the plaintiff will surely lose the case. All the rebuttals of the Myanmar delegation were fact-based, precise and it presented them with full confidence. We all are happy for that. The delegation was there to protect the country's honourand the people's interest. We are happy as it could make the rebuttals with confidence, and as we see a large welcoming party, we are encouraged. It is encouraging to see a large number of youths including students here, and they together with multiple organizations ardently come with full enthusiasm to welcome the delegation that had contested the false allegations.

**U Zaw Lwin Oo (Chairman, Yangon Region Sports and Youth Affairs Support Committee)**

We held a meeting and members of the Yangon Region Sports and Youth Affairs Support Committee came to the airport to warmly welcome the Myanmar delegation that went to the International Court of Justice (ICJ) in The Hague, Netherlands, to defend the dignity and justice of the Republic of the Union of Myanmar. We are satisfied with their efforts in addressing the case. Our country has been unfairly accused, and this is not something that should have happened. It is better for the country's development when there are no such disturbances. Young people will also be able to participate and contribute. We warmly welcome the delegation for dedicating themselves wholeheartedly, both mentally and physically, to serve the nation with their expertise. We also urge Myanmar citizens living abroad to cooperate and contribute for the sake of the country.

**U Than Win (Member, Mayangone District YMBA)**

Today, we came to Yangon International Airport to welcome the group that went to protect and defend our country and our people. Seeing many members of the public gathered at the airport to welcome them made me feel proud. We, the youths from the YMBA, came together to welcome these valuable individuals who devoted themselves wholeheartedly to protecting our race, religion, and the nation. I have even greater respect for these knowledgeable individuals who went to resolve the unjust accusations against Myanmar.

**U Win Ko Ko Latt**

My name is U Win Ko Ko Latt, and I am an active participant of the patriotism movements. We, of a combined group of Patriotic Myanmar Monks Union (Yangon) and Patriotic Brothers and Sisters (Yangon) come here to welcome the delegation led by Union Minister U Ko Ko Hlaing. In fact, we come here to show our solidarity with the delegation that contested the allegations at ICJ and welcome its rebuttals as citizens who favour justice and stand proof to the incorrectness of Gambia's accusations. I am overjoyed to see a large crowd of people from Yangon including those from our two organizations, YMBA and other religious organizations and national brethren. We are a Buddhist country, and our people will never ever commit a crime like genocide, so we want a fair decision.

**Maung Win Ngwe Aung (Union Nationalities Youth Capacity Development Degree College – Yangon)**

I am currently studying at the Union Nationalities Youth Capacity Development Degree College (Yangon). I am happy to have the opportunity to come to the airport today to welcome the Myanmar delegation that went to the ICJ. I feel proud that they are defending Myanmar against the unfair lawsuit filed on the international stage. As the saying goes, "Today's youth are tomorrow's leaders," I will take part in national responsibilities to the best of my ability and strive to learn to become a good citizen.

**Ma Pu Tu**

My name is Ma Pu Tu. I am here to welcome the legal team and to express my enthusiastic support for the truth and prestige of our country. As a Myanmar citizen, I would like to say that Myanmar nationals are people, who boast a very high culture and are overwhelmed by the essence of religion. Myanmar people are sympathetic ones. So, I fully believe that they have never committed genocide. As a Myanmar national, I am here to denounce the accusations of genocide without sound evidence. Our people are welcoming the heroes back on their return by playing Myanmar traditional instruments on a grand scale.

**Ma Phyo Thiri Kyaw**

I am a first year student from Thingangyun Education College. I am glad to learn that arguments were successful. I am also glad to come here. I would like to express my gratitude for the people who arranged plans for me to come here. I am proud of myself and happy to welcome the legal team back.

**Yangon news team**

# More than 14,000 acres of croplands under sesame plantations in KhinU Township

KHINU February 1

Statistics of KhinU Township Agriculture Department mentioned that local farmers have planted 14,144 acres of sesame as cold season crops in KhinU Township of Sagaing Region this year.

During the 2025-2026 winter cropping season, KhinU Township planned to cultivate 12,422 acres of sesame. Planting began in October last year, and as of now, cultivation has been completed on 14,144 acres, exceeding the target, according to reports.

This year, the KhinU Township Department of Agriculture has been providing guidance to sesame farmers on expanding cultivation, proper farming techniques, adoption of GAP practices, use of quality and pure seeds, and cultivation of high-yielding varieties, it is learned.

Crops produced under the GAP system are reported to have higher quality than those grown using other cultivation methods, command better prices, and can be marketed not only domestically but also in export markets. As a result, farmers adopting GAP-based production are expected to achieve greater economic benefits and improved livelihoods.

**SMK**

## ကိုယ်ခန္ဓာထဲရှိ ပုန်းကွယ်နေတဲ့ အဆီတွေက ဦးနှောက်ကို အိုမင်းစေနိုင်



ကိုယ်ခန္ဓာမှာ အဆီဘယ်လောက်ရှိလဲဆိုတာထက် အဲဒီအဆီတွေ ဘယ်နေရာမှာရှိနေလဲဆိုတာက ဦးနှောက်ကျန်းမာရေးအတွက် ပိုပြီးအရေးကြီးတယ်လို့ သုတေသနအသစ်တစ်ခုက ဖော်ပြလိုက်ပါတယ်။ ဒီလေ့လာမှုမှာ တရုတ်နိုင်ငံ Xuzhou ဆေးတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ဦးနှောက်ကို ထိခိုက်စေနိုင်တဲ့ အဆီစုပုံမှုပုံစံအသစ်နှစ်မျိုးကို ရှာဖွေတွေ့ရှိခဲ့တာပါ။

ပထမတစ်မျိုးကတော့ မုန့်ချိုအိတ်မှာ အဆီတွေ အလွန်အမင်း စုပုံနေတဲ့ပုံစံဖြစ်ပါတယ်။ ဒုတိယတစ်မျိုးက အပြင်ပန်းမှာကြည့်ရင် သိပ်မဝသလိုထင်ရပေမယ့် ကိုယ်တွင်းမှာ အဆီတွေအများကြီးရှိနေတဲ့ပုံစံမျိုးပါ။ Skinny fat လို့လည်းခေါ်ပါတယ်။ သုတေသီတွေက လူပေါင်း ၂၆၀၀၀ နီးပါး စစ်ဆေးကြည့်တဲ့အခါ အဲဒီအဆီပုံစံနှစ်မျိုးစလုံးဟာ ဦးနှောက်ကလာပ်စည်းတွေကို ဆုံးရှုံးတာ၊ ဦးနှောက်အိုမင်းမှု မြန်ဆန်လာတာ၊ မှတ်ဉာဏ်ပိုင်းဆိုင်ရာ ကျဆင်းတာတွေနဲ့ တိုက်ရိုက်ပတ်သက်နေတာကို တွေ့ခဲ့ရပါတယ်။

မုန့်ချိုအိတ်မှာ အဆီများသူက တခြားသူတွေထက် အဆီပါဝင်မှု ၃ ဆမှ ၆ ဆလောက်အထိ ပိုများနေတတ်ကာ ဒါဟာ အသည်းအဆီဖုံးခြင်းထက်ပိုပြီး ဦးနှောက်အတွက်အန္တရာယ်ရှိနိုင်တယ်လို့ ပညာရှင်များကဆိုပါတယ်။ Skinny fat ပုံစံမှာက ဗိုက်ပိုင်းမှာ အဆီစုတာများပြီး ကြွက်သားထက် အဆီအချိုးအစားက ပိုများနေတတ်တယ်လို့ဆိုပါတယ်။ **Ref: IE**

**ကိုထက်**


## အူမကြီးကင်ဆာကို ဟန့်တားပေးနိုင်မယ့် ဗက်တီးရီးယားအဆိပ်

ကာလဝမ်းရောဂါဖြစ်စေတဲ့ ဗက်တီးရီးယားကနေထွက်လာတဲ့ မော်လီကျူးတစ်ခုဟာ အူမကြီးကင်ဆာကလာပ်စည်းတွေကြီးထွားမှုကို ဟန့်တားပေးနိုင်တယ်ဆိုတာ ဆွီဒင်နိုင်ငံမှ သုတေသီတွေကရှာဖွေတွေ့ရှိခဲ့ပါတယ်။ ယူမီယိုတက္ကသိုလ်မှ ပညာရှင်များလုပ်ဆောင်တဲ့ လေ့လာချက်အရ အဲဒီဗက်တီးရီးယားအဆိပ်ဟာ ကျန်းမာနေတဲ့တစ်သျှူးတွေကို အန္တရာယ်မဖြစ်စေဘဲ ကင်ဆာအကျိတ်တွေကိုသာ တိတိကျကျ ပစ်မှတ်ထားတိုက်ခိုက်နိုင်တာ တွေ့ခဲ့ရပါတယ်။

ဒီသုတေသနကို ဦးဆောင်ခဲ့သူတစ်ဦးဖြစ်တဲ့ ပါမောက္ခ ဆန်းညွန့်ဝေက "ဒီဒြပ်စင်ဟာ ကင်ဆာကလာပ်စည်းကို သတ်ရုံတင်မကပါဘူး၊ ကင်ဆာအကျိတ်ပတ်ဝန်းကျင်ကိုပါ ပြောင်းလဲပေးပြီး ကျန်းမာနေဆဲ ကလာပ်စည်းတွေကို ထိခိုက်မှုမရှိစေဘဲ ကိုယ်ခံအားစနစ်က ကင်ဆာကို ပြန်တိုက်ခိုက်နိုင်အောင် ကူညီပေးတာပါ" လို့ ရှင်းပြခဲ့ပါတယ်။ သုတေသီတွေဟာ "MakA" လို့ခေါ်တဲ့ အဲဒီအဆိပ်အတောက်ကို ကြွက်တွေမှာ စမ်းသပ်ကြည့်တဲ့အခါ ကင်ဆာအကျိတ်တွေ သိသိသာသာသေးသွားတာကို တွေ့ရှိခဲ့ကြတာပါ။

အူမကြီးကင်ဆာဟာ ကမ္ဘာတစ်ဝန်းမှာ လူသေဆုံးမှု ဒုတိယအများဆုံးကင်ဆာဖြစ်ပြီး ခွဲစိတ်တာ ဒါမှမဟုတ် ဆေးသွင်းကုသတာတွေက ဘေးထွက်ဆိုးကျိုးများနေဆဲဖြစ်တာကြောင့် အခုနည်းလမ်းကမျှော်လင့်ချက်အသစ်တစ်ခုဖြစ်လာပါတယ်။ **Ref: IE**

**ကိုထက်**



## AI အတွက် လိုအပ်တဲ့စွမ်းအင်ကို မြေအောက်အပူစွမ်းအင်က နျူကလီးယားထက် ပိုမိုဖြည့်ဆည်းပေးနိုင်




AI နည်းပညာတွေအတွက် အလွန်အမင်းလိုအပ်လာမည့် လျှပ်စစ်စွမ်းအင်ကို ဖြည့်ဆည်းပေးရာမှာ မြေအောက်အပူစွမ်းအင်က နျူကလီးယား ဒါမှမဟုတ် ကျောက်မီးသွေးထက် ပိုမိုထိရောက်နိုင်ပြီး ရုပ်ကြွင်းလောင်စာအသုံးပြုမှုစရိတ်တွေကိုလည်း ၆၀ ရာခိုင်နှုန်းလောက်အထိ လျှော့ချပေးနိုင်တယ်လို့ စွမ်းအင်ဆိုင်ရာအချက်အလက်တွေအရ သိရပါတယ်။

AI ဒေတာစင်တာတွေဟာ တစ်နေ့ထက်တစ်နေ့ စွမ်းအင်ပိုမိုသုံးစွဲလာတာကြောင့် ပညာရှင်တွေက ပိုမိုသန့်စင်ပြီး စရိတ်သက်သာတဲ့ စွမ်းအင်အရင်းအမြစ်တွေကို ရှာဖွေနေရာ မြေအောက်အပူစွမ်းအင်ဟာ အလားအလာအကောင်းဆုံး ဖြစ်လာတာပါ။ ဒီစွမ်းအင်ဟာ နျူကလီးယားစွမ်းအင်လို ဘေးကင်းလုံခြုံရေးအတွက် အထူးစိုးရိမ်စရာမရှိသလို ကျောက်မီးသွေးလိုလည်း ပတ်ဝန်းကျင်ကို ညစ်ညမ်းမှုမဖြစ်စေပါဘူး။

ဒါ့အပြင် နေရောင်ခြည် ဒါမှမဟုတ် လေစွမ်းအင်လိုမျိုး ရာသီဥတုအပေါ်မမူတည်ဘဲ ၂၄ နာရီစလုံး တည်ငြိမ်စွာ ထုတ်လုပ်ပေးနိုင်တာက အဓိကအားသာချက်ဖြစ်ပါတယ်။ လက်ရှိလေ့လာမှုတွေအရ မြေအောက်အပူစွမ်းအင်ကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်မယ်ဆိုရင် ရုပ်ကြွင်းလောင်စာတွေအတွက် ကုန်ကျစရိတ်လျှော့ချနိုင်မှာဖြစ်လို့တွက်ခြေကိုက်ပါတယ်။ **Ref: IE**

**ကိုထက်**

## တရုတ်က ဂိုဘီသဲကန္တာရ၌ စစ်ဘက်သုံးရော်ဘာများကို စိုက်ပျိုးထုတ်လုပ်





ကမ္ဘာတစ်ဝန်းမှာ ဖြစ်ပွားနေတဲ့ စစ်ပွဲတွေကြောင့် ကုန်သွယ်ရေးလမ်းကြောင်းတွေအပေါ်ထိခိုက်လာတာကို တုံ့ပြန်တဲ့အနေနဲ့ တရုတ်နိုင်ငံက စစ်ဘက်ဆိုင်ရာမှာ အလွန်အရေးပါတဲ့ သဘာဝရော်ဘာတွေကို ဂိုဘီသဲကန္တာရထဲမှာ စိုက်ပျိုးထုတ်လုပ်နေပြီလို့ သိရပါတယ်။ အဓိကကတော့ တရုတ်သိပ္ပံပညာရှင်တွေက သဲကန္တာရထဲမှာစိုက်လို့ရတဲ့ ရော်ဘာအမျိုးအစားကို ဖော်ထုတ်နိုင်ခဲ့တာပါ။

ဒီရော်ဘာတွေကို "ရုရှားဒန်ဒီလီယွန်" လို့ခေါ်တဲ့ အပင်တစ်မျိုးမှ ထုတ်လုပ်တာဖြစ်ပြီး ရရှိလာတဲ့ရော်ဘာအရည်အသွေးဟာ တိုက်လေယာဉ်တာယာတွေ၊ စစ်သုံးယာဉ်တွေမှာ အသုံးပြုနိုင်တဲ့ စစ်ဘက်သုံးအဆင့်မီဖြစ်တယ်လို့ ဆိုပါတယ်။

တရုတ်နိုင်ငံဟာ ရော်ဘာလိုအပ်ချက် ၇၅ ရာခိုင်နှုန်းလောက်ကို ပြည်ပကနေတင်သွင်းနေရတာဖြစ်လို့ အခုလိုစိုက်ကွင်းတွေကနေ အောင်မြင်အောင်လုပ်ဆောင်လာတာဟာ ပြည်ပအပေါ်မှီခိုနေရမှုကို လျှော့ချဖို့ဖြစ်ပါတယ်။ ဒီနည်းပညာကြောင့် နောင်မှာစိုက်ပျိုးရခက်တဲ့ မြေရိုင်းတွေမှာပါ ရော်ဘာတွေကို အမြောက်အမြားထုတ်လုပ်နိုင်တော့မှာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

## ဖင်လန်ရဲ့သဲဘက်ထရီနည်းပညာအသစ်က အပူစွမ်းအင်ကို ၁၀ ဆ မြန်ဆန်စွာကူးပြောင်းစေနိုင်



ဖင်လန်နိုင်ငံမှ စွမ်းအင်ကုမ္ပဏီတစ်ခုက အရင်ကထက် အပူကူးပြောင်းမှုစွမ်းရည် ၁၀ ဆပိုမိုမြန်ဆန်တဲ့ သဲဘက်ထရီအမျိုးအစားအသစ်ကို တီထွင်လိုက်ပြီလို့ သိရပါတယ်။ ဒီနည်းပညာကြောင့် အိမ်တွေ၊ စက်ရုံတွေမှာ သုံးစွဲရတဲ့ စွမ်းအင်ကုန်ကျစရိတ်ကို ၇၀ ရာခိုင်နှုန်းလောက်အထိ လျှော့ချပေးနိုင်တော့မှာဖြစ်ပါတယ်။

သဲဘက်ထရီဆိုတာက နေရောင်ခြည်နဲ့ လေစွမ်းအင်ကနေရတဲ့ ပိုလျှံလျှပ်စစ်ဓာတ်အားကို အပူအဖြစ်ပြောင်းပြီး သဲတွေထဲမှာ သိုလှောင်ထားတဲ့ စနစ်တစ်ခုပါ။ အခုနည်းပညာအသစ်မှာတော့ အပူသယ်ဆောင်ပေးတဲ့ ပိုက်လိုင်းစနစ်တွေကို အဆင့်မြှင့်တင်ထားလို့ အပူကို ၁၀ ဆ ပိုမိုမြန်ဆန်စွာ သိုလှောင်နိုင်သလို ပြန်ထုတ်ယူတဲ့အခါမှာလည်း ပိုပြီးထိရောက်လာတာဖြစ်ပါတယ်။

ဒီနည်းပညာရဲ့ အဓိကအားသာချက်ကတော့ ဈေးနှုန်းကြီးမြင့်တဲ့ ဘက်ထရီတွေအစား အလွန်ဈေးပေါတဲ့ သဲကိုပဲသုံးထားတာကြောင့် ကုန်ကျစရိတ်များစွာသက်သာသွားတာပါ။ ဖင်လန်နိုင်ငံလိုမျိုး အေးတဲ့ဒေသတွေမှာ ဆောင်းရာသီအတွက် လိုအပ်တဲ့အပူစွမ်းအင်ကို လပေါင်းများစွာကြာအောင်သိုလှောင်ထားပြီး ပြန်သုံးနိုင်လို့ ရုပ်ကြွင်းလောင်စာတွေပေါ် မှီခိုနေရမှုကိုလည်း ကောင်းစွာလျှော့ချပေးနိုင်မှာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

## ကျူးဘားအနေဖြင့် အကျပ်အတည်းကို ရှောင်ရှားလိုပါက သဘောတူညီမှုရယူရန် ထရမ့်သတိပေး

**ဝါရှင်တန်၊ နိုင်ငံရေး**

ကျူးဘားနိုင်ငံတွင် လူသားချင်းစာနာမှုဆိုင်ရာအကျပ်အတည်း ဆိုက်ရောက်ခြင်းကို ရှောင်လွှဲလိုပါက ကျူးဘားအစိုးရအနေဖြင့် အမေရိကန်နှင့် သဘောတူညီမှုတစ်ရပ်ရယူရမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဇန်နဝါရီလ ၃၁ ရက်တွင် သတိပေးလိုက်သည်။

ထရမ့်သည် ယခုသီတင်းပတ်အစောပိုင်းတွင် ကျူးဘားသို့ ရေနံရောင်းချပေးသောမည်သည့်နိုင်ငံကိုမဆို အခွန်တိုးမြှင့်ကောက်ခံသွားမည့်အမိန့်ကို လက်မှတ်ရေးထိုးပြီးနောက် ၁၉၆၀ ပြည့်နှစ်များကတည်းက ကျင့်သုံးခဲ့သော ပိတ်ဆို့အရေးယူမှုများကို ပိုမိုတင်းကျပ်လိုက်ခြင်းဖြစ်သည်။

မက္ကဆီကိုနိုင်ငံသည် ပြီးခဲ့သည့် သီတင်းပတ်များအတွင်း ကျူးဘားသို့ရေနံတင်ပို့မှု တိုးမြှင့်ခဲ့ရာ မက္ကဆီကိုသမ္မတက ထရမ့်၏ အမိန့်သည် ကျူးဘားရှိ ဆေးရုံနှင့် အခြေခံဝန်ဆောင်မှုများကိုထိခိုက်စေမည့် အကြီးစားလူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းကို ဖြစ်ပေါ်စေနိုင်ကြောင်း သတိပေးထားသည်ဟုသိရသည်။ **Ref: RT**

## အီရန်လွှတ်တော်က ဥရောပသမဂ္ဂတပ်ဖွဲ့များကို အကြမ်းဖက်အဖွဲ့များအဖြစ် သတ်မှတ်ကြောင်းထုတ်ပြန်



**တီဟီရန်၊ စစ်ရေး**

ဥရောပသမဂ္ဂက အီရန်နိုင်ငံ၏အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ခဲ့ခြင်းအပေါ် တုံ့ပြန်သည့်အနေဖြင့် အီရန်လွှတ်တော်ကလည်း ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏တပ်ဖွဲ့များကို အကြမ်းဖက်အဖွဲ့များအဖြစ်သတ်မှတ်ကြောင်း ဖေဖော်ဝါရီလ ၁ ရက်တွင် ထုတ်ပြန်ကြေညာသည်။

အီရန်လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဆုံးဖြတ်ချက်ကို လွှတ်တော်၌ ကြေညာခဲ့ခြင်းဖြစ်ပြီး အီရန်လွှတ်တော်အမတ်များသည် အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့၏ အစိမ်းရောင်စစ်ဝတ်စုံများကိုဝတ်ဆင်ကာ ဥရောပ၏လုပ်ရပ်အပေါ်ကန့်ကွက်ကြောင်းပြသသည်။ ဥရောပသမဂ္ဂသည် အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့ကို အကြမ်းဖက်အဖွဲ့အဖြစ်စာရင်းသွင်းရန် ဇန်နဝါရီလ ၂၉ ရက်တွင် သဘောတူပြီးနောက် ယခုကဲ့သို့ အပြန်အလှန်တုံ့ပြန်မှုများဖြစ်ပေါ်လာခြင်းဖြစ်သည်။

ထို့ပြင် ဤလုပ်ရပ်ကြောင့် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲအကျိုးဆက်အားလုံးကို ဥရောပသမဂ္ဂက တာဝန်ယူရမည်ဟုလည်း အီရန်လွှတ်တော်ဥက္ကဋ္ဌကသတိပေးထားသည်။ ထို့ပြင် လွှတ်တော်၏ လုံခြုံရေးကော်မတီအနေဖြင့် နိုင်ငံရှိ ဥရောပစစ်သံမှူးများကို နှင်ထုတ်ရေးကိစ္စနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်ဆက်လက်ညှိနှိုင်းသွားမည်ဖြစ်သည်။

ဥရောပ၏ ဆုံးဖြတ်ချက်သည် အမေရိကန်နိုင်ငံ၏ညွှန်ကြားချက်ကို လိုက်နာခြင်းဖြစ်ပြီး ဒေသတွင်းတည်ငြိမ်ရေးပူးပေါင်းဆောင်ရွက်မှုများကို ဟန့်တားရာရောက်သည်ဟု လွှတ်တော်အမတ်များကပြောထားသည်။ **Ref: Sputnik**

## ဥရောပသည် ရုရှားနှင့် အမေရိကန်ကြား သွေးခွဲရန် ကြိုးပမ်းနေဟု ဆာဂျီလက်ရော့ပြော

**မော်စကို၊ နိုင်ငံရေး**

ဥရောပနိုင်ငံများသည် ရုရှားနှင့် အမေရိကန်ပြည်ထောင်စုတို့ကြား ဆက်ဆံရေးကိုသွေးခွဲရန် ကြိုးပမ်းနေကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့က ဖေဖော်ဝါရီလ ၁ ရက်တွင် ပြုလုပ်သောအင်တာဗျူးတစ်ခု၌ပြောသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ မူဝါဒများသည် ဥရောပ၏အကျိုးစီးပွားကို ထိခိုက်စေပြီး ရုရှားအပေါ် ပိုမိုလိုလားသော အမြင်ရှိနေသည်ဟု ဥရောပခေါင်းဆောင်များအနေဖြင့် ယူဆနေကြောင်း လက်ရော့ကပြောသည်။

ထို့ကြောင့် ဥရောပသည် အမေရိကန်နှင့် ရုရှားတို့ကြား နားလည်မှုရရှိနိုင်မည့် အခြေအနေများကို ဟန့်တားရန်နှင့် သွေးခွဲရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးစားနေခြင်းဖြစ်ကြောင်းနှင့် ဥရောပနိုင်ငံအများစုသည် ၎င်းတို့၏ ကိုယ်ပိုင်အကျိုးစီးပွားထက် ယူကရိန်းအရေးကို ဦးစားပေးကာ ရုရှားကို တိုက်ခိုက်ရန် လုပ်ဆောင်နေကြောင်းဆာဂျီလက်ရော့ကပြောသည်။ **Ref: Sputnik**

## ထိုင်ဝမ်ကျွန်းအရေး တရုတ်၏ရပ်တည်ချက်ကို ရုရှားကထောက်ခံဟု ဆာဂျီရှိုင်ဂူပြော

**ပေကျင်း၊ နိုင်ငံရေး**

ထိုင်ဝမ်ကျွန်းအရေးနှင့် ပတ်သက်၍ တရုတ်နိုင်ငံ၏ ရပ်တည်ချက်ကို ရုရှားနိုင်ငံအနေဖြင့် အပြည့်အဝထောက်ခံကြောင်း ရုရှားလုံခြုံရေးကောင်စီအတွင်းရေးမှူး ဆာဂျီရှိုင်ဂူက တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီနှင့် ဖေဖော်ဝါရီလ ၁ ရက်တွင် တွေ့ဆုံစဉ်ပြောသည်။

ဆာဂျီရှိုင်ဂူသည် တရုတ်နိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ဝမ်ယီနှင့် နှစ်နိုင်ငံလုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့ခြင်းဖြစ်ပြီး ရုရှားနိုင်ငံသည် “တရုတ်တစ်နိုင်ငံတည်း” မူဝါဒကို ခိုင်ခိုင်မာမာကိုင်စွဲထားကြောင်း ထပ်လောင်းအတည်ပြုခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အစိုးရသည်သာ တရုတ်တစ်နိုင်ငံလုံးကို ကိုယ်စားပြုသည့် တစ်ခုတည်းသော တရားဝင်အစိုးရဖြစ်ပြီး ထိုင်ဝမ်ကျွန်းမှာ တရုတ်နိုင်ငံ၏ ခွဲထွက်၍မရသောအစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု ဆာဂျီရှိုင်ဂူကပြောထားကြောင်းသိရသည်။

**Ref: ST**

## အိန္ဒိယ၌ဖေဖော်ဝါရီလတွင် အပူချိန်မြင့်တက်ပြီး မိုးခေါင်နိုင်သဖြင့် ဆောင်းသီးနှံများထိခိုက်နိုင်



**နယူးဒေလီ၊ ပြည်တွင်းရေး**

အိန္ဒိယနိုင်ငံ၌ ဖေဖော်ဝါရီလတွင်လည်း အပူချိန်များ ဆက်လက်မြင့်တက်ကာ မိုးနည်းနိုင်သည့်အတွက် ဂျုံ၊ မုန်ညင်းနှင့် ကုလားပဲကဲ့သို့သော အဓိကဆောင်းသီးနှံများထိခိုက်ပျက်စီးနိုင်သည့် အန္တရာယ်ရှိနေကြောင်း မိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။

နိုင်ငံ၏ အဓိကဂျုံစိုက်ပျိုးရာ အနောက်မြောက်ဘက်ဒေသများတွင်ရရှိမည့် မိုးရေချိန်မှာ ပျမ်းမျှမိုးရေချိန်၏ ၇၈ ရာခိုင်နှုန်းအောက်သာရှိနိုင်ကြောင်း မိုးလေဝသဌာန၏ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ယခုနှစ်တွင် အိန္ဒိယတောင်သူများက ဂျုံကို ဟက်တာ ၃၃ ဒသမ ၄၂ သန်းနှင့် မုန်ညင်းကို ဟက်တာ ၈ ဒသမ ၉၄ သန်းအထိ စံချိန်တင်စိုက်ပျိုးထားသော်လည်း ယခုကဲ့သို့ ရာသီဥတုဖောက်ပြန်မှုကြောင့် စိုက်ပျိုးထုတ်လုပ်မှုအပေါ် ထိခိုက်နိုင်သည့် စိုးရိမ်ပူပန်မှုများ မြင့်တက်နေသည်။ မိုးနည်းပြီး ပူပြင်းသည့်အခြေအနေကြောင့် စိုက်ပျိုးရေသွင်းခြင်းအတွက် စရိတ်လည်း ပိုမိုမြင့်တက်လာနိုင်ကြောင်း မိုးလေဝသဌာနက ခန့်မှန်းထားသည်။

အပူချိန်ပုံမှန်ထက် မြင့်မားခြင်းကြောင့် ဂျုံနှင့် မုယောစပါးကဲ့သို့သော သီးနှံများမှာ သတ်မှတ်ကာလထက်စော၍ ရင့်မှည့်ကာ အထွက်နှုန်းလျော့နည်းခြင်းနှင့် အရည်အသွေးကျဆင်းခြင်းတို့ကို ကြုံတွေ့ရနိုင်ကြောင်း သိရသည်။

**Ref: ST**


## ယူကရိန်း၌ အအေးဒဏ်ပြင်းထန်စွာခံစားနေရချိန် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်ရန် စီစဉ်

**ကီယက်၊ ငြိမ်းချမ်းရေး**

ယူကရိန်းနိုင်ငံ၌ အအေးဒဏ်ပြင်းထန်စွာခံစားနေရချိန်နှင့် စွမ်းအင်အခက်အခဲများကြုံတွေ့နေစဉ် ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့များအကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲအသစ်များကို ဖေဖော်ဝါရီလ ၄ ရက်နှင့် ၅ ရက်တို့တွင် အဘူဒါဘီမြို့၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း ယူကရိန်းသမ္မတဇီလန်စကီက ဖေဖော်ဝါရီလ ၁ ရက်တွင်ပြောသည်။

အမေရိကန်က ကြားဝင်စေ့စပ်ပေးသည့် အဆိုပါ သုံးပွင့်ဆိုင်ဆွေးနွေးပွဲသည် စစ်ပွဲကို ဂုဏ်သိက္ခာရှိရှိ အဆုံးသတ်နိုင်ရေးအတွက် ရည်ရွယ်ခြင်းဖြစ်ပြီး ညှိနှိုင်းရေးအဖွဲ့သည် အနှစ်သာရရှိသော ဆွေးနွေးမှုများအတွက် အဆင်သင့်ဖြစ်နေပြီဟု ဇီလန်စကီက လူမှုကွန်ရက်မှတစ်ဆင့် အတည်ပြုထားသည်။

ဇန်နဝါရီလအတွင်း အဘူဒါဘီမြို့၌ ပထမအကျော့ ဆွေးနွေးမှုများပြုလုပ်ခဲ့သော်လည်း နယ်မြေပိုင်းခြားရေးဆိုင်ရာကိစ္စရပ်များတွင် သဘောထားကွဲလွဲမှုများရှိနေဆဲဖြစ်သည်။ တစ်ဖက်တွင်လည်း ယူကရိန်းနိုင်ငံတစ်ဝန်း၌ အပူချိန်မှာ အနုတ် ၃၀ ဒီဂရီစင်တီဂရိတ်အထိ ကျဆင်းသွားနိုင်ကြောင်း မိုးလေဝသဌာနက သတိပေးထားသည်၊ ဖေဖော်ဝါရီလ ၁ ရက်မှ ၃ ရက်အတွင်း အအေးဒဏ် အပြင်းထန်ဆုံးဖြစ်နိုင်ပြီး လျှပ်စစ်နှင့် အပူပေးစနစ်များ ပြတ်တောက်နေမှုကြောင့် ပြည်သူသန်းပေါင်းများစွာမှာ ဒုက္ခရောက်နေကြောင်းသိရသည်။ **Ref: RT**



# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ မြန်မာစာဘာသာရပ် သိကောင်းစရာ

ဒေါက်တာလွင်မာဦး၊ ပါမောက္ခ(ဌာနမှူး)၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

ယခုပို့ချချက်သည် ၂၀၂၆ ခုနှစ် မတ်လ၌ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများဖြစ်ပါသည်။ ပို့ချရခြင်း၏ရည်ရွယ်ချက်မှာ ပြဋ္ဌာန်းစာများကို လေ့လာကျက်မှတ်ရာတွင် အဆင်ပြေချောမွေ့ပြီး စာမေးပွဲကို ထူးချွန်ပေါက်မြောက်စွာ ဖြေဆိုနိုင်ရန်ဖြစ်ပါသည်။ ယခုသင်ရိုးသည် ကျောင်းသား ကျောင်းသူများ လက်တွေ့ဘဝတွင် ထိရောက်စွာအသုံးပြုနိုင်ရန် မြန်မာဘာသာစကား၏စွမ်းရည်လေးရပ်ဖြစ်သော အပြောအဆိုစွမ်းရည်၊ အနာအကြားစွမ်းရည်၊ အဖတ်အရွတ်စွမ်းရည်၊ အရေးအသားစွမ်းရည်တို့ စနစ်တကျမြင့်မားတိုးတက်လာစေရန်ရည်ရွယ်ပြီး သင်ကြားခြင်းဖြစ်ပါသည်။ ယခုပို့ချချက်တွင် မေးခွန်းပုံစံနှင့် လိုက်လျောညီစွာ အံဝင်ခွင်ကျဖြေဆိုနိုင်ရေးအတွက် ဆွေးနွေးတင်ပြမည်ဖြစ်ပါသည်။

မြန်မာစာဘာသာရပ်ကိုလေ့လာရာတွင် တွေးခေါ်စဉ်းစားသည့် အလေ့အထနှင့် စာရေးသားသည့် အလေ့အကျင့်များ ရရှိစေရန်အတွက် စာပေနှင့်ဘာသာစကားကို သင်ကြားလေ့ကျင့်ပေးခြင်းဖြစ်ပါသည်။ ထိုသို့ သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် ကျောင်းသား ကျောင်းသူများသည် မှတ်မိခြင်း၊ နားလည်ခြင်း၊ အသုံးချခြင်း၊ စိတ်ပိုင်းခြားခြင်း၊ အကဲဖြတ်ခြင်း၊ တီထွင်ဖန်တီးခြင်းဟူသောအဆင့်များကို တိုးတက်ရရှိလာကာ အဆင့်မြင့် စဉ်းစားတွေးခေါ်မှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

**ပြဋ္ဌာန်းစာနှင့် မေးခွန်းဖွဲ့စည်းမှု**

ဒွါဒသမတန်း ( တက္ကသိုလ်ဝင်တန်း ) မြန်မာစာဘာသာရပ်အတွက် သတ်မှတ်ပြဋ္ဌာန်းထားသော ကျောင်းသုံးစာအုပ်တွင် အပိုင်း (၃)ပိုင်း ပါဝင်ပါသည်။ ထိုအပိုင်း(၃)ပိုင်းမှာ အပြောသင်ခန်းစာ၊ အဖတ်အရွတ်သင်ခန်းစာနှင့် အရေးသင်ခန်းစာတို့ဖြစ်ပါသည်။

မြန်မာစာမေးခွန်းတွင် မေးခွန်းကြီး(၇)ပုဒ် ပါဝင်ပါသည်။ ဓမ္မဓိဋ္ဌာန်မေးခွန်းကြီး (၁)ပုဒ်၊ မေးခွန်းတိုများပါဝင်သည့် မေးခွန်းကြီး (၁)ပုဒ်၊ ကဗျာမေးခွန်းရှည် (၁)ပုဒ်၊ စကားပြေမေးခွန်းရှည်ကြီး (၁)ပုဒ်၊ ရေသည်ပြဇာတ်မေးခွန်းရှည်ကြီး (၁)ပုဒ်၊ စာစီစာကုံးမေးခွန်းကြီး (၁)ပုဒ်နှင့် အဆိုဆွေးနွေးချက်ပါဝင်သည့် မေးခွန်းရှည်ကြီး(၁) ပုဒ် စုစုပေါင်း (၇) ပုဒ် ဖြစ်ပါသည်။ အချို့မေးခွန်းများတွင် ရွေးချယ်စရာ မေးခွန်းများလည်း ပါဝင်ပါသည်။

**မေးခွန်းတစ်ပုဒ်ချင်း ရှင်းလင်းချက်**

**မေးခွန်းနံပါတ်(၁)**

တက္ကသိုလ်ဝင်တန်း မြန်မာစာမေးခွန်းလွှာတွင် မေးခွန်းနံပါတ်(၁) သည် ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများသည် သင်ခန်းစာများကို အမှန်တကယ် နားလည်သဘောပေါက်ခြင်း ရှိ/မရှိ၊ ကျေညက်ခြင်းရှိ/ မရှိ တို့ကို ဆန်းစစ်ကြည့်နိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။ တကယ်နားလည်သဘောပေါက်ပြီး ကျေညက်ခြင်းရှိပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းပုံစံပင်ဖြစ်ပါသည်။

ဤဓမ္မဓိဋ္ဌာန်မေးခွန်းတွင် ပုဒ်ခွဲ(က)၊ ပုဒ်ခွဲ(ခ)နှင့် ပုဒ်ခွဲ(ဂ) ဟူ၍ အပိုင်းသုံးပိုင်းပါဝင်ပါသည်။ ယင်းအပိုင်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများနှင့် အရေးသင်ခန်းစာများမှ ဓမ္မဓိဋ္ဌာန်မေးခွန်းများပါဝင်ပါသည်။

မေးခွန်း ၁(က)တွင် မှား၊ မှန်ရွေးသည့်မေးခွန်းကို မေးထားပါသည်။ ဤမေးခွန်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများနှင့် အရေးသင်ခန်းစာများပါဝင်ပြီး ပေးမှတ်မှာ (၁၀)မှတ်ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၁။ (က) အောက်ပါတို့ကို မှားလျှင်(မှား)၊ မှန်လျှင်(မှန်) ဟု ဖြေဆိုပါ။

၁။ မည်သည့်ဘာသာစကားတွင်မဆို အသံအနိမ့်အမြင့်သည် အတိမ်းအစောင်းမခံနိုင်သော သဘောတရားတစ်ရပ် ဖြစ်ပါသည်။

မေးခွန်း ၁(ခ)တွင် ကွက်လပ်ဖြည့်သည့်မေးခွန်းကို မေးထားပါသည်။ ဤမေးခွန်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ် သင်ခန်းစာများနှင့် အရေးသင်ခန်းစာများပါဝင်ပြီး ပေးမှတ်မှာ (၁၀)မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၁။ (ခ) အောက်ပါတို့ကို ကွက်လပ်ဖြည့်ပါ။

(၁) ဦးဖေမောင်တင် အတ္ထုပ္ပတ္တိသည် မင်းယုဝေ၏ __________စာအုပ်မှ ရွေးချယ်ချက်ဖြစ်သည်။

မေးခွန်း ၁(ဂ)တွင် ပေးထားသည့် ရွေးချယ်စရာသုံးခုထဲမှ အမှန်တစ်ခုကို ရွေးချယ်ရသည့်မေးခွန်းကို မေးထားပါသည်။ ဤမေးခွန်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများ၊ အရေးသင်ခန်းစာများပါဝင်ပြီး ပေးမှတ်မှာ (၁၀) မှတ်ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၁။ (ဂ) အောက်ပါတို့မှ အဖြေမှန်ကိုရွေးပါ။

(၁) ဝတ္ထုဇာတ်လမ်းများကို ရေးရာ၌ __________နည်းကို အသုံးပြုတတ်ကြပါသည်။

(က) အစိတ်အပိုင်းစဉ် (ခ) ယုတ္တိစဉ် (ဂ) ကာလစဉ်

ကျောင်းသား ကျောင်းသူများသည် အပိုင်းတစ်ပိုင်းကို ချန်လှပ်ကျက်မှတ်ခြင်းမျိုးမပြုလုပ်သင့်ဘဲ ပြဋ္ဌာန်းစာ၏ အပိုင်းသုံးပိုင်းစလုံးကို လေ့လာထားရပါမည်။ သက်ဆိုင်ရာ သင်ခန်းစာနှင့်ပတ်သက်၍ စေ့စေ့စပ်စပ် သေသေချာချာ လေ့လာကျက်မှတ်ထားရန် လိုအပ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်သည်။

**မေးခွန်းနံပါတ်(၂)**

မေးခွန်းနံပါတ် (၂)တွင် (မေးခွန်းပုဒ်ခွဲ လေးပုဒ်ပါဝင်ပြီး) ၂(က) သည် ခက်ဆစ်မေးခွန်း၊ ၂(ခ)သည် အလင်္ကာမေးခွန်း၊ ၂(ဂ)သည် ရေသည်ပြဇာတ်စကားစပ်မေးခွန်း၊ ၂(ဃ)သည် အပြောသင်ခန်းစာ မေးခွန်းတိုဟူ၍ အပိုင်းလေးပိုင်းပါဝင်ပါသည်။

မေးခွန်းနံပါတ် ၂(က)သည် ကဗျာ၊ စကားပြေ၊ ရေသည်ပြဇာတ် အပုဒ်များမှ ဝေါဟာရများကို ခက်ဆစ်အဓိပ္ပာယ် ဖွင့်ဆိုစေခြင်းဖြစ်ပါသည်။ ဝေါဟာရ (၇)ခု ပေးထားပြီး (၅)ခု ဖြေဆိုရပါမည်။ ပေးမှတ်မှာ (၅)မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သော မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၂။ အောက်ပါတို့ကိုဖြေဆိုပါ။

(က) အောက်ပါဝေါဟာရတို့အနက် ငါးခု၏အဓိပ္ပာယ်ကို တိကျစွာ ဖော်ပြပါ။

ဥပစာတန်း၊ တစ်ပဲတန်၊ မျှော်ချေကလျှင်၊ နှစ်ခုရောရာ၊ ဘောက်စရာ၊ မြောက်စံအိမ်၊ စွန့်ခြင်းငါးရပ်။

မြန်မာဝေါဟာရ၏အဓိပ္ပာယ်သည် အသုံးပြုပုံကိုလိုက်၍ အဓိပ္ပာယ်အမျိုးမျိုးကွဲပြားတတ်သဖြင့် ခက်ဆစ်မေးခွန်းများကို ဖြေဆိုရာတွင် ပြဋ္ဌာန်းစာပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်း ဖွင့်ဆိုရန်၊ အဓိပ္ပာယ်ဖွင့်ဆိုပုံ တိကျရန်လိုအပ်ပါသည်။ ပြဋ္ဌာန်းစာတွင် ဝေါဟာရကို မည်သည့်အဓိပ္ပာယ်ဖြင့် သုံးနှုန်းထားသည်ကို သိရှိစေလိုသည့်အတွက် ပြဋ္ဌာန်းစာအုပ်ပါဝေါဟာရ၏ ခက်ဆစ်အဖွင့်ကို စစ်ဆေးခြင်းဖြစ်ပါသည်။ ထို့ပြင် ပေးထားသောဝေါဟာရ၏ သဒ္ဒါအမျိုးအစားနှင့် အဓိပ္ပာယ်ဖွင့်ဆိုသည့် သဒ္ဒါအမျိုးအစားကိုက်ညီရန် လိုအပ်ပါသည်။ ပေးထားသောဝေါဟာရသည် နာမ်ဖြစ်လျှင် အနက်ဖွင့်ဆိုရှင်းပြချက်သည် နာမ်ဖြစ်ရပါမည်။(သာဓက ဥပစာတန်း = တက္ကသိုလ်ပထမနှစ်နှင့်ဒုတိယနှစ်။) ပေးထားသောဝေါဟာရသည် ကြိယာဖြစ်လျှင် အနက်ဖွင့်ဆိုရှင်းပြချက်သည် ကြိယာဖြစ်ရပါမည်။ (သာဓက တစ်ပဲတန် = တန်ဖိုးနည်းသည်။) ပေးထားသောဝေါဟာရသည် နာမဝိသေသနဖြစ်လျှင် အနက်ဖွင့်ဆိုရှင်းပြချက်သည် နာမဝိသေသနဖြစ်ရပါမည်။ (သာဓက နှစ်ခုရောရာ = ကောင်းမှု မကောင်းမှုပေါင်းစပ်ထားသော။) ထို့ပြင် ခက်ဆစ်ဖွင့်ဆိုချက်များတွင် တစ်ချောင်းပုဒ်ခံထားပါက အဓိပ္ပာယ်ပြည့်စုံခြင်း မရှိသေးသည့်အတွက် ဆက်လက်ဖော်ပြရန်လိုအပ်ပါသည်။ (သာဓက စွန့်ခြင်း ငါးရပ် = ဥစ္စာပစ္စည်းတို့ကို စွန့်ခြင်း၊ မယားကိုစွန့်ခြင်း၊ သားသမီးကို စွန့်ခြင်း၊ ကိုယ်လက်အင်္ဂါတို့ကိုစွန့်ခြင်း၊ အသက်ကိုစွန့်ခြင်း။) ပုဒ်မ ခံထားသော ဖွင့်ဆိုချက်ဖြစ်ပါက တစ်ခုကိုဖော်ပြလျှင် များသောအားဖြင့် လုံလောက်ပါသည်။

မေးခွန်းနံပါတ် ၂(ခ)သည် ပေးထားသော စကားအသုံးအနှုန်းကို မည်သည့်အလင်္ကာမြောက်ကြောင်း ရှင်းပြရသော အလင်္ကာမေးခွန်းဖြစ်ပါသည်။ အလင်္ကာဖြေဆိုရာတွင် ကျောင်းသား ကျောင်းသူများ အမှန်တကယ်နားလည်ဖြေဆိုနိုင်သည့် အဖြေသဘောတွင် အကဲဖြတ်အမှတ်ပေးမည်ဖြစ်ပါသည်။ မိမိနားလည်တတ်မြောက်ထားသည့် အလင်္ကာသဘောကို မှန်ကန်စွာဖြေဆိုနိုင်လျှင် အမှတ်ပြည့်ရနိုင်မည်ဖြစ်ပါသည်။ ပေးထားမည့်အလင်္ကာအရေအတွက်မှာ (၇) ခုဖြစ်ပြီး (၅)ခု ရွေးချယ်ဖြေဆိုရပါမည်။ ပေးမှတ်မှာ (၅)မှတ်ဖြစ်ပြီး တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၂။ (ခ) အောက်ပါတို့အနက် **ငါးခု**ကို ရွေးချယ်ပြီး မည်သည့် အလင်္ကာမြောက်ကြောင်း ရှင်းပြပါ။

ရွှေရည်သောက်၊ နှင်းထက်သည်း၊ ဒင်္ဂါးဝိုင်းလောက်၊ အင်ဂျင်နီယာငှက်၊ မင်္ဂြမ်း၊ ဂလုံဆန်၊ ရွက်အုပ်သီးပူ။

**အဖြေ–** ရွှေရည်သောက်= ရွှေရည်လိမ်းကျံသည်ဟု တိုက်ရိုက်မရေးဘဲ ရွှေရည်သောက်ဟု သွယ်ဝိုက်ရေးဖွဲ့ထားသောကြောင့် ဝက်ဝုတ္တိအလင်္ကာမြောက်ပါသည်။

မေးခွန်းနံပါတ်၂(ဂ) သည် ရေသည်ပြဇာတ်စကားစပ် မေးခွန်းဖြစ်ပါသည်။ မေးထားသော စကားစပ်ပါဝင်သည့်အခန်းနှင့် စကားစပ်ဆိုင်ရာ အချက်(၅) ချက် (ဘယ်သူက၊ ဘယ်သူ့ကို၊ ဘယ်နေရာ၊ ဘယ်အချိန်၊ ဘယ်အတွက်ကြောင့် ပြောရန်ဟူသောအချက်များ) အတွက် (၃) မှတ်၊ ဘာကိုပြောသည်ဟူသော ဆိုလိုရင်းကို ရှင်းလင်းရေးသား ပြောဆိုခြင်းအတွက် (၂) မှတ် စုစုပေါင်း(၅) မှတ် ဖြစ်ပါသည်။ ဖြေဆိုရာတွင် လိုရင်းတိုရှင်းဖြေဆိုရန်၊ အခန်းနံပါတ်ကိုသာ ဖော်ပြခြင်းထက် အခန်းအမည်ကိုပါ ယှဉ်တွဲဖော်ပြရန်ပြုသင့်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၂။ (ဂ) တစ်ခါတစ်ရံ၊ လောကခံမှာ၊ ကံမျက်စိလည်လို့မှ၊ ပြောင်နိုင်တယ်မရှိ၊ ရေရွှက်လို့ရောင်း၊ ဝမ်းကိုကျောင်းရတယ်၊ ခေါင်းကျိန်းလို့ ရှိခဲ့ပြီ။ ပဲစိတစ်ဝက်၊ ပြောင်းတစ်ဝက်နှင့်၊ ဆန်ပြက်သိကာ၊ ပါကောင်းလို့ ပါတော့တယ်။

မေးခွန်းနံပါတ်၂(ဃ)သည် အပြောသင်ခန်းစာ မေးခွန်းတို့ဖြစ်ပါသည်။ အပိုင်း(၁) အပြောသင်ခန်းစာတွင်ပါဝင်သော အခန်း(၃)မှ အကြောင်းအရာတစ်ခုခုကို မေးပါမည်။ ဖြေဆိုရာတွင် လိုရင်းတိုရှင်း ရှင်းပြဖြေဆိုရန်ဖြစ်ပြီး ပေးမှတ်မှာ (၅)မှတ်ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၂။ (ဃ) စကားပြောခြင်းဆိုင်ရာ နည်းပရိယာယ်များမှ ပေါင်းဖွဲ့စည်းလုံးမှုနည်းပရိယာယ်အကြောင်းကို ရှင်းလင်းဖြေဆိုပါ။

**မေးခွန်းနံပါတ် (၃)**

မေးခွန်းနံပါတ်(၃)သည် ပြဋ္ဌာန်းစာအုပ်ပါ အပိုင်း(၂) အဖတ်အရွတ်သင်ခန်းစာ အခန်း(၁) ကဗျာ (၈) ပုဒ်မှ တစ်ပုဒ်ကို ရွေးချယ်မေးမြန်းသော ကဗျာမေးခွန်းရှည်ဖြစ်ပါသည်။ ဤမေးခွန်းကို စစ်ဆေးအကဲဖြတ်ရာတွင် ကျောင်းသား ကျောင်းသူများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ်တစ်ဝက်၊ ကိုယ်ပိုင်အရေးအသားတင်ပြမှု စွမ်းရည်နှင့်အတူ မေးခွန်းကို အံဝင်ခွင်ကျဖြစ်အောင် တင်ပြနိုင်မှုအတွက် ပေးမှတ်တစ်ဝက်သတ်မှတ်ထားပါသည်။ မေးခွန်း၏ ရှုထောင့်အတိုင်း ဖြေဆိုရမည်ဖြစ်ပါသည်။ ကဗျာကို စကားပြေဖြေဆိုရေးသားမည်ဆိုပါက အချက်အလက်အားလုံးပါဝင်သော်လည်း မေးခွန်း၏ ရှုထောင့်နှင့် မကိုက်ညီပါက ပေးမှတ်တစ်ဝက်အောက်သာရမည် ဖြစ်ပါသည်။ မေးခွန်း၏ရှုထောင့်နှင့် အာဘော်ကို သေသေချာချာဖတ်ရှုပြီး ကိုယ်ပိုင်အရေးအသားအတင်အပြဖြင့် ဖြေဆိုရန်ဖြစ်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀) မှတ်ဖြစ်ပါသည်။

**နမူနာ**

၃။ "ကမ္ဘောဇသို့"ကဗျာတွင် စာဆိုသည် မောရှမ်းတို့၏ ပေါ်ကြို ပွဲတော်ကို မည်သို့သရုပ်ဖော် ရေးဖွဲ့ထားသနည်း။

**မေးခွန်းနံပါတ်(၄)**

မေးခွန်းနံပါတ်(၄)သည် ပြဋ္ဌာန်းစာအုပ်ပါ အပိုင်း(၂) အဖတ်အရွတ်သင်ခန်းစာ အခန်း(၂) စကားပြေ(၈) ပုဒ်မှ တစ်ပုဒ်ကို ရွေးချယ်မေးမြန်းသော စကားပြေမေးခွန်းရှည်ဖြစ်ပါသည်။ ဤမေးခွန်းကို စစ်ဆေးအကဲဖြတ်ရာတွင် ကဗျာမေးခွန်းရှည်နည်းတူ ကျောင်းသား ကျောင်းသူများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ်တစ်ဝက်၊ မိမိကိုယ်ပိုင်အရေးအသား အတင်အပြစွမ်းရည်နှင့်အတူ မေးခွန်းကို အံဝင်ခွင်ကျဖြစ်အောင် ဖြေဆိုတင်ပြနိုင်မှုအတွက် ပေးမှတ်တစ်ဝက် သတ်မှတ်ထားပါသည်။ မေးခွန်း၏ရှုထောင့်အတိုင်း ဖြေဆိုရမည်ဖြစ်ပါသည်။

စာမျက်နှာ ၂၅ သို့ ▼

# မြန်မာ-တရုတ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း(MCITP) ပထမအကြိမ် အထွေထွေအစည်းအဝေးနှင့်မိတ်ဆုံညစာစားပွဲကျင်းပ




ရန်ကုန် ဖေဖော်ဝါရီ ၁

မြန်မာ - တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း(MCITP) ပထမအကြိမ် အထွေထွေအစည်းအဝေးနှင့် မိတ်ဆုံညစာစားပွဲကို ဇန်နဝါရီလ ၃၁ ရက်က ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ ရွှေထွန့်တင် Hexagon ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာ-တရုတ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း (MCITP) ၏ မှတ်တမ်းဗီဒီယိုကို ပြသပြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်လွင်က နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Ms.Ma Jia က အမှာစကားပြောကြားပြီး MCITP အသင်း ဖောင်ဒါနှင့်ဥက္ကဋ္ဌ ဦးကျော်ဝင်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဦးသန့်စင်လွင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Ms. Ma Jia၊ MCITP အသင်းဖောင်ဒါနှင့်ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့်တာဝန်ရှိသူတို့က မြန်မာ-တရုတ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း(MCITP) အောင်မြင်စွာစတင်ခြင်းအထိမ်းအမှတ် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအက၊ တရုတ်ရိုးရာခြသေ့်အကတို့ဖြင့် ကပြဖျော်ဖြေကြပြီး တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်လွင်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Ms. Ma Jia၊ မြန်မာ-တရုတ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း(MCITP) နာယက၊ ဥက္ကဋ္ဌနှင့်အသင်းတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဝန်းရံခ**

# တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဘာသာရပ်ဆိုင်ရာဆွေးနွေး

ပန်းတနော် ဖေဖော်ဝါရီ ၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၁ ရက်တွင် ပြည်လုံးချမ်းသာ သာသနာ့ဗိမာန်နှင့် လေးထပ်ကျောင်းတိုက်ဓမ္မာရုံတို့၌ ကျင်းပကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မအူပင်တက္ကသိုလ် ပထဝီဝင်ဌာနမှ ပါမောက္ခဒေါက်တာဒေါ်လှကြည်က အမှာစကားပြောကြားသည်။

ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား မအူပင်တက္ကသိုလ်မှ ဘာသာရပ်အလိုက် ပါမောက္ခများက လာရောက်ဆွေးနွေးသင်ကြားပို့ချပေးမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးပြောကြားကြောင်း သိရသည်။

**ချမ်းမြေ့**

# ကန်ကြီးထောင့်မြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါးဧက ၁၂၀၀၀၀ ကျော် ရိတ်သိမ်းပြီးစီး

ကန်ကြီးထောင့် ဖေဖော်ဝါရီ ၁

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါးဧက ၁၂၀၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကန်ကြီးထောင့်မြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီက စပါးဧက ၁၄၃၉၆၀ အထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့်စပါးများကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင် ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ၁၂၉၈၇၈ ဧကအထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ရိတ်သိမ်းခဲ့သည့် စပါးတစ်ဧက လျှင် ၁၀၁ ဒသမ ၆၄ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

"မိုးစပါးစိုက်ပျိုးရာသီမှာ စပါးဧက ၁၄၃၀၀၀ ကျော် စိုက်ပျိုးခဲ့တာဖြစ်ပါတယ်။ လက်ရှိ စပါးဧက ၁၂၀၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေ မိုးစပါးတွေကို အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့၊ စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့နဲ့ မြေဆီလွှာပြုပြင်တဲ့လုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူကပြောသည်။

ကန်ကြီးထောင့်မြို့နယ်၌ မိုးစပါးများ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာန စသည့်နီးနွယ်ဌာနများပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သုတကျော်**

▼ စာမျက်နှာ ၂၄ မှအဆက်

မေးခွန်း၏ရှုထောင့်ကို သတိမထားဘဲ မိမိကျက်မှတ်ထားသည့်အပုဒ်နှင့် ခေါင်းစဉ်တူသဖြင့် အချက်အလက်များကိုသာ ရေးသားပါက ပေးမှတ် တစ်ဝက်အောက်သာ ရရှိမည်ဖြစ်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀) မှတ်ဖြစ်ပါသည်။

**နမူနာ**

၄။ "သစ္စာနှင့်ပညာ" ဝတ္ထုစကားပြေမှ ရရှိသောအကျိုးကျေးဇူးများကို ဝေဖန်သုံးသပ်ပါ။

**မေးခွန်းနံပါတ်(၅)**

မေးခွန်းနံပါတ်(၅)သည် ပြဋ္ဌာန်းစာအုပ်ပါ အခန်း(၂) အဖတ်အရွတ်သင်ခန်းစာ အခန်း(၃) ရေသည်ပြဇာတ်မှ အကြောင်းအရာ သို့မဟုတ် အရေးအသားကိုမေးမြန်းသော ပြဇာတ်မေးခွန်းရှည်ဖြစ်ပါသည်။ ပြဇာတ်သဘောတရားနှင့်ဆက်စပ်ကာ မေးသည့်အကြောင်းအရာပိုင်းလည်း ဖြစ်နိုင်ပါသည်။ ကျောင်းသား ကျောင်းသူများသည် ပြဇာတ်ကို လေ့လာရာတွင် ပြဇာတ်သဘောသဘာဝနှင့် ပြဇာတ်အင်္ဂါရပ်ကို သိရှိနားလည်ရန်၊ ပြဇာတ်၏အရသာကို ခံစားတတ်စေရန်၊ ပြဇာတ်အရေးအဖွဲ့၏ စာပေလက်ရာများကို အကဲဖြတ်နိုင်ရန် လိုအပ်လှပါသည်။ ပြဇာတ်၏သဘောသဘာဝ၊ ပြဇာတ်၏ ဖန်တီးမှုအတတ်ပညာ၊ ပြဇာတ်၏အရေးအသားတို့ကို သိရှိနားလည် လေ့လာဆည်းပူးထားရမည်ဖြစ်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀)မှတ် ဖြစ်ပါသည်။

**နမူနာ**

၅။ ရေသည်ပြဇာတ်မှ ဇာတ်ဆောင်စရိုက်အဖွဲ့များကို ဆန်းစစ်တင်ပြပါ။

**မေးခွန်းနံပါတ်(၆)**

မေးခွန်းနံပါတ်(၆)သည် စာစီစာကုံးမေးခွန်းဖြစ်ပြီး မေးခွန်းတွင် (၂) ပုဒ်မေးကာ (၁)ပုဒ် ဖြေဆိုရမည်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများ၏ ပင်ကိုအရည်အသွေးကို ဖော်ထုတ်နိုင်ဆုံးသော မေးခွန်းဖြစ်ပါသည်။ ကိုယ်ပိုင်ဗဟုသုတအတွေးအခေါ်ကို ကိုယ်ပိုင်စကားပြေ အရေးအသားဖြင့် ရေးသားရခြင်းဖြစ်သည့်အတွက် ကျောင်းသား ကျောင်းသူများ၏ကိုယ်ခံကို စာစီစာကုံးဖြင့်အကဲဖြတ်ခြင်းဖြစ်ပါသည်။ စာစီစာကုံးရေးသားရန် ပုံကြမ်းအချက်အလက် (၅)ချက်ပေးထားပြီး အချက်တစ်ချက်ကို စာတစ်ပိုဒ်နှုန်းဖြင့် ဖြေဆိုရမည်ဖြစ်ပါသည်။ စာစီစာကုံးဖြေဆိုရာတွင် ပုံကြမ်းအချက်အလက်ကိုအခြေမခံဘဲ အလွတ်ကျက်မှတ်ဖြေဆိုပါက အမှတ်မရနိုင်သည်ကိုလည်း သတိပြုသင့်ပေသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀)မှတ် ဖြစ်ပါသည်။

**နမူနာ**

၆။ နှစ်သက်ရာ**တစ်ခု**ကို စာစီကုံးပါ။

**၁။ မိဘကျေးဇူးမြင်းမိုရ်ဦး**

- မိဘတို့၏ ကျေးဇူးတရားကြီးမားပုံ
- မိဘပြစ်မှားသူတို့ ဆင်းရဲဒုက္ခရောက်တတ်ပုံ
- မိဘမပြစ်မှားသူတို့ အကျိုးကျေးဇူးခံစားရပုံ
- မိဘတို့၏ကျေးဇူးကို တစ်ဖန်ပြန်လည်ဆပ်သင့်ပုံ
- မိဘတို့၏ကျေးဇူးတရားနှင့် မိမိအမြင်

**၂။ လှပသာယာပြည်မြန်မာ**

- တောတောင်ရေမြေ သဘာဝအလှများဖြင့် ပြည့်ဝနေပုံ
- သယံဇာတပစ္စည်းများပေါကြွယ်ဝပုံ
- ထင်ရှားသောနေရာဒေသများဖြင့်လှပသာယာပုံ
- ရိုးရာဓလေ့အလိုက်ပွဲတော်များကျင်းပကြပုံ
- မိမိအတွေးနှင့်အမြင်

**မေးခွန်းနံပါတ်(၇)**

မေးခွန်းနံပါတ်(၇)သည် အဆိုတစ်ရပ်ကိုဖတ်ရှုပြီး မိမိနှစ်သက်ရာဘက်မှ ရပ်တည်ဆွေးနွေးစေသော အဆိုဆွေးနွေးမေးခွန်းမျိုးဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများ၏ ကိုယ်ပိုင်စဉ်းစားဉာဏ်၊ အတွေးအခေါ်နှင့် ပင်ကိုအရည်အသွေးတို့ကို ဖော်ထုတ်ပြသည့်မေးခွန်းဖြစ်သဖြင့် ကိုယ်ပိုင်အတွေးအခေါ် စိတ်ကူးစိတ်သန်းကောင်းလျှင်ကောင်းသလောက် အရေးအသား အတင်အပြကောင်းလျှင်ကောင်းသလောက် အမှတ်ရနိုင်မည့် မေးခွန်းဖြစ်ပါသည်။ အဆိုဆွေးနွေးအရေးအသားသည် အလေ့အကျင့်များများပြုလုပ်ထားဖို့လိုအပ်သည့် မေးခွန်းဖြစ်သဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့်အလေ့အကျင့်များများပြုလုပ်ကာ အရေးအသားကို အဆင်ပြေချောမွေ့စွာရေးတတ်ပြီး အပြန်အလှန်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများကိုလည်း ရရှိနိုင်သည့်အတွက် ကျောင်းသား ကျောင်းသူများ၏ အတွေးနှင့် အရေးအသားစွမ်းရည်ကို ဖော်ထုတ်ပေးသည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၇။ အောက်ပါအဆိုများအနက်**တစ်ခု**ကို ထောက်ခံ၍ဖြစ်စေ၊ ကန့်ကွက်၍ဖြစ်စေ ဆွေးနွေးပါ။

(၁) စာဖတ်ခြင်းသည် အင်တာနက်သုံးခြင်းထက် ပို၍အကျိုးရှိသည်။

(၂) နိုင်ငံသားတိုင်းသည် မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်သင့်သည်။

ဤမေးခွန်းကိုဖြေဆိုရာတွင် ရေးသားချိန်သည် မိနစ် (၂၀၊ ၂၅) မိနစ်ခန့်သာ ရရှိနိုင်သည့်အတွက် ရရှိမည့်အချိန်အတိုင်းအတာကို သတိပြုရမည်ဖြစ်ပါသည်။ စာပိုဒ်လေးပိုဒ်သာ ရေးသားဖြေဆိုသင့်ပြီး ပထမစာပိုဒ်သည် နိဒါန်း၊ ဒုတိယစာပိုဒ်နှင့် တတိယစာပိုဒ်တို့သည် စာကိုယ်၊ စတုတ္ထစာပိုဒ်သည် မိမိရပ်တည်ချက်ကို အတည်ပြုသည့် နိဂုံးဖြစ်ပါသည်။ စာတစ်ပိုဒ်အတွက် ရေးသားချိန်သည် (၅) မိနစ်ခန့်သာ အသုံးပြုသင့်သည့်အတွက် ပေးမှတ်နှင့်ချိန်ဆကာ မည်မျှရေးသင့်သည်ကို တွေးဆရမည်ဖြစ်ပါသည်။ ယေဘုယျအားဖြင့် အဆိုဆွေးနွေးချက်ကို စစ်ဆေးအကဲဖြတ်ရာတွင် နိဒါန်းနှင့် နိဂုံး (၂)မှတ်စီ၊ စာကိုယ်များကို (၃)မှတ်စီ လျာထားသတ်မှတ်ပါသည်။

တက္ကသိုလ်ဝင်တန်း မြန်မာစာဘာသာရပ်သည် မြန်မာအပြောစကား၊ မြန်မာစာအရေးအသား၊ မြန်မာစာပေ၏ အနှစ်သာရတို့ကို လေ့လာသင်ယူဖြေဆိုရသည့် ဘာသာရပ်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများသည် ဓမ္မဓိဋ္ဌာန်မေးခွန်းများ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်းများကိုဖြေဆိုရာတွင် အချက်အလက်တိတိကျကျ ကျက်မှတ်ရသည့်နည်းတူ အမှန်တကယ် နားလည်သဘောပေါက်အောင်လည်း အားထုတ်ကြိုးပမ်းရမည်ဖြစ်ပါသည်။ ကဗျာမေးခွန်းရှည်၊ စကားပြေမေးခွန်းရှည်၊ ရေသည်ပြဇာတ်မေးခွန်းရှည်များကို ဖြေဆိုရာတွင် မိမိ၏စိတ်ကူးစိတ်သန်းအတွေးအခေါ်၊ အရေးအသားစွမ်းရည်တို့ကို ပြသရမည့်နည်းတူ စာစီစာကုံးနှင့် အဆိုဆွေးနွေးချက် မေးခွန်းရှည်များကိုဖြေဆိုရာတွင် ကောင်းစွာနားလည်သဘောပေါက်အောင် ဖတ်ရှုပြီး ကိုယ်ပိုင်အတွေးစိတ်ကူးဉာဏ်နှင့် အရေးအသားတို့ဖြင့် ပေါင်းစပ်ကာ ရေးသားဖြေဆိုရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူအားလုံး စာမေးပွဲကို ကောင်းစွာဖြေဆိုနိုင်ပြီး ထူးထူးချွန်ချွန် အောင်မြင်ကြပါစေကြောင်း ဆန္ဒပြုလိုက်ပါသည်။

# မကွေးမြို့၌ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲကျင်းပ

မကွေး ဖေဖော်ဝါရီ ၁

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာ ထမနဲထိုး ပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မကွေးမြို့ မြသလွန် စေတီတော် ဘုရားပွဲတော်ကွင်းပြင်၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင် အသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်း ၁၃ သင်း၏ ထမနဲထိုးယှဉ်ပြိုင်နေမှုနှင့် ပြိုင်ပွဲဝင်အသင်းကိုယ်စားပြု အကအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှု အားပေးကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ထမနဲထိုးပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ စတုတ္ထဆုနှင့် နှစ်သိမ့်ဆုရရှိသော ပြိုင်ပွဲဝင်အသင်းများအား ဆုငွေများ ပေးအပ်ချီးမြှင့်ကာ ဇလာမပါကံစမ်းမဲများ ဖွင့်ဖောက်ပေးကြသည်။ ညပိုင်းတွင် မီးပုံးပျံလွှတ်တင်ပွဲကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဧည့်ပရိသတ်များနှင့်အတူ စိန်နားပန်မီးပုံးပျံ သုံးလုံး၊ ညမီးကြီး မီးပုံးပျံတစ်လုံးနှင့်မီးပုံးပျံငယ်၃၀၀ တို့ကို မီးထွန်းညှိ၍ လွှတ်တင်ပေးကြကြောင်း သိရသည်။ **မောင်ခိုင်မင်း(ပြန်/ဆက်)**

■ **ကျောဖုံးမှအဆက်**

ရေရရှိရေးဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် မီးလောင်မှုမီးလန့်မှုများဖြစ်ပေါ်လာပါက အချိန်မီလျင်မြန်စွာမီးငြိမ်းသတ်နိုင်ရေးအတွက် သဏ္ဍာန်တူ သရုပ်ပြဆောင်ရွက်မှု အခြေအနေများကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးတင့် ဦးဆောင်မှုဖြင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်စိုးသန်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိဦးဝင်းနိုင်နှင့်ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သဏ္ဍာန်တူ သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်ယာဉ် လေးစီး၊ ရေသယ်ယာဉ် နှစ်စီး၊ အရန်မီးသတ်တပ်ဖွဲ့မှ ရေသယ်ယာဉ် တစ်စီးနှင့် စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ယာဉ်တစ်စီး စုစုပေါင်း ရှစ်စီးတို့ဖြင့် သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ရွှေမိုးညွှင်း**

# ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ပထမ (၁၀)ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် ဖေဖော်ဝါရီ ၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ် နိုင်သည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ် အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီ ပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူး တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ် နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ရွာသွန်းမှုမြဲအောက် လျော့နည်းနိုင်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီ တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ရွာသွန်းမှုမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (၆၈)ဒီဂရီဖာရင်ဟိုက်မှ ၇၇ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၈ ဒီဂရီဖာရင်ဟိုက်မှ ၈၇ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၈ ဒီဂရီဖာရင်ဟိုက်မှ ၉၈ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၃၆ ဒီဂရီဖာရင်ဟိုက်မှ ၄၆ ဒီဂရီ ဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၄၇ ဒီဂရီဖာရင်ဟိုက်မှ ၅၇ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၅၈ ဒီဂရီဖာရင်ဟိုက်မှ ၆၈ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၅၃ ရာခိုင်နှုန်းမှ ၆၄ ရာခိုင်နှုန်းအတွင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၆၅ ရာခိုင်နှုန်းမှ ၇၆ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ (အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ၇၇ ရာခိုင်နှုန်းမှ ၈၇ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ၂၀ မီလီမီတာမှ ၂၉ မီလီမီတာအတွင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၃၀ မီလီမီတာမှ ၃၉ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၄၀ မီလီမီတာမှ ၄၉ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေအသီးသီး ရှိနိုင်သည်။

**(မိုး/ဇလ)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၂-၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၁၅ | ၂၄၃၀ | ၂၃၈၅ | ၂၃၃၀ | ၂၄၃၅ | ၂၄၅၀ | ၂၄၆၅ | ၂၃၈၅ | ၄၅၁၅ | ၂၆၀၀ | ၂၄၀၀ | ၂၅၈၅ | ၂၄၇၅ | ၂၄၄၀ | ၂၄၆၀ | ၂၇၁၅ |
| 95 Ron | ၂၃၆၀ | ၂၄၇၅ | ၂၄၄၀ | ၂၃၇၅ | ၂၄၈၀ | ၂၄၈၅ | ၂၅၁၅ | ၂၄၃၀ | ၄၅၆၀ | ၂၇၂၅ | ၂၄၅၀ | ၂၆၅၅ | ၂၅၂၀ | ၂၄၈၅ | ၂၅၀၅ | ၂၇၆၅ |
| HSD (500 ppm) | ၂၃၀၀ | ၂၄၈၅ | ၂၄၆၀ | ၂၃၈၅ | ၂၅၀၀ | ၂၅၁၅ | ၂၅၃၅ | ၂၄၅၅ | - | ၂၇၄၅ | ၂၄၇၀ | ၂၈၅၅ | ၂၅၄၀ | ၂၅၀၅ | ၂၅၃၀ | ၂၇၈၅ |
| HSD (50 ppm) | ၂၆၆၀ | ၂၇၇၀ | ၂၇၄၀ | ၂၆၇၅ | ၂၇၈၀ | ၂၇၈၅ | ၂၈၁၀ | ၂၇၃၀ | ၄၈၃၀ | ၃၀၂၅ | ၂၇၄၅ | ၂၉၆၅ | ၂၈၂၀ | ၂၇၈၅ | ၂၈၀၅ | ၃၀၆၀ |
| HSD (10 ppm) | ၂၆၆၀ | ၂၇၇၀ | ၂၇၄၀ | ၂၆၇၅ | ၂၇၈၀ | ၂၇၈၅ | ၂၈၁၀ | ၂၇၃၀ | - | ၃၀၂၅ | ၂၇၄၅ | ၂၉၆၅ | ၂၈၂၀ | ၂၇၈၅ | ၂၈၀၅ | ၃၀၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၆၄ | ၂၂၄၁ |
| 95 Ron | ၂၂၀၉ | ၂၂၈၆ |
| HSD (500 ppm) | ၂၂၃၀ | ၂၃၀၄ |
| HSD (50 ppm) | ၂၄၉၇ | ၂၅၇၇ |
| HSD (10 ppm) | ၂၄၉၇ | ၂၅၇၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ် နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **(မိုး/ဇလ)**

# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

စက်မှုတက္ကသိုလ်၌ ယခုနောက်ပိုင်းတွင် စာသင်သားဦးရေများပြားလာသည်။ ကျောင်းဝင်းထဲရှိ ယောကျ်ားလေးအဆောင်ခြောက်ဆောင်ဖြင့် မလုံလောက်တော့ပေ။ ထို့ကြောင့် နောက်မှရောက်လာသော မောင်သစ်လွင်လေးများသည် သမိုင်းဝင်းထဲရှိ 'အင်းလေး' ဆောင်တွင်နေကြရသည်။

'ဟိုးကအဆောင်တွေ တွေ့လားအစ်ကို၊ အဲဒါ မိန်းကလေးဆောင်တွေပေါ့၊ ဘယ်တော့များမှ ပြီးမလဲ မသိပါဘူး၊ ကျွန်တော်တို့ကျောင်းထွက်မှ ပြီးမယ်ထင်ပါရဲ့ဗျာ'

ဆန္ဒစောစွာဖြင့် ညည်းညည်းညူညူပြောသော တင်မောင်အေး၏စကားသံကို ကြားတစ်ချက်၊ မကြားတစ်ချက်နှင့် ကျော်ထွန်းညို၏စိတ်အတွေးများသည် ပျံ့လွင့်သွားသည်။ ကောင်းကင်ပြာကို နောက်ခံထားပြီး လှိုင်းအိသဖွယ်ရွေ့လျားနေသော တိမ်ဆုပ်တိမ်ခဲများကို ငေးကြည့်နေမိသည်။ ညီလင်း၏သူငယ်ချင်း နွေသူရိန်စပ်သော 'ချစ်သူမျက်နှာ' ဟူသည့်ကဗျာလေးကို သတိရနေသည်။ ကဗျာကို အလွတ်မရသော်လည်း တိမ်တိုက်များကြားထဲတွင် ပြေးလွှားဆော့ကစားရင်း၊ ရှက်စနိုးပုန်းကွယ်ရင်း ပြုံးရယ်ပြနေသော အိပ်မက်ချစ်သူလေးအကြောင်း ဖွဲ့ဆိုထားကြောင်းကိုကားသိသည်။

လှောင်သလိုလိုပြုံးတတ်သော စုလှိုင်၏မျက်နှာလှလှလေးသည် တိမ်ကြားထဲတွင် မြုပ်ချည်ပေါ်ချည်ဖြစ်နေသလို ထင်လာသည်။

'ဒီအားကစားရုံကြီးကတော့ သိပ်ကောင်းတာပဲနော် အစ်ကို၊ ကျွန်တော် တကယ်ကြိုက်တယ်၊ ကျွန်းဆွယ်ပွဲကျရင် အားကစားသမားတွေကို ဒီဝင်းထဲမှာ အားကစားရွာ တည်ပေးမယ်ဆိုပြောနေကြတယ် ဟုတ်လားဟင်'

'ပြောနေကြတာပါပဲကွာ၊ ကျွန်းဆွယ်ပွဲက အဝေးကြီးလိုသေးတာပဲ'

သူတို့နှစ်ဦး ဆက်၍လမ်းလျှောက်လာကြသည်။ ခပ်လှမ်းလှမ်းတွင်ကျန်ခဲ့သော တင်မောင်ဌေးကမူ လမ်းဘေးရှိ ပန်းအဝါလေးများပွင့်နေသည့် အပင်အောက်တွင်ထိုင်နေလေသည်။ သူသည် ကျော်ထွန်းညိုတို့ကဲ့သို့ လမ်းလျှောက်ရန် ဝါသနာပါသူမဟုတ်ပေ။ နေပူရှိန်ငွေ့ငွေ့လေးနှင့်နွေးနေသေးသော ညနေစောင်းတွင် ဆောက်လက်စအဆောက်အအုံ ထိုးထိုးထောင်ထောင်များကြား လျှောက်သွားနေမည့်အစား အင်းလျားစောင်းတွင်သွား၍ထိုင်ရင်း လမ်းလျှောက်ထွက်လာသောအလှအပလေးများကို ငေးနေလိုသူသာဖြစ်သည်။

'ကျွန်တော် စလိုက်ရူးလည်း ထိုးတတ်ပြီ အစ်ကို၊ တတ်သွားတော့လည်း အလွယ်လေးပဲ၊ ဘေးကပ် ဘေးကပ် အစ်ကို'

ဟီးနိုးကားတစ်စီးသည် သူတို့ဘေးမှ ဝီးခနဲဖြတ်သွားသည်။

'ပေ့ကောင် ဖိုးအေး၊ ရော့ မင်းဖို့ ငါးပိချက်'



ကားပေါ်မှ ကျောင်းသားတစ်ဦးက အထုပ်သေးလေးတစ်ထုပ်ပစ်ပေးသွားသည်။ ထို့နောက် ရယ်မော၍ လက်ပြသွားလေသည်။ သူပစ်ပေးသွားသော အထုပ်လေးကို လှမ်း၍ဖမ်းရမည့်အစား တင်မောင်အေးသည် ခုန်၍လွတ်အောင်ရှောင်လိုက်သည်။

'ဒီကောင် စူစကာဆောင်ကကောင် အစ်ကိုရ၊ ကျွန်တော်တို့မြို့ကပဲ'

'စူစကာဆောင်'ဟူသည်မှာ 'ဇီဝကဆောင်'ကို ဆိုလိုရင်းဖြစ်သည်။ တမင်သက်သက်ဖျက်၍ နံနှိမ်ကာခေါ်ခြင်းဖြစ်သည်။ ဇီဝကဆောင်သည် ဆေးကျောင်းသားတို့၏အဆောင်ဖြစ်သည်။ သူတို့ လက်ဆောင်ပေးတတ်သော ငါးပိချက်၊ ဝက်အူချောင်း စသည်များကို တင်မောင်အေးတို့ကြောက်ကြရသည်။

'ဒီကောင်တွေ အင်မတန်ယုတ်ပတ်တယ်ဗျ။ ဟိုတစ်ခါတုန်းကလည်း ဟိုဒင်းကြီးဖြတ်ယူလာတယ်။ ဝက်အူချောင်းဆိုပြီး လာပေးသေးတယ်'

'ဘာဖြစ်လဲကွ၊ စားပစ်လိုက်ပေါ့'

'ဖွီ'

တင်မောင်အေး၏မျက်နှာသည် ရှုံ့မဲ့သွားသည်။ ကျော်ထွန်းညိုက အားရပါးရရယ်လိုက်မိစဉ် သူ၏နောက်ဘက်မှ ခေါ်သံလေးကိုကြားရသည်။

'ကိုကို၊ ကိုကို'

'ဟင်၊ သက်သက်'

သက်သက်သည် ကျော်ထွန်းညိုဆီသို့ အပြေးလေးလျှောက်လာသည်။

'ကိုကိုနဲ့တွေ့တာ အတော်ပဲ၊ ကားပေါ်ကနေ ကိုကို့ကို လှမ်းမြင်လို့ ကမန်းကတန်းဆင်းလာတာ'

သက်သက်၏နဖူးတွင် ချွေးလေးများစို့နေသည်။ ခေါင်းဆောင်းဖြူဖြူလေးကိုဖြုတ်ထားသော်လည်း အင်္ကျီဖြူနှင့်ထဘီနီလေးကိုပင် ဝတ်ထားလေသည်။

'အင်းလေးဆောင်ဆိုတာလေ၊ ဘယ်နားမှာလဲ ကိုကို၊ ဒီနားမှာပဲ မဟုတ်လားဟင်'

'အေးလေ ဒီနားမှာပဲ၊ နေပါဦးမိသက်ရဲ့၊ ဘာလုပ်ဖို့လဲ'

'နောက်ပြီး ဒီအဆောင်က ကိုလွင်မောင်ဆိုတာ သိလားဟင်၊ ရှိတယ် မဟုတ်လား၊ အသားညိုညို အရပ်ပျပ်ပျပ်နဲ့တဲ့'

သက်သက်က အမောတကောပြောလေသည်။ ကျော်ထွန်းညိုသည် တင်မောင်အေးကို အကူအညီတောင်းဟန်ဖြင့်လှမ်း၍ကြည့်သည်။ အင်းလေးဆောင်သား တင်မောင်အေးက မနေသာတော့ဘဲ ဝင်မေးလေသည်။

'အခန်းနံပါတ် ဘယ်လောက်လဲဟင်'

'ဟင့်အင်း မသိဘူးတဲ့'

'ဒါဖြင့် ဘယ်နယ်ကလဲ'

'ဟင့်အင်း မသိ၊ ဟို ဟို မြောင်းမြဘက်က ထင်တယ်'

သက်သက်သည် ယောင်ဝါးဝါးဖြေသည်။ စူးစမ်းသလို မျက်မှောင်ကုတ်၍ကြည့်နေသော ကျော်ထွန်းညိုကို မလုံမလဲပြုံးပြရင်း မျက်နှာလေးနီသွားသည်။

'နေပါဦး မိသက်ရဲ့ ဘာမှလည်း ရေရေရာရာမသိဘဲ ဘာဖြစ်လာတာလဲ'

ကျော်ထွန်းညိုက ခပ်ဆတ်ဆတ်လေးမေးမိလေသည်။ ယောကျ်ားလေးဆောင်သို့ သုတ်သီးသုတ်ပျာဖြင့် တစ်ဦးတည်းရောက်လာသော သက်သက်ကို အလိုမကျဖြစ်ပြီး ရုတ်ခြည်းစိတ်တိုချင်သွားသည်။

'ဘာမှမဖြစ်ပါဘူး ကိုကိုရဲ့'

'ဘာမဖြစ်ရမှာလဲ'

သိသိသာသာအသံမာနေသောကျော်ထွန်းညိုကို အလန့်တကြားလှမ်းကြည့်ရင်း သက်သက်သည် မျက်နှာလေးငယ်သွားသည်။ စကားစပျောက်သွားသလို ကြောင်အအလေးဖြစ်သွားလေသည်။

'ဩော် ရှိတယ် ရှိတယ်။ အပေါ်ထပ်မှာရှိတယ်။ မြောင်းမြကလား ဘာလားတော့ မသိဘူး။ အသားညိုညို အရပ်ပျပ်ပျပ်ပဲ။ ဘာလဲ သူနဲ့တွေ့ချင်လို့လား'

'ဟုတ်၊ အဲ၊ မဟုတ်ပါဘူး၊ စာပေးချင်လို့ပါ၊ စာလေးတစ်စောင်ပေးချင်လို့ပါ။ ဒီလို ဒီလိုပါ။ ဆေးရုံက လူနာတစ်ယောက်က သူ့ကိုသိပ်တွေ့ချင်နေပါတယ်။ အဲဒါ စာပေးခိုင်းလိုက်လို့ပါ။ သူ့လက်ထဲကို ဒီစာလေးတစ်ဆိတ် အဲ၊ ပေးပေးပါနော်'

သက်သက်က အထစ်ထစ်အငေါ့ငေါ့ပြောရင်း သူ့အိတ်ထဲမှစာလေးတစ်စောင်ကို ထုတ်ယူလိုက်သည်။ တင်မောင်အေး၏လက်ထဲသို့ စာလေးကို ထည့်လိုက်ရင်း ကျော်ထွန်းညိုကိုလှမ်းကြည့်သည်။ စင်စစ်အားဖြင့် ကိုလွင်မောင်ဆိုသူကို သူကိုယ်တိုင်တွေ့ပြီး အကျိုးအကြောင်းပြောပြကာ စာပေးရန်ဖြစ်သည်။ သို့သော် လေသံမာကာ မျက်မှောင်ကုတ်နေသောကျော်ထွန်းညိုကိုတွေ့ရသောအခါ ရုတ်တရက်ဘာလုပ်ရမည်မသိဘဲ အယောင်ယောင်အမှားမှားဖြစ်သွားလေသည်။

'ကျွန်တော် ဆက်ဆက်ပေးလိုက်ပါမယ်၊ စိတ်ချပါ'

တင်မောင်အေးက တာဝန်ခံလေသည်။ ထဘီနီ၊ အင်္ကျီဖြူလေးနှင့်ဖြစ်သော်လည်း သက်သက်ကို သူနာပြုဆရာမလေးဟု မသိပေ။ ကျော်ထွန်းညို၏ အသိမိတ်ဆွေတစ်ဦးဦးဟုသာ ထင်မှတ်ပုံရသည်။

'သူတို့နှစ်ယောက်က ငယ်ရည်းစားတဲ့ကိုကိုရဲ့၊ လူကြီးချင်းမတည့်လို့ အတင်းခွဲထားတယ်။ အခုကောင်မလေးက မစားနိုင်၊ မသောက်နိုင်နဲ့ ရောဂါရပြီး ဆေးရုံလာတက်ရတယ်။ အဲဒါ သူ့ကောင်လေးကို တွေ့ချင်လွန်းလို့ သက်သက်ကို တောင်းပန်လို့ သက်သက်ကကူညီတာပါ'

တင်မောင်အေး လမ်းခွဲ၍ထွက်သွားသောအခါမှ သက်သက်က ရှင်းပြသည်။

'ဘာလဲ၊ ဒီတော့ မိသက်က အောင်သွယ်လုပ်တာပေါ့ ဟုတ်လား'

'အောင်သွယ်လို့တော့မပြောပါနဲ့ ကိုကိုရယ်'

သက်သက်သည် ရုတ်တရက်မျက်ရည်ဝဲလာသည်။ 'အောင်သွယ်' ဟူသောစွပ်စွဲချက်ကို လက်သင့်မခံနိုင်သလို ရင်ထဲတွင်ခါးသွားသည်။

**ဆက်လက်ဖော်ပြပါမည်။**

## ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး


မြစ်ကြီးနား ဖေဖော်ဝါရီ ၁

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် မြစ်ကြီးနားမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေလွယ်ကူပြီး ရာသီမရွေး သွားလာနိုင်ရန်ရည်ရွယ်၍ နောင်နန်းကျေးရွာအုပ်စု ယိန်းခေါ ကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုငွေဖြင့် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇန်နဝါရီလ ၃၁ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကချင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းဦး၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်မြင့်ထွန်း၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆုမွန်အောင်နှင့် တာဝန်ရှိသူများသည် ယိန်းခေါကျေးရွာ၌ ကျေးရွာအဝင်လမ်းမကြီး ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကိုကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)က တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန်မှာကြားကာ ကျေးရွာမှတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါကျောက်ချောလမ်းသည် အရှည် ၁ ဒသမ ၃ ဖာလုံ၊ အကျယ် ၁၄ ပေ၊ ထု ၁ ပေ ၅ လက်မရှိပြီး ပြည်ထောင်စုခွင့်ပြုငွေဖြင့် မြစ်ကြီးနားမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာများက ယခုနှစ် ဇန်နဝါရီလပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ချိုသန်းညွန့်(ကျေးလက်)



သုတ–ရသ ကဏ္ဍစုံလင်စွာဖြင့်
စာဖတ်ပရိသတ်များ၏လိုအင်များကို အမြဲဖြည့်ဆည်းပေးလျက်ရှိသော



- ၁၉၅၂ ခုနှစ်၊ နိုဝင်ဘာလမှစတင်ထုတ်ဝေခဲ့ပြီး (၇၄)နှစ်တိုင်တိုင် စဉ်ဆက်မပြတ် ထုတ်ဝေခဲ့သည့်မဂ္ဂဇင်း
- မြဝတီမဂ္ဂဇင်းသည် အလုပ်သမား၊ လယ်သမားနှင့် တပ်မတော်သားတို့၏အကျိုးကို ကိုယ်စားပြုရပ်တည်လျက်ရှိသောမဂ္ဂဇင်း
- သုတ၊ ရသအတွက် ဝါရင့်ကလောင်ရှင်ကြီးများ၏ဆောင်းပါးများအပြင် စာဆိုစစ်သည် ကလောင်ရှင်များနှင့် စာပေဝါသနာရှင်ကလောင်သစ်များကိုပါ မြေတောင်မြှောက်ပေး လျက်ရှိသည့်မဂ္ဂဇင်း
- မိမိနေအိမ်စာအုပ်စင်၌ ထာဝစဉ်ထားရှိသင့်သောမဂ္ဂဇင်း
- ရုပ်ရှင်၊ ဂီတ၊ သရုပ်ဆောင်မော်ဒယ်များ၏ မျက်နှာဖုံးဓာတ်ပုံများနှင့်အတူ အရောင်အသွေးစုံလင်စွာဖြင့် စဉ်ဆက်မပြတ်ထုတ်ဝေလျက်ရှိပါသည်။
- ကဗျာ၊ ကာတွန်း၊ ဆန်းစစ်လေ့လာမြန်မာစာ၊ ဗုဒ္ဓစာပန်းချီ၊ ရသစာတမ်း၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဝတ္ထုတို၊ ဝတ္ထုရှည်တို့ကို သုတ–ရသစုံလင်စွာဖြင့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလထုတ် မြဝတီမဂ္ဂဇင်းထွက်ရှိနေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Email: mwdliteraturehouse@gmail.com

ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၉၀၇၅၅၉၆၈(စာတည်းဌာန)
၀၉ ၃၂၄၉၈၇၂၄(ဖြန့်ချိရေး)
၀၉ ၂၅၇၃၇၈၄၉၅(အွန်လိုင်းဖြန့်ချိရေး)

၁၅၀၀ ကျပ်

မြဝတီစာပေတိုက်က ထုတ်ဝေသည်။



စာပေ၊ ယဉ်ကျေးမှု၊ သုတ–ရသ ကဏ္ဍစုံလင်စွာဖြင့်
စာဖတ်ပရိသတ်များ၏လိုအင်များကို အမြဲဖြည့်ဆည်းပေးလျက်ရှိသော ငွေတာရီ မဂ္ဂဇင်း



- (၆၅)နှစ်တိုင်တိုင် စဉ်ဆက်မပြတ်ထုတ်ဝေခဲ့သည့်မဂ္ဂဇင်း
- ယဉ်ကျေးမှုနှင့်သမိုင်းဆိုင်ရာ၊ စာပေနှင့်အနုပညာကဏ္ဍများ ဖော်ဆောင် လျက်ရှိသည့်မဂ္ဂဇင်း
- သုတ၊ ရသအတွက် ဝါရင့်ကလောင်ရှင်ကြီးများ၏ဆောင်းပါးများအပြင် ကလောင်သစ်များကိုပါ မြေတောင်မြှောက်ပေးလျက်ရှိသည့်မဂ္ဂဇင်း
- မိမိနေအိမ်စာအုပ်စင်၌ ထာဝစဉ်ထားရှိသင့်သောမဂ္ဂဇင်း
- အစဉ်အလာမပျက် မြန်မာ့ပန်းချီမျက်နှာဖုံးအဖြစ် နာမည်ကျော် ပန်းချီဆရာကြီးများ၏လက်ရာများနှင့်အတူ အရောင်အသွေး စုံလင်စွာဖြင့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလထုတ် ငွေတာရီမဂ္ဂဇင်း ထွက်ရှိနေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Email – ngwetaryeemagazine@gmail.com

ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၆၉၂၁၃၆၈၈ (စာတည်းဌာန)
၀၉ ၃၂၄၉၈၇၂၄ (ဖြန့်ချိရေး)
၀၉ ၂၅၇၃၇၈၄၉၅ (အွန်လိုင်းဖြန့်ချိရေး)

၁၅၀၀ ကျပ်

မြဝတီစာပေတိုက်က ထုတ်ဝေသည်။



SPORTS VIEW JOURNAL



- အီတလီနှင်းဖုံးဒေသမှာ ကျင်းပမဲ့ ၂၀၂၆ ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ။
- ပြည်တွင်းအားကစားသတင်းများ။
- တစ်ပတ်အတွင်းကစားမည့်ပွဲစဉ်များနှင့် အချိန်များ။
- "ကိုယ့်အလုပ်ကိုပဲ နှိမ့်ချမှုရှိစွာနဲ့ အာရုံစိုက်လုပ်ဆောင်ခဲ့တယ်"ဆိုတဲ့ အမေရိကန်အမျိုးသမီးလက်ရွေးစင်တိုက်စစ်မှူးဟောင်း မီယာဟမ်းနှင့် အင်တာဗျူး။
- ပွဲစဉ်အလိုက်အမှတ်ပေးဇယား။
- ချန်ပီယံလိဂ်အရှုံးအတွက် ပရိသတ်တွေကို ပြန်ပေးဆပ်မဲ့ မန်စီးတီးကစားသမားတွေ။
- ဒဏ်ရာအိပ်မက်ဆိုးက နိုးထလာနိုင်ခဲ့တဲ့ ဂါဘရီရယ်ဂျီးဆပ်။
- ၂၀၂၅-၂၆ ရာသီ စပိန်လာလီဂါ ပွဲစဉ်(၂၂)နှင့် ပရီးမီးယားလိဂ် ပွဲစဉ်(၂၄) ပွဲစဉ်များအတွက် ကြိုတင်ခန့်မှန်းချက်။

ထွက်ပြီ

သတင်း၊ ဓာတ်ပုံ၊ ဆောင်းပါး
စုံစုံလင်လင်ဖြင့် အတွဲ (၁၅)၊ အမှတ် (၅)

ဖြန့်ချိရေး မြဝတီစာပေတိုက်(ဖုန်း–၀၉၃၂၄၉၈၇၂၄)


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အမျိုးသားစီမံကိန်းဝန်ကြီးဌာန
## ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
## နေပြည်တော်
## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါအမှုထမ်းရာထူးများအတွက် သတ်မှတ်ထားသောအရည်အချင်းပြည့်မီသူများ လျှောက်ထားနိုင်ပါသည်–

| စဉ် | ခန့်ထားမည့်ရာထူး/ လစာနှုန်း (ကျပ်) | ခန့်ထားမည့် ဦးရေ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | ကွန်ပျူတာလုပ်ဆောင်ရေးမှူး<br>၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၇)နေရာ<br>(ကျား/မ) | နည်းပညာတက္ကသိုလ်တို့မှ ကွန်ပျူတာဘာသာရပ်ဆိုင်ရာဘွဲ့ ရရှိသူနှင့် ကွန်ပျူတာတက္ကသိုလ်တို့မှ ဘွဲ့ရရှိသူ |
| (ခ) | စစ်ဆေးရေးမှူး(၂)<br>၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၆)နေရာ<br>(ကျား/ မ) | အင်ဂျင်နီယာဘွဲ့ရရှိသူ<br>B.E (Mechanical, Electrical, Electronics, Mechatronics, Civil, Information Technology) |
| (ဂ) | အငယ်တန်းအင်ဂျင်နီယာ(၂)<br>၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၂)နေရာ<br>(ကျား) | အင်ဂျင်နီယာဘွဲ့ရရှိသူ<br>B.E (Mechanical, Electrical, Electronics, Mechatronics) |

၂။ လျှောက်ထားသူသည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ၃၁-၁-၂၀၂၆ ရက်နေ့တွင် အသက်(၃၅) နှစ်ထက်မကျော်လွန်သူဖြစ်ရမည်၊
(ဂ) ရွေးချယ်ရာတွင် ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူဦးစားပေးမည်၊
(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊
(င) ရွေးချယ်ခြင်းခံရပါက ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနတွင် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူးနေရာများအတွက် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး ကွန်ပျူတာဒီပလိုမာ လက်မှတ်ရရှိသူများလည်းလျှောက်ထားနိုင်ပါသည်။

၄။ သတ်မှတ်ထားသောလျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။ သတ်မှတ်လျှောက်လွှာပုံစံကို ဤဝန်ကြီးဌာန၏ Website ဖြစ်သည့် www.monp.gov.mm တွင် Download ရယူ၍လည်းကောင်း၊ ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂-D)၊ နေပြည်တော်နှင့် သဇင်ရုံလမ်း၊ (၅) ရပ်ကွက်၊ မရမ်းကုန်း မြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီးရုံးတို့တွင် ရုံးချိန်အတွင်း အခမဲ့ လာရောက်ထုတ်ယူ၍လည်းကောင်း လျှောက်ထား နိုင်ပါသည်။

၅။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများပူးတွဲလျက် ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂-D)၊ နေပြည်တော်သို့ပေးပို့ရမည်–

(က) ငွေသွင်းချလန်(မူရင်း)၊
(ခ) ဘွဲ့လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်၊ စာမေးပွဲဖြေဆိုသည့်အခါ ဘွဲ့လက်မှတ် မူရင်းတင်ပြရန်)၊
(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ(သို့မဟုတ်) နောက်ဆုံး ပညာသင်ကြားခဲ့သည့် ကျောင်းထောက်ခံချက်၊
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊
(င) သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းတို့မှ လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း အကျင့်စာရိတ္တ ကောင်းမွန်ကြောင်းနှင့်ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်(မူရင်း)၊
(စ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်းရိုက်ကူးထားသော ရောင်စုံလိုင်စင်ဓာတ်ပုံ(၃)ပုံ (နောက်ကျောတွင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ဖော်ပြရန်)၊
(ဆ) ဝန်ထမ်းမဟုတ်သူများအတွက် သက်တမ်းရှိသောအလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ(ဖြေဆိုခွင့် ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြရန်)၊
(ဇ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ (၁)လအတွင်း ဆေးစစ်ထောက်ခံ ချက်မူရင်း။

၆။ စာမေးပွဲဝင်ကြေးကျပ်(၂၀၀၀/-)(ကျပ်နှစ်ထောင်တိတိ)ကို နီးစပ်ရာမြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ငွေစာရင်းအမှတ်၊ MD-010970 သို့ ပေးသွင်းရပါမည်။

၇။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂ – D)၊ နေပြည်တော်သို့လိပ်မူပြီး လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍သော်လည်းကောင်း ၂၇-၂-၂၀၂၆ ရက်(သောကြာနေ့)အရောက် နောက်ဆုံးထား၍လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသောလျှောက်လွှာများ၊ အချက်အလက်မပြည့်စုံသောလျှောက်လွှာ များ၊ သတ်မှတ်အရည်အချင်းနှင့် မကိုက်ညီသူများကို (လုံးဝ)လက်ခံထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၈။ ဝန်ထမ်းဖြစ်ပါက အပိုဒ်(၅)ပါ အထောက်အထားများပါရှိသောလျှောက်လွှာတစ်စောင်ကို မိမိတာဝန် ထမ်းဆောင်နေသည့် ဌာနအကြီးအကဲထောက်ခံချက်၊ ဌာနဆိုင်ရာပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း တို့ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ဤဦးစီးဌာနသို့ ၂၇-၂-၂၀၂၆ ရက်(သောကြာနေ့)နောက်ဆုံးထားပေးပို့ ရန်ဖြစ်ပြီး ကြိုတင်လျှောက်လွှာမိတ္တူ (၁)စောင်ကို ဤဦးစီးဌာနသို့ တိုက်ရိုက်ပေးပို့ရန်ဖြစ်ပါသည်။

၉။ ရေးဖြေစာမေးပွဲကို ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂– D)၊ နေပြည်တော် တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး **မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ၊ ကွန်ပျူတာ**ဘာသာရပ်များအား စစ်ဆေးသွားမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲကျင်းပပြုလုပ်မည့် ရက်စွဲ၊ အချိန်၊ နေရာနှင့် စာမေးပွဲဖြေဆိုရန်အတွက် ဖြေဆိုခွင့်ရရှိသူ အမည်စာရင်း၊ ခုံအမှတ်ကို အမျိုးသားစီမံကိန်းဝန်ကြီးဌာန၏ Website ဖြစ်သော www.monp.gov.mm အောက်ရှိ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန Web Page တွင် ကြေညာပေးသွားမည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂-D)၊ နေပြည်တော်၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၀၆၃၂၂၊ ၀၆၇-၃၄၀၆၁၁၆၊ ၀၆၇-၃၄၀၆၀၈၈ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။


**ပညာဘဏ်တိုက်**
**စာကြည့်တိုက်**

**ပျောက်ဆုံးကြောင်း**
မဖလီးစတာ(ဘ)ဦးကျော်ဦး ၂/ဒမဆ(နိုင်)၀၃၃၇၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
နန္ဒဝင်းကျော်(ဘ)ဦးသောင်းကျော် ၁၂/တတန(နိုင်)၀၅၉၃၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်နေ မောင်ဟိန်းထက်သူ(ဘ)ဦးမျိုးသူ ၉/ဇယသ(နိုင်)၀၀၅၆၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MMH 133923)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉-၂၆၃၈၃၇၇၇၈

**ပျောက်ဆုံးကြောင်း**
တာမိုးညဲမြို့၊ ရပ်ကွက်(၂)နေ မဖန်ချင်ဖိန်း(ဘ)ဦးဖန်ချောက်ဖိန်း ၁၃/ကခန(နိုင်)၁၂၇၈၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်( မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉-၂၅၄၃၅၅၀၂၇

**ပျောက်ဆုံးကြောင်း**
ဇင်ဇင်ယု(ဘ)ဦးထွန်းမြင့် ၁၂/သလန(နိုင်)၁၈၂၀၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉-၆၆၂၄၅၆၀၉၆

**ပျောက်ဆုံးကြောင်း**
တင်မင်းမင်းမိုး(ဘ)ဦးကျိုကျကွမ် ၁၃/မတတ(ပြု)၀၀၀၀၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 342859)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဒိုက်ဦးမြို့၊ မင်္ဂလွန်းရွာနေ သန်းမော်လွင်(ဘ)ဦးသန်းစိုး ၇/ဒဥန(နိုင်)၁၈၅၅၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉-၇၈၄၀၆၄၆၆၇

**ပျောက်ဆုံးကြောင်း**
ဝေါမြို့၊ အေးချမ်းသာယာရပ်ကွက်နေ မင်းမင်းလတ်(ဘ)ဦးကြီးမြင့် ၇/ဝမန(နိုင်)၁၂၉၂၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉-၇၇၀၄၀၅၄၄၅

**ပျောက်ဆုံးကြောင်း**
သိန်းခိုင်(ဘ)ဦးခင်မောင်အေး ၁၂/သဃက(နိုင်)၁၆၄၁၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 186929)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ချယ်ရီနှင်းပွင့်(ဘ)ဦးအောင်ဇော်ဝင်း ၇/ပမန(နိုင်)၁၉၃၁၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
စန္ဒာလင်း(ဘ)ဦးမြင့်အောင် ၇/သနပ(နိုင်)၁၈၄၁၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ရွှောက်လုံ(ဘ)ဦးတွမ်တန်ကွေ ၁၃/လရန(နိုင်)၁၀၃၆၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 217266)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉-၄၄၃၁၆၆၈၅၁

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

## (၈၃) ကြိမ်မြောက် ကျပ်(၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီပေါက်စဉ် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့

### အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

ည - ၇၉၉၄၈၀

### အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆုများ

ဍ - ၃၄၉၀၇၈　　င - ၈၈၈၄၆၅

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆုများ

ဎ - ၁၂၂၉၀၆　　ဎ - ၉၂၆၆၂၃
ဎ - ၂၁၂၆၄၂

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀၀) ဆုများ

| | |
|---|---|
| ဌ - ၁၁၀၀၅၇ | ဆ - ၄၁၉၄၃၄ |
| ဃ - ၁၁၄၂၆၆ | ဆ - ၆၇၂၁၉၉ |
| ဎ - ၂၂၁၇၅၇ | က - ၇၅၃၇၁၈ |
| စ - ၂၇၈၂၅၁ | ဇ - ၈၁၆၆၆၂ |
| ဇ - ၄၁၄၃၉၄ | င - ၉၅၇၆၂၄ |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀၀) ဆုများ

| | | |
|---|---|---|
| ဂ - ၂၂၇၉၂၃ | ဎ - ၇၀၉၃၃၄ | စ - ၈၃၉၅၃၇ |
| ဍ - ၂၅၁၈၉၀ | ဍ - ၇၅၁၉၁၂ | ဍ - ၈၈၂၂၇၇ |
| ည - ၂၈၆၈၇၃ | င - ၇၆၄၇၀၉ | ဆ - ၉၂၇၅၇၅ |
| ဍ - ၄၈၈၄၉၈ | ဍ - ၇၉၀၇၇၇ | က - ၉၉၄၈၁၈ |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀) ဆုများ

| | | |
|---|---|---|
| ဈ - ၁၃၈၀၂၀ | စ - ၃၄၆၆၃၃ | ခ - ၇၃၀၆၉၃ |
| ဎ - ၂၂၅၁၃၅ | င - ၃၅၀၅၂၉ | ဎ - ၈၀၅၆၆၈ |
| ဂ - ၂၃၅၆၈၄ | ည - ၄၃၀၂၄၃ | ဂ - ၈၇၉၈၀၃ |
| ဌ - ၂၅၆၂၅၄ | င - ၆၄၆၂၁၁ | က - ၉၉၆၄၄၅ |
| ည - ၂၉၇၁၉၃ | င - ၆၉၃၂၈၃ | |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀) ဆုများ

| | |
|---|---|
| က - ၁၀၂၀၇၈ | က - ၄၃၄၂၈၅ |
| ဂ - ၁၅၇၂၆၀ | ဎ - ၄၅၈၉၃၆ |
| ဎ - ၁၇၂၂၂၅ | ဌ - ၆၂၆၂၄၅ |
| ဈ - ၁၉၈၉၃၃ | ဂ - ၆၉၃၉၉၂ |
| စ - ၃၀၀၄၁၅ | ဇ - ၇၂၆၅၂၈ |
| ဇ - ၃၃၀၉၀၇ | ဌ - ၉၂၃၄၆၈ |
| ခ - ၄၀၆၉၄၆ | ဎ - ၉၄၁၆၄၂ |
| င - ၄၂၀၀၄၆ | ဇ - ၉၇၉၂၁၃ |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀) ဆုများ

| | | |
|---|---|---|
| စ - ၁၄၁၇၉၉ | က - ၄၂၉၃၃၄ | ဆ - ၉၀၂၀၁၈ |
| ဎ - ၁၈၀၂၀၂ | ဌ - ၄၃၆၀၉၇ | ဇ - ၉၀၇၈၉၀ |
| ဇ - ၁၉၅၀၃၆ | ဈ - ၄၆၀၁၀၄ | ဇ - ၉၂၅၂၅၈ |
| က - ၂၂၇၀၁၅ | ဂ - ၅၃၁၄၃၆ | ခ - ၉၃၆၅၀၇ |
| ခ - ၂၅၆၉၂၀ | ဎ - ၅၅၅၈၆၅ | ည - ၉၆၄၂၃၀ |
| ဃ - ၂၆၉၉၀၃ | ဌ - ၇၁၄၁၁၁ | စ - ၉၈၆၁၀၁ |
| က - ၃၇၈၉၃၁ | ခ - ၇၂၃၄၀၀ | |
| င - ၄၂၉၃၂၄ | ဎ - ၇၄၄၄၅၂ | |

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

| | | | |
|---|---|---|---|
| ဂ - ၁၁၁၀၈၀ | ဌ - ၃၃၈၆၉၆ | ဈ - ၅၃၀၂၇၄ | ဂ - ၈၂၃၇၀၂ |
| ဂ - ၁၄၈၈၃၂ | ဆ - ၄၀၁၂၀၈ | ဍ - ၆၉၃၀၅၄ | က - ၉၀၆၅၁၃ |
| ဃ - ၁၅၃၈၀၁ | ဆ - ၄၀၄၉၈၂ | စ - ၆၉၅၆၃၅ | ည - ၉၁၀၇၃၁ |
| ဃ - ၁၅၄၆၈၃ | ဎ - ၄၂၆၂၃၄ | စ - ၇၁၈၅၅၈ | ဍ - ၉၉၁၅၈၁ |
| ဆ - ၁၉၉၉၃၅ | ဇ - ၄၄၄၇၆၁ | ဇ - ၇၃၁၀၁၅ | ဇ - ၉၈၇၅၅၁ |
| က - ၂၁၅၀၄၀ | ည - ၄၄၇၇၀၂ | က - ၇၆၃၈၆၁ | |
| ဂ - ၂၉၈၁၄၅ | ဈ - ၄၆၉၃၁၃ | ဂ - ၇၉၆၃၉၄ | |

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၅) ယူနစ်

| | |
|---|---|
| ဍ - ၂၆၂၁၂ | ဎ - ၅၄၇၀၇ |
| ခ - ၃၃၀၇၁ | ဃ - ၇၀၂၅၈ |
| ဍ - ၄၃၇၃၀ | |

အက္ခရာနှင့် ရှေ့ဂဏန်း (၅) လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၁၀) ယူနစ်

| | |
|---|---|
| ဎ - ၁၂၇၆ | ဎ - ၇၃၀၁ |
| ဇ - ၂၀၄၇ | ည - ၇၇၆၃ |
| ဈ - ၃၅၉၅ | ည - ၇၈၆၃ |
| င - ၄၃၄၈ | ည - ၈၁၄၀ |
| ဎ - ၆၀၇၆ | ည - ၈၆၀၆ |

အက္ခရာနှင့် ရှေ့ဂဏန်း (၄) လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ (၁၀) ယူနစ်

| | | |
|---|---|---|
| ဂ - ၁၁၅ | ဇ - ၅၃၈ | ဍ - ၇၂၆ |
| ဆ - ၂၁၄ | ဍ - ၅၅၀ | ဇ - ၈၄၇ |
| ဌ - ၂၁၈ | ဃ - ၅၅၆ | |
| ဌ - ၄၇၃ | စ - ၆၉၃ | |

အက္ခရာနှင့် ရှေ့ဂဏန်း (၃) လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ (၆) ယူနစ်

| | | |
|---|---|---|
| ဇ - ၁၅ | ည - ၂၁ | ခ - ၄၂ |
| ည - ၂၁ | ည - ၂၁ | ဃ - ၅၇ |

အက္ခရာနှင့် ရှေ့ဂဏန်း (၂) လုံး အစဉ်လိုက်တူ – ကျပ်(၅)သောင်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု (၁) ယူနစ်

ဆ - ၈

အက္ခရာနှင့် ရှေ့ဂဏန်း (၁) လုံး အစဉ်လိုက်တူ – ကျပ်(၁)သောင်း

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည်ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

| | |
|---|---|
| ဈ - ၁၃၂၇၉၇ | င - ၄၅၁၆၇၃ |
| င - ၁၇၃၆၄၁ | ည - ၉၃၉၅၄၃ |

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၂) ယူနစ်

ဍ - ၃၀၅၄၆　　စ - ၄၆၃၀၁

အက္ခရာနှင့် ရှေ့ဂဏန်း (၅) လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၂) ယူနစ်

ည - ၂၇၂၈
ဆ - ၇၃၂၈

အက္ခရာနှင့် ရှေ့ဂဏန်း (၄) လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ (၂) ယူနစ်

ဂ - ၂၄၁
ခ - ၃၅၂

အက္ခရာနှင့် ရှေ့ဂဏန်း (၃) လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

၁။ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့တွင်ကျင်းပသည့် (၈၃) ကြိမ်မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ (၁၇၃၃၈၀) ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်းကံထူးရှင် (၁၇၃၃၈၀) ဦးဖြစ်ပါသည်။

၂။ ၂၀၁၆ ခုနှစ် မတ်လ (၁) ရက်နေ့တွင်ဖွင့်လှစ်မည့် (၈၄) ကြိမ်မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့်အက္ခရာများမှာ (က) အက္ခရာမှ (ဍ) အက္ခရာထိ အက္ခရာ (၁၃) လုံးဖြစ်ပါသည်။

၃။ (၈၃)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဆုမဲများအနက် ကျပ် (၁၀) သိန်းနှင့်အထက်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၂-၂-၂၀၁၆) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၁၁-၂-၂၀၁၆) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

၄။ ယခု (၈၃) ကြိမ်မြောက်တွင် ဝေဝေဆာဆာပဒေသာဆုမဲများ (ယူနစ်) မှ ကျပ်ငါးသောင်းဆုတွင် ပေါက်မဲနံပါတ်မှာ ည-၂၁ ဖြင့် (၃)ကြိမ်ထွက်ပေါ်လာပါသဖြင့် ကံထူးသူသည် ကျပ် ၁၅၀၀၀၀/- ရရှိမည်ဖြစ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းဆုထီပေါက်စဉ်အား www.ird.gov. mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
AIBA


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar


အင်္ဂလန်နိုင်ငံ International Brewing Awards၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
DAGON
LEMON
AIBA
2016
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


ထာဝရလှပသော အပြုံးအတွက်
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013
DENTOMEC
Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DENTOMEC

❖ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်နှင့် တည်ငြိမ်အေးချမ်းရေးအတွက် အဆိုပါနိုင်ငံတွင်ရှိသည့် ပြည်သူတစ်ဦးချင်းစီသည် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်ဗဟုသုတ ပြည့်ဝရန်လို. . .

❖ အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေသည့်အချိန်တွင် တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် အရာရာကို စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် အမှားအမှန်ကိုခွဲခြားသိရှိပြီး နိုင်ငံနှင့်လူမျိုးကောင်းကျိုးများကို သယ်ပိုးဆောင်ရွက်နိုင်ကြရန်အရေးကြီး. . .

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ပြုလုပ်သောတနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ရှိ မြို့တော်ခန်းမအဆောက်အအုံသစ်တွင် ပြုလုပ်သောပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်



နေပြည်တော် ဖေဖော်ဝါရီ ၁

စဉ့်ကိုင်မြို့နယ် ညှော့ပြကျေးရွာအုပ်စုရှိ ကျွန်းဦးကျေးရွာနှင့် ညောင်ပင်သာကျေးရွာများမှ တောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်နေကြသော်လည်း ရာသီဥတုဖောက်ပြန်ခြင်း၊ မိုးရွာသွန်းမှုမမှန်ခြင်းနှင့် မိုးခေါင်ခြင်းတို့ကြောင့် နှစ်စဉ် မိုးတစ်သီးသာစိုက်ပျိုးနိုင်ခဲ့ပြီး ဖြစ်ထွန်းအောင်မြင်မှုမရှိခြင်း၊ မကြာခဏပျက်စီးဆုံးရှုံးခြင်း၊ သီးနှံအထွက်နှုန်းကျဆင်းခြင်း စသည့်အခက်အခဲများနှင့် ရင်ဆိုင်နေကြရမှုအပေါ် ဖြေရှင်းပေးနိုင်ရေး၊ တောင်သူများ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် နိုင်ငံတော်အစိုးရ၏ စီမံလမ်းညွှန်မှုဖြင့် နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်နှင့်

စာမျက်နှာ ၁၆ ကော်လံ ၁ ▲

## ဆောင်းပါး



**ယဉ်ကျေးမှုအမွေအနှစ်များဖြင့် ဂုဏ်ယူဝင့်ကြွားဖို့ ရေဝပ်ဒေသများနှင့် ရိုးရာအသိပညာများ ထိန်းသိမ်းစို့**

စာ - ၁၂ သို့

## မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၆ ခုနှစ်တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့်ကျောင်းသား၊ ကျောင်းသူများအတွက် အထောက်အကူပြုစေရန် မြန်မာစာဘာသာရပ်ဆိုင်ရာသိကောင်းစရာများကို ယနေ့ထုတ်မြဝတီသတင်းစာ စာမျက်နှာ (၂၄) နှင့် (၂၅) တွင် ဖော်ပြထားပါသည်။

# မိုးညှင်းမြို့နယ် စည်ပင်သာယာ(မြို့မ)ဈေး၌ မီးငြိမ်းသတ်ရေးသဏ္ဌာန်တူ သရုပ်ပြဇာတ်တိုက်လေ့ကျင့်



မိုးညှင်း ဖေဖော်ဝါရီ ၁

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်စည်ပင်သာယာ(မြို့မ)ဈေး၌ ခရိုင်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်ရေးသဏ္ဌာန်တူသရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပူပြင်းခြောက်သွေ့သော ပွင့်လင်းရာသီသို့ရောက်ရှိလာပြီဖြစ်သဖြင့် ၎င်းဈေးအတွင်း၌ အရေးပေါ်အချိန်အတွင်း **စာမျက်နှာ ၂၆ ကော်လံ ၄** ■

## ၁-၂-၂၀၂၆ ထူးခြားသည့်ညအပူချိန်များ

| | | | | |
|---|---|---|---|---|
| ဟားခါး | ၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မိုင်းယန်း | ၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဟဲဟိုး | ၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| လွိုင်လင် | ၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| လားရှိုး | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| နမ့်စန် | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| (ရှမ်းပြည်နယ်တောင်ပိုင်း) | | | | |
| တီးတိန် | ၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

## တနင်္ဂနွေနေ့ဘောလုံးပွဲရလဒ်များ

**အင်္ဂလန်ပရီးမီးယားလိဂ်**

| | |
|---|---|
| ချဲလ်ဆီး | ၃ - ၂ ဝက်စ်ဟမ်း |
| လီဗာပူး | ၄ - ၁ နယူးကာဆယ် |
| ဗီလာ | ၀ - ၁ ဘရန့်ဖို့ |
| မန်ယူ | ၃ - ၂ ဖူဟမ် |
| နော့တင်ဟမ် | ၁ - ၁ ပဲလေ့ |
| စပါး | ၂ - ၂ မန်စီးတီး |

**စပိန်လာလီဂါ**

| | |
|---|---|
| အယ်ချီ | ၁-၃ ဘာစီလိုနာ |
| လီဗန်တေး | ၀-၀ အက်သလက်တီကို |
| ရီးရဲလ် | ၂-၁ ဗယ်လက်ကာနို |



အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563